www.burmeseclassic.com

ရွှေပဒေသာစာပေ

# အလင်းသစ်

လမ်း




(အချစ်လုံးချင်းဝတ္ထုသစ်)

www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

ပုံနှိပ်ထုတ်ဝေခြင်း – ပထမအကြိမ်၊
၂၀၁၅၊ ဩဂုတ်လ။
ထုတ်ဝေသူ – ဦးအေးလွင် (၀၄၁၅၂)
ရွှေပဒေသာစာပေတိုက်
အမှတ် (၃၃)၊ ကျီတော်လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။
မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ – ဦးအေးလွင် (၀၈၂၁၀)
ရွှေပဒေသာအော့ဖ်ဆက်
အမှတ် ၃၃၊ ကျီတော်လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။
ဖြန့်ဈေး – ၁၂၀၀ ကျပ်
အုပ်ရေ – ၅၀၀ အုပ်

၈၉၅ . ၈၃
အလင်းသစ်
လမ်း / အလင်းသစ် – ရန်ကုန်၊
ရွှေပဒေသာစာပေ ၊ ၂၀၁၅ ။
၂၈၈ – စာ ၊ ၁၂ . ၃ × ၁၈ စင်တီ။
(၁) လမ်း

BURMESE CLASSIC

# အလင်းသစ်

# လမ်း

www.burmeseclassic.com

www.burmeseclassic.com

နင်က ဒီကောင့်ကိုမှ ယောက်ျားလို့ထင်နေသလား နေကြာပန်း … ဟင်။ ရုပ်ကလေးပန်းပြီး ငါ့သမီးကို ချူစားချင်တဲ့ကောင်။ တူနှစ်ကိုယ် တဲအိုပျက်မှာ ထမင်းရည်ပဲအတူ သောက်ရ သောက်ရဆိုပြီး နင် မိုက်လုံးကြီးလို့ကတော့ နင်တို့နှစ်ယောက် သချိုင်းရောက်မှပဲ အရိုးစုတွေ ကောက်စားကြ။ ဘယ့်နှယ်ကွာ မိဘက စွန့်ပစ်ထားလို့ ဘယ်မျိုးရိုးဗီဇက ဆင်းသက်လာမှန်းမသိတဲ့ကောင်။ ဒါကို နင်က ထန်းလျက်ခဲပြု ခေါ်တိုင်းလိုက်ဖို့ ကြိုးစားနေသလား ခွေးမရဲ့!

ဦးမောင်ကို

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

ဟုတ်တယ်...

ကျွန်တော့်မှာ ပစ္စည်းမချမ်းသာတာတော့ မှန်ပါတယ်။ ဒါပေမဲ့...နေကြာကိုချစ်တဲ့အချစ်နဲ့ စာရိတ္တတော့ ချမ်းသာပါတယ်ဦး။ လူတစ်ယောက်ရဲ့ အပေါ်ယံအလွှာပဲကြည့်ပြီး မဆုံးဖြတ်ပါနဲ့ဗျ။ လူတစ်ယောက်ရဲ့ အရည်အချင်းကို ဖရဲသီးလို ဓွန်းဖင်နဲ့ ထိုးဖောက်ပြီး စမ်းပြလို့ ရတာမှ မဟုတ်တာ။

လမ်း

www.burmeseclassic.com

www.burmeseclassic.com

နင်သိလား လမ်း။ လမသာပေမယ့် ညက ညပဲဖြစ်နေမှာ ပေမယ့် လရဲ့ဘဝမှာတော့ ညမရှိလို့ မဖြစ်ဘူးလေ။ အဲဒီလို ပဲ ငါက လဖြစ်ပြီး နင်က ညပါ လမ်းရယ်။ ငါ့ဘဝမှာ နင်မရှိလို့ မဖြစ်ဘူး။ နင်နဲ့ပတ်သက်လာရင် ဘယ်လိုအကွ မျိုးတွေကိုပဲ ရင်ဆိုင်ရ ရင်ဆိုင်ရ ငါ ရင်ဆိုင်ဖို့ အသင့် ပါ။ အဲဒီလောက်အထိ နင့်ကို ငါ ချစ်ခဲ့တယ်ဆိုတာ ယုံပေး ပါ လမ်းရယ်. . .နော်။

နေကြာပန်း

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁)

"အူဝဲ အူဝဲ အူဝဲ"

"ဟာ"

"အူဝဲ အူဝဲ အူဝဲ"

"အမယ်လေး"

ညအချိန်မတော်မှာ လရောင်နဲ့ဆို ပိုကြောက်တတ်တဲ့ ကိုတင့် ကျောချမ်းသွားလေ၏။ မှောင်မိုက်နေတာဆိုလျှင် ကိုယ့်သွားမယ့် လမ်းတင် လက်နှိပ်ဓာတ်မီးနဲ့ ထိုးကြည့်သွားတော့ ပတ်ဝန်းကျင်ကို ဘာမှမမြင်ရဘူးလေ။ အဲဒါကတော်သေးတာပေါ့။ လရောင်နဲ့ဆိုရင် ဘာပဲဖြစ်ဖြစ် ရိုးတိုးရိပ်တိပ် မြင်နေရတာကိုပဲ သူကြောက်တာ။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ဒီပတ်ဝန်းကျင်က စရိုက်ကြမ်းပါဘိသနဲ့၊ ဟိုတစ်ခါလည်း ပြောသံကြားလိုက်ပါတယ်။ သစ်ခုတ်တဲ့ကောင်တစ်ယောက် သူ့ရွာကိုအပြန် ဒီနေရာမှာ မိန်းမတစ်ယောက်ကို တွေ့လို့တဲ့၊ လရောင်နဲ့ဆိုတော့ အဲဒီကောင်က တကယ်လူလို့ထင်တာတဲ့လေ။ ကျွန်မလမ်းမသိလို့ လမ်းတစ်ချက်လောက် ညွှန်ပြပေးပါဆိုလို့ လမ်းညွှန်ပေးလိုက်တာနဲ့ ပြန်ပျောက်သွားတာဆိုလားပါပဲ။

အခု ကလေးငိုသံကြောင့် ခင်စောက ခြေလှမ်းတွေရပ်ကာ နားစွင့်နေတာကိုပဲ သူက ကြောက်လန့်စွာနဲ့ လှူချင်းပူးကပ်ကာ . . .

"သွားလေ အစောရဲ့၊ ဘာလုပ်နေတာလဲ"

"ကလေးငိုသံကြားလို့ပါ ကိုတင့်ရဲ့"

"ငါလည်း ကြားတာပဲလေ၊ ဒါပေမဲ့ . . . ဒီနေရာရဲ့အကြောင်းကို နင်သိရဲ့သားနဲ့ဟာ"

"သိတော့ သိပါတယ်၊ ဒါပေမဲ့"

"ဘာမှ ဒါပေမမဲ့နဲ့၊ ကိုယ့်လမ်းကိုယ်သွား။ ငါကျောချမ်းလာပြီဟ . . . ဟီး ဟီး"

"ရှင်ကလည်း ယောကျ်ားဖြစ်ပြီးတော့ ဒီလောက်ကြောက်နေရသလား။ ကျွန်မကြောက်ဖို့လည်း ထားပါဦး"

"ဘာဆိုင်လို့လဲ၊ ယောကျ်ားက ယောကျ်ား ကြောက်တာက





ကြောက်တာပဲ။ ကဲ . . . သွားစမ်းပါဟာ"

သွားစမ်းပါဆိုတဲ့ ကိုတင့်မှာ သစ်ရောင်းလို့ရတဲ့ ပိုက်ဆံလေးတွေကို အကျႌအိတ်ထဲကနေ တစ်ယောက်ယောက် နှိုက်ယူသွားမှာစိုးသည့်အလား လက်နှင့်ဖိထားမိသည်။ ပြောလို့မရဘူးလေ။ ဒီနေရာမှာ ဟိုတစ်လောကပဲ သစ်ရောင်းပြီးပြန်လာတဲ့ လင်မယားနှစ်ယောက် ကလေးလေးပါ သုံးယောက်စလုံး အသတ်ခံလိုက်ရတာ။ လူကိုသတ်ပြီး ပိုက်ဆံတွေယူသွားတာတဲ့။

အမှုပေါ်တာကနောက်မှ လောလောဆယ်က ကိုယ့်အသက်အရင်ပေးရတာမျိုး အဖြစ်မခံနိုင်ပေ။ ရောက်နေတဲ့နေရာကိုကြည့်ဦး။ တောထဲတောင်ထဲပဲလေ။ သစ်ပင် ဝါးပင်တွေက အုံ့အုံ့ဆိုင်းဆိုင်းနဲ့ ချောင်းထဲမှာ ကျောက်တုံးကျို ကျောက်တုံးကြားမှာ သွားနေရတာ။ လူကလည်းပြတ်။ ကလေးငိုသံက ဟိုတစ်ခါ အသတ်ခံရတဲ့ကလေးပဲ ဖြစ်မှာပေါ့။ အစိမ်းသေ သေကြပါတယ်ဆိုမှ ဘယ်လိုလုပ်ပြီး ကျွတ်ကြပါ့မလဲ။

"အူဝဲ အူဝဲ အူဝဲ"

"ဟော"

"အူဝဲ"

"အမယ်လေး . . . ဟီး ဟီး"



www.burmeseclassic.com

www.burmeseclassic.com



ခင်စော ခြေလှမ်းတွေရပ်သွားလေလျှင် ...

"သွားလေ အစောရဲ့ ... ငါ ကြောက်ပါတယ်ဆိုမှ"

"ရှင် ဘယ်လိုဖြစ်နေတာလဲ ကိုတင့်။ ကလေးငိုသံ ဒီလောက်ကြားနေရတာ သရဲခြောက်တာတော့ ဘယ်လိုမှမဖြစ်နိုင်ဘူး။ ကျွန်မ သွားကြည့်မယ်"

"ဟာ ... မလုပ်ပါနဲ့မိန်းမရာ။ ဟိုတစ်ခါ အသတ်ခံရတာ ကလေးပါ,ပါမှန်း မင်း သိရဲ့သားနဲ့။ တော်ကြာ ... မှင်စာလေးဖြစ်နေရင် ဘယ်လိုလုပ်မလဲဟ"

"ဖြစ်ဖြစ် ... လာလိုက်ခဲ့"

"ဟာမ် ... ငါ လိုက်ရမယ်"

"ဟုတ်တယ်၊ ပြောတော့ ရှင်ပဲ ကျွန်မကို ချစ်တယ်ဆို"

"ချစ်တာနဲ့ ဘာဆိုင်လို့လဲ"

"အေးအတူ ပူအမျှပေါ့။ မလိုက်ဘူးလား လိုက်မှာလား ဒါပဲပြော"

"အေးပါ ... ငါလိုက်ရတော့မှာပေါ့"

ဇနီးဖြစ်သူ ရှေ့မှသွားတော့ ကိုတင့် ကြောက်ကြောက်နှင့်ပဲ လိုက်ခဲ့ရသည်။ လသာနေတယ်ဆိုပေမယ့် သစ်ပင်တွေရဲ့ အုံ့ဆိုင်းမှုကြောင့် မှောင်နေသဖြင့် လက်နှိပ်ဓာတ်မီးနဲ့ပဲ ကလေးငိုသံကြားရာကို





မှန်း၍ လိုက်ထိုးကြည့်နေရသည်။ ကျောက်တုံးတွေကြားမှာမို့ ...

"အစော ... လဲမယ်နော်"

"အင်းပါ"

"အူဝဲ အူဝဲ"

"ဟော"

"အူဝဲ အူဝဲ"

"ဒီအပေါ်က ကိုတင့်ရဲ့"

"အေး ... ဟုတ်တယ်"

"အူဝဲ အူဝဲ"

မီးရောင်ကို နည်းနည်းရွှေ့လိုက်တော့ ...

"ဟိုမှာ ... ဟိုမှာ"

အစော အတင်းပဲ ပြေးသွားလိုက်မိ၏။ ချောင်းကမ်းပါးပေါ်မှာ အနှီးနှင့်ထုပ်ထားတဲ့ ကလေးပါ။ တော်သေးတာပေါ့ အချိန်မီတွေ့လို့။ မဟုတ်ရင် မတွေးရဲစရာပါပဲ။ အနှီးကလည်း ပုဆိုးစုတ်ကလေးပါ။ ငိုနေတဲ့နီတာရဲလေးကိုကြည့်ပြီး အစော ရင်နင့်သွားရလေ၏။ ပွေ့ချီဖို့ ပြင်လိုက်စဉ် ...

"အစော"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"မင် မှင်စာလေးဖြစ်နေဦးမယ်နော်၊ တော်ကြာ ချီလိုက်မှ လက်ထဲမှာ ကြီးကြီးလာပြီး . . . ဟီး ဟီး"

"ရှင်ကလည်း ရိုးရိုးပဲတွေးစမ်းပါ ကိုတင့်ရယ်။ ကလေးက လူ့အစစ်ပါရှင့်"

ပြောပြီး အစော ကလေးကိုပွေ့ချီပြီး ရင်ခွင်ထဲထည့်လိုက်တော့ ကလေးက အငိုတိတ်သွားလေ၏။ ကလေးမျက်နှာလေးကို ခါတ်မီးထိုးကြည့်မိရင်း စိုက်ကြည့်ကာ ရင်ထဲမှာ ခပ်နင့်နင့်ပါပဲ။ အခု သူ့လက်ကကလေးသူထည့်ပြီး ပါးစပ်နဲ့စုတ်နေတာ သနားစရာ။ မွေး ကင်းစ ဆိုပေမယ့် အခုမွေးပြီးပြီးချင်း စွန့်ပစ်တာတော့ မဖြစ်နိုင်ပေ

အနည်းငယ် တစ်ပတ်လောက်တော့ရှိရော့မည်ပေ့ါ။ လက် ကလေး စုပ်နေတာ သနားစရာလေးပါလား။ ဘယ်လို မိခင်မျိုးက ဘယ်လိုအကြောင်းမျိုးကြောင့် စွန့်ပစ်ခဲ့ပါလိမ့်။ ရက်စက်လိုက်ကြ တာ။ လင်ကောင်မပေါ်ဘဲ မွေးတောင် ကိုယ့်စိတ်မျိုးဆိုရင် ဒီလိုစွန့်ပ် ရက်မှာ မဟုတ်ပေ။ ရင်ထဲမှာ ဆို့နင့်သွားရပြီး မျက်ရည်လည်း ကျလာ ပြီး . . .

"ရက်စက်လိုက်ကြတာ၊ အပြစ်မဲ့တဲ့ကလေးကို ဘာလို့များ စွန့်ပစ်ခဲ့ကြပါလိမ့်၊ ကြည့်ပါဦး ကိုတင့်ရယ် . . . ကလေးလေး သနား စရာကောင်းလိုက်တာ"





ကိုတင့်လည်း ကလေးလေးကို ငုံ့ကြည့်ပြီး သနားသွားရ၏။ ဘယ်လိုလူ့စိတ်မရှိတဲ့ လူတွေက ဒီနေရာမှာမှ လာပြီး ကလေးကို စွန့်ပစ်ခဲ့ကြပါလိမ့်။

"တို့နဲ့တွေ့လို့တော်သေးတာပေ့ါ။ သားကောင်တွေနဲ့သာ တွေ့ရင်သွားပြီ"

"ဟုတ်တယ်နော်၊ လာပစ်ထားတာ မကြာသေးဘူးထင် တယ်"

"အခု တို့ ဘယ်လိုလုပ်ကြမလဲ အစော"

"ဘယ်လိုလုပ်ရမှာလဲကိုတင့်ရဲ့၊ ဒါ . . . ကျွန်မတို့နဲ့ ထိုက်လို့ ကျွန်မတို့ရတာလေ။ ကျွန်မတို့မှာလည်း သားသမီးမှမရတာ ဘာပဲ ဖြစ်ဖြစ် ကျွန်မမွေးမယ်"

"ဖြစ်ပါ့မလား အစောရဲ့"

"ဘာလို့မဖြစ်ရမှာလဲ ဖြစ်တယ်"

ပြောရင်း အစော ထရပ်လိုက်၏။ မိခင်စိတ်မရှိတဲ့သူတွေက စွန့်ပစ်ခဲ့ပေမယ့် သူမက မိခင်စိတ်ရှိတဲ့ မိန်းမလေ။ သူများတွေ သားသမီးနဲ့ ဆက်ဆံရေးကိုကြည့်ပြီး ပီတိဖြစ်ရပေမယ့် ကိုယ်ကရမှ မရနိုင်တာ။

"ကျွန်မ ဒီကလေးကို မွေးစားမယ် ကိုတင့်"



www.burmeseclassic.com

www.burmeseclassic.com



“မမွေးစားလို့ကလည်း မရတော့ဘူးလေ။ သူများ စွန့်ပစ်တိုင်း တို့ကမှ စွန့်မပစ်နိုင်တာ။ ပြီးတော့ တို့မှာက သားသမီးမရှိဘူးလေ။ ဒါ ... ဘုရားကပေးတဲ့ဆုပဲပေါ့”

“ဟုတ်တယ်၊ ဒါ ... ဘုရားကကျွန်မတို့ကို ပေးလိုက်တာပဲပေါ့”

“ဒါနဲ့”

“ဟင် ... ဘာလဲ”

“ကလေးက ယောက်ျားလေးလား မိန်းကလေးလား ကြည့်ပါဦး အစောရဲ့”

“ဩော် ... အင်း ဟုတ်သားပဲ။ နေဦး ... ကျွန်မကြည့်လိုက်ဦးမယ်”

ထွေးထားတဲ့အနှီးကို ဖြေကြည့်မလို့လုပ်ပြီးမှ ...

“ဒါနဲ့ ... ကိုတင့်”

“ဟေ”

“ရှင် ဘာလေးလိုချင်လဲ”

“အဟဲ ... သူများတွေပြောသလိုပဲပေါ့ဟာ၊ ကိုယ့်သားသမီး ဖြစ်လာမှတော့ ဘာလေးပဲဖြစ်ဖြစ် ချစ်ရမှာပေါ့၊ မဟုတ်ဘူးလား”

အစော နှုတ်ခမ်းလေး ပြုံးသွားလေ၏။ ကလေးကို ရင်ခွင်မှာ





ပိုက်ပြီး လိုက်လှဲမှုများက ရင်ထဲမှာအေးသလိုလို နွေးသလိုလိုပါပဲ။ သူမပေးချင်ခဲ့တဲ့ မိခင်တစ်ယောက်ရဲ့မေတ္တာတွေ အခုပေးခွင့်ကြုံပြီလေ။ သားသမီးဆိုတဲ့ ဆည်းလည်းလေးကြောင့် သူတို့အိမ်လေးရှေ့ဆို သာယာတော့မှာပါ။ ဒါ ... ဘုရားပေးတဲ့ဆုပါပဲ။

သားလေးလား သမီးလေးလားဆိုတဲ့ သိချင်စိတ်ကြောင့် အနှီးစလေးကို လှပ်ကြည့်လိုက်တော့ ...

“ဟယ် ... ကိုတင့်”

“အေး ... ဘာလေးလဲ”

“ယောက်ျားလေးရှင့် ... ယောက်ျားလေး”

“ဟေ ... ဟုတ်လား။ ဒါဆိုတို့”

“ဘာဖြစ်လဲ”

“ငါက သပိတ်ပိုက်၊ နင်က သင်္ကန်းတောင်းဆိုက်လို့ရတာပေါ့ဟ။ ကဲ ... ပြောနေကြတယ် ဘယ်သူမှမတွေ့ခင် တို့သွားကြရအောင်”

“ဩော် ကိုတင့်ရယ် ... မလိုချင်လို့ စွန့်ပစ်ခဲ့မှတော့ ဘယ်သူက လာတားနေမှာလဲရှင်။ သူများတွေ့တော့ရော ဘယ်သူက လုမွေးမှာမှတ်လို့”

“ဟုတ်တော့ ဟုတ်ပါတယ်။ ဒါပေမဲ့ ... တောထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



ဒီအချိန်ကြီးဆိုတော့ ကြာရင် ကလေးအတွက် မကောင်းဘူးဟ။ နှင်နဲ့ဆို ကျောက်တုံးကြားမှာ လဲနေဦးမယ်။ ပေး . . . ငါပဲ ချီလာခဲ့မယ် အစော''

စောစောက ကြောက်တတ်သော စိတ်တို့သည် အခုတော့ မီးခိုးများလို ပြယ်ပျောက်သွားတာ သားသမီးလို့ခံယူလိုက်တာနှင့် အရာအားလုံးကို ရင်ဆိုင်ချင်မိသွားတဲ့ ဖခင်စိတ်ကြောင့်ဆိုတာ။



## အခန်း (၂)

♫ မေရယ် မေရယ် ××× ကျော်တော့လှေသူကြီးပါကွယ် ညားတော့လည်း လှေထိုးသားနဲ့ရယ် ××× မမြင်ချင်ယောင်ဆောင်ကာရယ် ××× ရှောင်ဖယ်သလို သူ့ခွာတယ် ××× တကယ်တော့လေ မေရယ် ××× ငါ့ရည်းစား သူ့များနဲ့ညားပြီကွယ် ××× အို အေ အေ ♫

ရင်ခွင်ထဲကကလေးသည် ပထမတော့ မျက်လုံးလေးကစားကြည့် ဒီကြည့်ကြည့်နေရင်း နောက်တော့ ကိုတင့်က သီချင်းဆိုရင်း လှုပ်ပေးတော့ အိပ်သွားလေသည်။ သူတို့နဲ့တွေ့စဉ်က ရင်ခွင်မဲ့နေလို့ ရှူးရှူးဝါးဝါး ငိုခဲ့သလောက် အခုတော့ သိပ်မငိုပေ။ ဗိုက်ဆာရင်ငိုပြီး



www.burmeseclassic.com

www.burmeseclassic.com



နို့ဘူးဖျော်တိုက်လိုက်ရင် တိတ်သွားတာပါပဲ။ အကျိုးပေးတယ်လို့ ပဲ ခေါ်ရမလား။

နောက်တော့ အပြုံးမျက်နှာနှင့် ရေပ်သီးထောင်းနေတဲ့ ဖိုး ဖြစ်သူကို ကိုတင့် လှည့်ကြည့်လိုက်ကာ . . .

"အစော"

". . . . . . . . . ."

"ဟဲ့ . . . အစော"

"ရှင်"

"ရေပ်သီးထောင်းတာ ဖြည်းဖြည်းထောင်းပါဟာ၊ တော်ကြာ အဲဒီအသံကြောင့် ငါ့သား နိုးနေဦးမယ်"

"မနိုးပါဘူးရှင့်"

"နိုးရင် ဘယ်လိုလုပ်မလဲဟာ၊ ဖြည်းဖြည်းထောင်း"

အစောက ခင်ပွန်းကိုကြည့်ပြီး ပြုံးလိုက်မိ၏။ အစကတော့ သူပဲ မုင်စာလေး ဘာလေးနဲ့ ကြောက်ခဲ့တာလေ။ အခုကျတော့ လည်း သူပဲ ချစ်လိုက်တာတုန်လို့ပဲလေ။ အရင်က အိပ်ရာထပျင်းတဲ့ သူ။ အခုကျတော့ အအိပ်မက်လို့ မဖြစ်ဘူး။ သားအတွက် အလုပ် ပိုကြိုးစားရမယ်တဲ့လေ။ ရှုးတာတော့ သူရောကိုယ်ရော ရှုးခဲ့ကြတာပ ပဲ။





"သားလေးက အကျိုးပေးပါတယ် ကိုတင့်ရယ်။ တစ်ခါ တလေ ဗိုက်ဆာလို့သာငိုတာ။ မဟုတ်ရင် ကလေးရှိမှန်းတောင် လူတိုင်းမသိလောက်ဘူး"

"အေး . . . ဟုတ်တယ်ဟ"

"ခုရော အိပ်သွားပြီမို့လား"

"ဟုတ်တယ်၊ ဒီလောက်အေးတဲ့ကောင်၊ သူ့ကို ဖိုးအေးလို့ နာမည်ပေးရမယ်"

"မဟုတ်တာ ကိုတင့်ရယ်။ ကျွန်မသားကို တွေ့လေရာ နာမည် မပေးနိုင်ပါဘူးရှင်။ နေဦး ကျွန်မစဉ်းစားဦးမယ်"

လင်မယားနှစ်ယောက် ငြိမ်သက်စွာ စဉ်းစားနေကြပြီးမှ ကိုတင့်က . . .

"ငါသိပြီ"

"ဟင်"

"သားကို၊ တို့ သွားရင်းလာရင်း လမ်းမှာတွေ့တာဆိုတော့ လမ်းလို့ နာမည်ပေးမယ်ကွာ။ အဲဒါက ရိုးမလိုနဲ့ ဆန်းတယ်ဟ"

"အို . . . 'မ' သတ်လမ်းကြီးနဲ့တော့ မမှည့်ချင်ပါဘူးရှင်။ 'န' သတ်လန်းက ဆန်းတာရှင့်"

"နင်လည်း နင်ခေါ်ချင်သလိုခေါ်၊ ငါလည်း ငါခေါ်ချင်သလို



www.burmeseclassic.com

www.burmeseclassic.com



ခေါ်မယ်။ အဓိပ္ပာယ်ချင်းမတူပေမယ့် အသံထွက်ချင်းကတော့ အတူတူပဲ''

''ကျွန်မကတော့ ကျွန်မသားကို အမြဲတမ်းလန်းတဲ့ ပန်းကလေးဖြစ်စေချင်လို့ (န) သတ်လန်းပဲ''

''နှင်းသဘောပါ''

''အစောရေ''

''.........''

''အစော''

တဲရှေ့ကခေါ်သံကြောင့် အစောလည်ပင်းရှည်ကာ မျှော်ကြည့်လိုက်တော့ ပိုက်ဖုံးအကျီတကားကားနှင့် မြလေးပါ။ မြလေးက တောထဲမှာ ကုန်စုံဆိုင်တည်ပြီး ဈေးရောင်းနေသူလေ။ ဒီတောထဲမှာ ရှိနေတဲ့လူအားလုံးက ဟိုရွာဒီရွာမှ လူတွေ တောထဲမှာ သစ်ခုတ် ဝါးခုတ်နှင့် စီးပွားရှာရင်း ဒီမှာလာစုနေကြတာဖြစ်၏။

ရွာတွေမှာ အိမ်တွေရှိပါလျက်နှင့် ထားခဲ့ပြီး ဒီတောထဲမှာပဲ တဲဆောက်နေကြ၍ စီးပွားရှာနေကြတာပါ။ သစ်ခုတ်သူ၊ လွှသမား သစ်ကုန်ကူးသူ ဝါးကုန်ကူးသူတွေနှင့် ဈေးရောင်းသူတွေ တစ်နှစ်ထက်တစ်နှစ် ပိုများလာပြီး နွေဘက်ဆို ဒီလိုပဲ ဆုံကြ၊ မိုးတွင်းဘက်ဆို ကိုယ့်ရွာကိုယ်ပြန်ကြနှင့်ပေါ့လေ။





''အစော''

''ဩော် ... မြလေးပါလား လာလေ မြလေး''

''အမယ်လေး ... ခေါ်လိုက်ရတာ အစောရယ်''

''ငရုပ်သီးထောင်းသံနဲ့မို့လို့ မကြားဖြစ်သွားတာပါ မြလေးရဲ့။ လာ ... ထိုင်လေ''

''ထိုင်မနေတော့ပါဘူး။ တစ်လဆိုင်းနဲ့ယူထားတဲ့ ဆန်အိတ်ဖိုး ရက်စေ့လို့လာခဲ့တာ''

''ဩော် ... အစောသိပါတယ် မြလေးရဲ့။ ဒီညနေပဲ လာပေးမလို့ပါ၊ အခု မြလေးရောက်လာတော့ လာစရာမလိုတော့ဘူးပေါ့ ... ကိုတင့်''

''ဟေ''

''ရှင် မနေ့က သစ်ရောင်းရတဲ့ ပိုက်ဆံ ကျွန်မကို မအပ်သေးဘူးနော်''

''အပ်ရမလားဟ ... ငါ့အကျီအိတ်ထဲမှာရှိတာကို မင်း ဘယ်အချိန် နှိုက်ယူယူ ရနေတာပဲဥစ္စာ''

ကိုတင့် ဒီလိုပြောတော့ အစော ချက်ချင်းပဲ အနားကိုရောက်လာကာ ခင်ပွန်းအိတ်ထဲက ပိုက်ဆံတွေကို နှိုက်ယူပြီး ရေတွက်နေစဉ် ... မြလေးအကြည့်က ကိုတင့်ရင်ခွင်ထဲက ကလေးဆီသို့



www.burmeseclassic.com

www.burmeseclassic.com



ရောက်သွားလေ၏။

ဘယ်လိုမိဘမျိုးတွေက စွန့်ပစ်ခဲ့ပါလိမ့်။

ကိုယ်တွေဆိုရင် အခုရှိနေတဲ့ကိုယ်ဝန် တစ်ခုခုဖြစ်မှာစိုးရိမ်ပြီးတောင် ဆေးခန်းခဏခဏ သွားပြပြီး ကိုယ်တို့မြို့လေးက တိုက်နယ်ဆရာဝန်နဲ့တောင် ဗိုက်အပ်ထားခဲ့တာ။ ဒီကလေးကတော့ မွေးပြီးမှ စွန့်ပစ်ခံလိုက်ရတာ ဘယ်လောက်ရင်နာစရာကောင်းလိုက်ပါသလဲ။ ကံဆိုးလိုက်တာ ကလေးရယ်။

အင်း . . . ခုတော့လည်း ကံကောင်းတယ်လို့ပဲ ပြောရတော့မှာပေါ့။ တော်ပါသေးရဲ့ ကလေးမရနိုင်တဲ့ လင်မယားလက်ထဲကိုမှ ရောက်လာတာ ဘုရားမတာပါပဲ။ ခု ချစ်လိုက်ကြတာ တုန့်လို့ပဲလေ။

"ကလေးလေးက ချစ်စရာလေးနော်"

"ငါ့ကို တူတဲ့ကိုးဟ၊ မတူဘူးလား ဒီမှာကြည့်"

ကိုတင့်က သူ့မျက်နှာသူ လက်ညှိုးထိုးပြီးပြောလေတော့ မြလေး မှဲ့ခနဲ့ဖြစ်ပြီးမှ ရယ်လေ၏။ ရယ်မှာပေါ့ သူ့အသားက ဒီလောက်မည်းနေတာကိုး။ ကလေးလေးက ဖြူဖြူဖွေးဖွေးလေးဆိုတော့လေ။

"အင်း . . . တူသမျှ ဘဲဥကို ကျီးကန်းချီသလိုဖြစ်နေပြီ"

"နင်ကလဲ"

"မဟုတ်လို့လား"





"ဟီး . . . ဟုတ်တယ်"

"ဒါနဲ့ နာမည်ပေးပြီးပြီလား"

"ပေးပြီးပြီလေ"

"ဘာတဲ့လဲ"

"လမ်းတဲ့"

"ဩော်"

မြလေးတွေးလိုက်တာက လမ်းမှာကောက်ရလို့ လမ်းလို့မှည့်လိုက်တာဆိုပြီးတော့လေ။ ဗိုက်ဆံရေနေတဲ့ အစော ချက်ချင်းရုတ်ခနဲ မော့လာပြီး . . .

"မ, သတ်နဲ့ လမ်းမဟုတ်ဘူးနော်။ 'န' သတ်နဲ့ လန်းတဲ့လန်း"

"ဟုတ်လား"

"ရော့ . . . မြလေး ဆန်အိတ်ဖိုး"

မြလေးက ဗိုက်ဆံကို လှမ်းယူပြီး စပ်စုချင်သေးတာကြောင့် . . .

"ဒါနဲ့ မေးဦးမယ်"

"ဟင် . . . ဘာလဲ မြလေး"

"ဒီကလေးနဲ့အတူ ဘာမှပါမလာဘူးလားဟင်။ ဥပမာ



www.burmeseclassic.com

www.burmeseclassic.com



. . . မွေးသက္ကရာဇ်ကလေး ဘာလေးပေါ့။ တော်ကြာ . . . ဇာတာ စစ်ချင်၊ ပေဒင်မေးချင်တောင် မသိဖြစ်နေမှာစိုးလို့ပါ''

''အဲဒါတော့ ပါ,ပါတယ်''

အိမ်ရောက်လို့ ကလေးကို အနှီးလဲပေးမှ ကလေးရဲ့ကျော အောက်မှာ ပါလာတာလေ။ မွေးသက္ကရာဇ်ခုနှစ်နဲ့ မွေးတဲ့နေ့ပေါ့။ စာရွက်ပိုင်းလေးနဲ့ရေးပြီး ထည့်ပေးလိုက်လို့ အဲဒီအတွက်တော့ ကျေးဇူး တင်ရမည်။ စွန့်ပစ်ခဲ့သူတွေကိုလေ။

''ဒါဆို ဘာနေ့သားလဲ အစော''

''ဗုဒ္ဓဟူးသားလေ''

''ဟုတ်လား''

''ဟာ . . . ဟုတ်သားပဲမိန်းမရဲ့။ သားက ဗုဒ္ဓဟူးသားဆို တော့ တို့ပေးတဲ့နာမည်နဲ့ ကွက်တိပဲ''

''တိုးတိုးပြောပါ၊ ကလေးနိုးဦးမယ်''

အစောက ပြောတော့ ကိုတင့် ဖက်ပုပြီး ချက်ချင်း အသံတိတ် သွားလေတော့၏။

''ကဲ . . . အစောရေ မြလေးပြန်လိုက်ဦးမယ်နော်''

''အေးပါ . . . မပေါ့မပါးကြီး ဖြည်းဖြည်းလည်း သွားဦး နော်''



မြလေး ခေါင်းညိတ်ပြီး ထွက်လာခဲ့တော့၏။ ဩော် . . . မိန်းမတစ်ထောင်မှာ ၉၉၉ ယောက်က ကိုယ့်သားသမီးအတွက် အသက်ကိုပင် စွန့်လွှတ်ရဲကြသလို သားသမီးကိုစွန့်ပစ်ရက်တဲ့ မိန်းမ တစ်ယောက်လည်း ရှိနေပါသေးလား။

() () ()



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

မြလေးတစ်ယောက်လည်း ဗိုက်နာလို့ဆိုတာနှင့် ဆေးရုံ သွားကြလေသည်။ ဆေးရုံနဲ့က တော်တော်ဝေးတော့ စက်လှေ ဆည်ကိုဖြတ်ကူး၊ ပြီးမှ ကားနဲ့ဆက်သွားရတာလေ။ ဒါကြောင့် လမ်း မှာတင် မွေးမှာကိုလည်း စိုးရိမ်နေမိကြ၏။

"မြလေး"

"ဟင်"

"ရရဲ့လား"

"ရတယ် မောင်ကို၊ လမ်းတင်တော့ ငါ မမွေးလောက်ပါဘူး"

"အေး ... အဲဒါဆို တော်ပါသေးရဲ့။ ငါက လမ်းတင်မွေး





စိုးရိမ်နေတာ"

"စိတ်မပူပါနဲ့၊ ငါ အရမ်းကြီးနာနေတာမှ မဟုတ်တာ"

"အေးပါ ... အေးပါ"

ကိုမောင်ကို ဇနီးသည်ကို အားပေးရင်းပဲ ဘုရားစာတွေ ရသမျှအကုန်ရွတ်နေမိသည်။ ဆေးရုံကိုရောက်တော့မှပဲ စိတ်ချမ်းသာရတော့၏။ မွေးလာတော့ မိန်းကလေးမို့ ဝမ်းသာလို့မဆုံးနိုင်။ ပထမ သားနှစ်ယောက်မွေးထားပြီးပြီမို့ ဒီတစ်ခါမွေးရင် မိန်းကလေးဖြစ်ပါစေ လို့ ဆုတောင်းနေခဲ့တာ။

အခုတော့ ဆန္ဒတွေပြည့်ဝခဲ့ပါပြီ။ ဒါကြောင့် မျက်နှာမှာ ပြုံးချိုနေလျက် သမီးလေးကို လက်ပေါ်ကမချနိုင်။

"သမီးလေးလိုချင်ခဲ့တာ ... အခု သမီးလေးမွေးတော့ တို့ဆန္ဒတွေ ပြည့်ဝသွားပြီပေါ့။ ဒါမှ နင့်အတွက် အဖော်ရမှာမြလေး ရ"

"မောင်ကို"

"ဟေ"

"ဒီနေ့ ဘာနေ့လဲ"

"စနေလေ"

"ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်လေ၊ ဘာဖြစ်လို့လဲ"

"ဒါဆို သမီးလေးက စနေသမီးလေးပေါ့"

"ဒါပေါ့ ... စနေသမီးထွေး ရေလိုအေးမှာဟ"

"အက် အက်"

"ဟော ... နို့ဆာပြီထင်တယ်။ နို့တိုက်ဦးမယ် ... ပေး ငါ့ကို"

ရင်ခွင်ထဲရောက်လာတဲ့ သမီးလေးမျက်နှာကိုစိုက်ကြည့်ရင်း မြလေး အစောရဲ့ကလေးလမ်းကို သတိရမိသွားသည်။ သူ့ခမျာ မိခင်နို့ကို မစို့ရရှာဘူးပေါ့။ အခုနေများ အနားမှာရှိရင် ကိုယ့်နို့ကို မျှဝေပြီး တိုက်ပေးချင်လိုက်တာ။ သမီးလေးအတွက် လုံလောက်မှုရှိတယ်ဆိုရင် ပေါ့လေ။

"မြလေး"

"..........."

"တို့သမီးလေးကို ဘယ်လိုနာမည်ပေးရင် ကောင်းမလဲ စဉ်းစားပါဦးဟ"

"အင်း ... နေဦး။ ငါ စဉ်းစားဦးမယ်"

"အေး ... သူများ မမှည့်တဲ့နာမည်ဆန်းဆန်းလေးပေး တို့ တောမှာက သိတယ်မို့လား။ ဖြူမတို့၊ နီနီတို့၊ သူဇာ၊ ကေ

နှယ်နီ ဒါမျိုးတွေထဲက ထွက်ကိုမထွက်ဘူး"

"အေးပါဟယ် ... နင်တိတ်နေစမ်းပါ"

မောင်ကို ပါးစပ်ပိတ်သွားတော့ မြလေး တွေတွေလေး စဉ်းစားနေမိသည်။ သမီးလေးကို ဘယ်လိုနာမည်ပေးရင်ကောင်းမလဲ လို့လေ။ စနေသမီးဆိုတော့ တ၊ ထ၊ ဒ၊ ဓ၊ န နဲ့ စပေးရမှာ။ တင်ထားမင်း၊ ထိပ်ထားမင်းတို့ကျတော့ လှတော့လှပါတယ်။ ဒီနာမည်မျိုး ကရှိနေပြန်ရောလေ။

အင်း ... ပန်းနာမည်ပေးမယ်ဆိုရင်တော့ ...

"တ၊ ထ၊ ဒ၊ ဓ၊ န နဲ့စတဲ့ ပန်းနာမည်တစ်ခုခု နင်စဉ်းစား ကြည့်ပါလား မောင်ကို"

"ပန်းနာမည်"

"အေး"

"ဒါဆို ... နေဦး"

မောင်ကို ပန်းတွေကိုမြင်ယောင်ကြည့်ပြီး နာမည်တွေကို ရွတ်ကြည့်နေမိ၏။

"ဒေလီယာ၊ နှင်းဆီ၊ ဒေါန အဲဒါပဲရှိတာဟ။ နှင်းဆီလို့ပေးရင် ကောင်းမလား"

"အဲဒီနာမည်က ရိုးနေပါပြီ"





ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ဒေါနဲ့"

"အဲဒါကြီးက မကောင်းပါဘူး"

"အဲဒါဆို ဒေလီယာလို့ပဲ မှည့်လေ"

"မကောင်းပါဘူး မောင်ကိုရယ်၊ နေပါဦး . . . ငါစဉ်းစားပါဦး မယ်"

မြလေး စဉ်းစားနေချိန်မှာ မောင်ကိုက သူစားဖို့ဝယ်လာတဲ့ နေကြာစေ့ထုပ်ကို အင်္ကျီအိတ်ထဲကနေထုတ်ပြီး ဗီရိုပုလေးပေါ်သို့ လှမ်းတင်လေ၏။ နှငယ်နဲ့စတဲ့နေကြာ။ ဒါလည်း စနေနဲ့စတဲ့ ပန်းပဲ ဥစ္စာ။ ကျန်တဲ့ပန်းတွေက နေထိရင် ညှိုးနွမ်းသွားတတ်ကြသေးတယ်

နေကြာဆိုတာကတော့ နေမင်းကို မျက်နှာမူပြီး သတ္တိရှိရှိ ရင်သန်ခဲ့တဲ့ပန်းလေ။ သမီးလေးကိုလည်း စိတ်ဓာတ်ကြံ့ခိုင်တဲ့ မိန်း ကလေးဖြစ်အောင်-သွန်သင်မယ်ဆိုတဲ့ ရည်ရွယ်ချက်နှင့် . . .

"ဟုတ်ပြီ"

"ဘာလဲ"

"သမီးလေးကို နေကြာပန်းလို့ နာမည်ပေးရမယ်"

"နင့်ဟာကလဲ"

"ဘာဖြစ်လို့လဲ"

"လှလည်း မလှဘဲနဲ့"





"လှတာမလှတာထက် ပညတ်သွားရာ ဓာတ်သက်ပါတဲ့ မောင်ကိုရဲ့။ လှတာဝဆိုတာ တစ်သမတ်တည်းရှိတာ မဟုတ်ဘူးလေ။ ဝါးလုံးနှင်းမိမှန်းမသိ ဝါးခြမ်းနှင်းမိမှန်းမသိနဲ့လေ။ နေကြာဆိုတာ သတ္တိရှိတယ်။ နေရောင်ပဲဖြစ်ဖြစ် လရောင်ပဲဖြစ်ဖြစ် ရင်ဆိုင်နိုင်စွမ်း ရှိတဲ့ ပန်းပဲ။ အဲဒီတော့ ငါ့သမီးကို စိတ်ဓာတ်ကြံ့ခိုင်အောင် နေကြာ ပန်းလို့ နာမည်ပေးမယ်"

"အေးလေ . . . နင့်သဘောပါပဲ"

နေကြာပန်းလို့ ရွတ်ကြည့်မိရင် မြလေးရင်ထဲမှာပင် စိတ်ဓာတ်တွေ ပို၍ ခိုင်မာလာသလိုပါပဲ။

အရာရာကို ရင်ဆိုင်နိုင်တဲ့ စွမ်းအားက ရှိကိုရှိမှ ဘဝက လှပသေချာမှာပဲလေ။

() () ()



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

''အဟာမ်း ... အဟာမ်း''

''လမ်း ... လမ်း''

''အဟာမ်း ... အဟာမ်း''

''လမ်း ... လမ်း''

''လမ်းကလေး ကျဉ်းလှတယ်''

''ငါ့ဖင်ခေါင်းလောက် သူ မကျယ်''

လမ်း ခြေလှမ်းတွေ ရပ်တန့်သွားလေ၏။ ဒါ သူ့ကို တမင် စနေကြတာပဲလေ။ ဒီကောင်တွေ လမ်းကို စပေါင်းများနေခဲ့ပြီ။ အမျာ နဲ့တစ်ယောက်မို့ မကြားချင်ယောင်ဆောင်သွားခဲ့ရပေါင်းလည်





များခဲ့ပြီပဲ။ အဖေနဲ့အမေကတော့ သူများစရင် ငြိမ်ခံမနေနဲ့ အိမ်ကို ငိုပြီး ပြန်လာလို့ကတော့ ထပ်ပြီးအရိုက်ခံရမယ်တဲ့။

တော်ရုံလောက်နဲ့တော့ လမ်း မငိုပါဘူး။ ကြောက်လည်း မကြောက်ပေ။ သူများက ကိုယ့်ကိုသုံးချက်ရိုက်ရင် အင်အားချင်းမမျှ တောင် ကိုယ်က တစ်ချက်တော့ ပြန်မိအောင် ရိုက်နိုင်တယ်ဆိုတဲ့ သတ္တိရှိပေမယ့် ကိုယ်ခံလိုက်ရပြီဆိုကတည်းက အမေက ထဘီ ခွန်တောင်ဆွဲပြီး သူတို့မအေတွေနဲ့ ရန်ဖြစ်တော့တာလေ။ အဲဒီအခါကျ တော့ အမေ့ကို စွာတယ်တဲ့။ အမေ့ကို အဲဒီလို အပြောမခံနိုင်လို့ သူ ရန်ရှောင်နေတာကို ကြောက်တယ်ထင်နေကြသလားမသိ။

ပြီးတော့ သူတို့က အမြဲတမ်း နှစ်ယောက်သုံးယောက်လေ။ လမ်းက တစ်ယောက်တည်းရယ်။

''နာမည်ကလည်း လမ်းတဲ့။ လမ်းဆိုတာ လူတကာ ခြေထောက်နဲ့ နင်းသွားကြတာကွ''

''မင်းက ဘာသိလို့လဲ။ အဲဒီကောင်ကို ဦးတင့်တို့က လမ်းမှာ ကောက်ရခဲ့တာတဲ့ကွ။ အဲဒါကြောင့် အဲဒီနာမည်ကို ပေးထားတာတဲ့''

''ဟုတ်လား''

''ဟုတ်တယ်ကွ''

''ဒါဆို ဒီကောင့်မှာ အဖေရော အမေရော မရှိဘူးပေါ့''



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်က ရှိရမှာလဲ၊ ဦးတင့်နဲ့ဒေါ်စောက လမ်းမှာကောက်ရလို့ မွေးစားထားတာတဲ့"

"တောက်"

မွေးစားထားတာဆိုတဲ့စကားကြောင့် လမ်း စိတ်ထဲမှာ ဖျဉ်းခနဲ ဖြစ်သွားပြီး တက်ခေါက်မိတာ ဖြစ်၏။ ပြီးတော့ . . . ပုဆိုးကို တိုတိုပြင်ဝတ်လိုက်ပြီး ဝဏ္ဏနှင့် မင်းကျော်တို့ဆီသို့ လျှောက်သွားလိုက်သည်။

"လာပြီကွ"

"လာစမ်းပါစေကွာ၊ ဒီကောင်က မိမရှိ ဖမရှိ တစ်ကောင်ကြွက်ကွ"

"ကြွက်ဆို . . . တို့ဝိုင်းပြီး အရေခွံဆုတ်ရင် မကောင်းဘူးလား"

"ကောင်းတယ် . . . ကောင်းတယ်"

"လာပြီ . . . မိမရှိ ဖမရှိကောင်"

"ဟေ့ကောင်တွေ"

"ဘာတုံး"

ထူးတာ သုံးယောက်လုံး ငြိုငြင်တူပါ။ လမ်းက မိုက်ကြည့်ကြည့်သလို သူတို့ကလည်း ခါးထောက်ရပ်နေတာ ဖာတ်လမ်းထဲက





လူမိုက်တွေအတိုင်းပါပဲ။

"မင်းတို့ ငါ့ကိုကြွက်သလို စလို့ရတယ်။ ဒါပေမဲ့ . . . မိဘမရှိဘူးဆိုတဲ့စကားမပြောနဲ့၊ ငါ့မှာ အဖေနဲ့အမေရှိတယ်ကွ၊ နားလည်လား"

"ဘာ"

"ဟား ဟား ဟား"

"ဘာရှိတာလဲ အတုကြီးကိုများ။ မင်းက လမ်းပေါ်မှာကောက်ရခဲ့တဲ့ကောင်လေ"

"မပြောနဲ့"

"မှန်တာပြောတာ ပြောမှာပဲ"

"တောက်"

"အံမယ် . . . မင်းကများ တက်ခေါက်ရတယ်လို့"

"ကဲ"

"ဘုတ်"

"အင့်"

သုံးယောက်နှင့်တစ်ယောက် ကလေးတွေဆိုတော့ နပန်းလုံးကြလေသတည်းပေါ့။ အင်အားချင်းမမျှပေမယ့် ပြန်လုပ်နိုင်သလောက်တော့ လုပ်တာပဲလေ။



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ရန်ဖြစ်နေတာ လမ်း"

"ဘုတ်"

"ခွပ်"

"အား"

"လမ်း"

လမ်းခံနေရတာမို့ မြင်လိုက်တဲ့နေကြာ စိတ်ထဲမှာ တင်းခနဲ ဖြစ်သွားခြင်းနှင့်အတူ လမ်းဘေးမှာ ခြံကာထားတဲ့ ခြံစည်းရိုးကို ဆွဲဖျက်ပစ်လိုက်၏။ လမ်းက နေကြာနဲ့ အိမ်နီးနားချင်းတွေလေ။ အဖေတွေ တောင်ပေါ်တက်ကြပြီဆို ရွာထဲမှာ ကျန်နေကြတာ အမေနှင့် သားသမီးတွေသာ။ အရွယ်ရောက်လာပြီဆိုရင်တော့ အဖေတွေနှင့် ဒိုးတူပေါင်ဖက် တောင်ပေါ်လိုက်ကြရတာပဲလေ။

အခုဆို လမ်းတို့အိမ်က သားအမိနဲ့ နေကြာတို့သားအမိက ဟင်းချက်ကမ်းပြီး စည်းစည်းလုံးလုံးနေကြတာ။ သူတို့နှစ်ယောက်စလုံးက လေးတန်းရောက်နေကြပြီး ကျောင်းသွားလည်း အတူတူ။ ဒီနေ့ အမေ့ကို စိတ်ကောက်ပြီး နေကြာက ကျောင်းမတက်ဘူးပြောလိုက်လို့ လမ်းတစ်ယောက်တည်း ထွက်လာတာ။

လမ်းသွားတော့လည်း နေကြာ မနေနိုင်လို့ လွယ်အိတ်ဆွဲပြီး လိုက်လာခဲ့တာလေ။ ဒီရောက်တော့ ...





"တွေ့မယ် သူတောင်းစားတွေ"

ခြံကိုဆွဲဖျက်ပြီး ယူလိုက်တော့ ဝါးစိတ်တွေက အရှည်ကြီးတွေ။ ဒါကို ဒူးပေါ်တင်ပြီး ဒူးနှင့်အားစိုက်ချိုးလိုက်တော့ ...

"ဖြောင်း"

"လမ်း ငါလာပြီ"

အော်လည်း အော်၊ လမ်းတို့ နပမ်းလုံးနေတဲ့ဆီကို ပြေးသွားကာ ...

"ကဲ"

"ဘုတ်"

"အား"

"ဘုတ်"

"အာ"

"ဟာ ... နေကြာ"

"သေစမ်း ... ခွေးကောင်တွေ"

"ဘုတ်"

"အား ... ဟီး"

ကိုယ့်ကို သတိမထားမိကြချိန်မှာ နေကြာ ဝရှုတို့အဖွဲ့ကို မိရာနေရာ ရိုက်ပစ်နေ၏။ နေကြာလက်ထဲမှာ တုတ်နဲ့ဆိုတော့ ဝရှုတို့



www.burmeseclassic.com

www.burmeseclassic.com



ခံလိုက်ရပြီး ထွက်ပြေးကြလေလျှင် . . .

“နေကြာ”

“လမ်း”

“နင် ဘာဖြစ်သွားသေးလဲ”

“ငါက ဘာမှမဖြစ်ပါဘူး။ နင် တော်တော်နာသွားလား။ ငါ ရောက်လာလို့သာပေါ့၊ မဟုတ်ရင် ဟိုကောင်တွေက သုံးယောက်ဆိုတော့ နင် မလွယ်ဘူး။ သူတို့ရန်စတာပဲ မဟုတ်လား”

အသေးစိတ်ပြောမပြချင်တာကြောင့် လမ်း ခေါင်းပဲညိတ်လိုက်မိသည်။ သူတို့ပြောတဲ့စကားတွေကို ကိုယ့်နားက နောက်ထပ်မကြားချင်သလို ပါးစပ်ကလည်း ပြန်ပြောမပြချင်ပါဘူး။ ဘယ်သူတွေဘာပဲပြောပြော ဦးတင့်က သူ့အဖေ၊ ဒေါ်ခင်စောက သူ့အမေပဲလေ။ လမ်းပေါ်က ကောက်ရတဲ့ကောင်လို့ ပြောတဲ့သူတွေရှိကြပေမယ့် သူမယုံ။

အဖေနဲ့အမေကလည်း မှာထားတယ်လေ။ သူများပြောစကား မယုံနဲ့တဲ့။ ဒါပေမဲ့ ကောက်ရတဲ့ကောင်လို့ အပြောခံရတိုင်းရင်ထဲမှာ နာကျင်ရသည်လေ။

“ဘယ်လိုစကြလို့လဲ”

“မေးမနေပါနဲ့တော့”





“ဘာလို့ မမေးရမှာလဲ ပြော။ အဲဒီကောင်တွေကို ငါ ကျေနပ်တာမဟုတ်ဘူး”

သူငယ်ချင်းဆိုတော့လည်း . . .

“ငါ သူများကို ပြောမပြချင်ဘူး နေကြာ”

“ဟဲ့ . . . ငါက သူများလား။ နင်နဲ့ငါက အိမ်နီးချင်း သူငယ်ချင်းတွေလေ”

လမ်း သက်ပြင်းချလိုက်မိ၏။ ပြီးမှ . . .

“ငါ ကျောင်းမတက်ချင်တော့ဘူးဟာ”

“ဘာ”

“ဒီနေ့ကို ပြောတာ”

“နင်မတက်ရင် ငါလည်း မတက်တော့ဘူး။ လာ . . . ပြန်ကြမယ်”

ဆုံးဖြတ်ပြီးရင် ပြန်မပြင်တတ်ကြသည့် အကျင့်လေးတွေအတိုင်း နှစ်ယောက်သား ကျောင်းကိုမသွားဘဲ အိမ်သို့ပြန်လာခဲ့ကြသည်တွင် ခင်စော သားကို မြင်လိုက်တာနှင့် . . .

“ဟင် . . . သား ကျောင်းမသွားဘူးလား။ ဘာလို့အိမ်ကိုပြန်လာတာလဲ”

“မပြောချင်တော့ဘူး ဒေါ်လေးစောရေ၊ ဝဏ္ဏတို့ သူ့ကို



www.burmeseclassic.com

www.burmeseclassic.com



ဝိုင်းပြီး အနိုင်ကျင့်လိုက်ပြန်ပြီလေ။ ဘယ်ရမလဲ သမီးရောက်သွားတော့ တုတ်နဲ့ဝင်ချတာ ဟိုကောင်တွေ ပြေးကုန်ရောပဲ''

''ဟင်''

ကိုယ့်သား အနိုင်ကျင့်ခံလိုက်ရပြီဆိုတာနှင့် . . .

''ဝဏ္ဏတို့က ငါ့သားကို ဝိုင်းပြီးအနိုင်ကျင့်ကြတယ် ဟုတ်လား''

''ဟုတ်''

ခုတစ်ခါ ဟုတ်လို့ဖြေတာလည်း နေကြာပါပဲ။ နေကြာကတော့ ကိုယ်ဝင်ရိုက်လို့ ဟိုကောင်တွေ ထွက်ပြေးတဲ့အဖြစ်ကိုပဲ ကျေနပ်နေတာလေ။

လမ်းကတော့ ဘာတစ်ခွန်းမှမပြောတော့ဘဲ ခေါင်းကိုငုံ့နေတာ ငိုမိမှာစိုးလို့ စိတ်ကိုတင်းနေတာပါ။ ကိုယ့်အသားနာသွားလို့ ငိုချင်တာ မဟုတ်ပါဘူး။ သူ ဝမ်းနည်းတာက သူသည် အဖေနဲ့အမေရဲ့ သားအရင်း မဟုတ်ဘူးဆိုလို့လေ။

''သား''

ခင်စော သားအနားသို့ လှမ်းခနဲရောက်လာပြီး . . .

''နင့်မျက်နှာကို မော့စမ်း''

ပြောလည်းပြော သူ့မကိုယ်တိုင် ဆွဲမော့လိုက်တော့ သား





မျက်နှာပေါ်မှာ လက်သည်းကုတ်ထားတဲ့ အစင်းရာတွေကို မြင်လေလျှင် . . .

''ကြည့်စမ်း . . . မျက်နှာမှာ ဒဏ်ရာတွေနဲ့ပါလား။ ငါ့သားကို ရက်စက်လိုက်ကြတာ။ တွေ့မယ် ဒင်းတို့။ ခင်စောအကြောင်းကောင်းကောင်းသိစေရမယ်''

''အမေ''

ထွက်သွားမယ်လုပ်တဲ့ အမေ့လက်ကို လှမ်းဆွဲထားလိုက်မိ၏။ ခင်စောလည်း အစက ဒီလောက် နှုတ်ကြမ်း လျှာကြမ်း မဟုတ်ပေ။ ဒီသားနဲ့ပတ်သက်လာမှ ကိုယ့်အကြောင်းမဟုတ်ဘဲ ဟိုပြောဒီပြော ပြောတဲ့သူတွေကြောင့် မခံနိုင်လို့ ကြမ်းတတ်ခဲ့တာလေ။

''မသွားပါနဲ့ အမေရယ်''

''ဘာလို့မသွားရမှာလဲ၊ ဒီကိစ္စ ငြိမ်ခံနေရင် နောက် သားကို သူတို့စနေကြဦးမှာပဲ၊ ဆရာမနဲ့တိုင်မှကိုဖြစ်မှာ။ ကဲ . . . လာလာဆယ် ဒီဒဏ်ရာတွေ ဆေးလိမ်းရအောင်၊ လာစမ်း သား''

ခင်စော သားကိုဆွဲခေါ်ပြီး ဆေးလိမ်းပေးရင်း မျက်ရည်တွေလည်း ကျလာသည်။ သားလေးကိုက ကံဆိုးတာပါ။ အစကတည်းက ကိုယ့်ရင်နဲ့လွယ်မွေးတဲ့သား ဖြစ်လိုက်ပါတော့လား။

''အမေ''



www.burmeseclassic.com

www.burmeseclassic.com



“ဟင် ... ဘာလဲသား”

“အမေ့ကို သားမေးစရာရှိတယ်”

“အင်း ... ဘာမေးမှာလဲ မေး”

အနားမှာ နေကြာကလည်း ငုပ်တုတ်လေးထိုင်ကြည့်နေလို့ လမ်းက ချက်ချင်းမမေးဘဲ အမေ့မျက်နှာကို မော့ကြည့်ငေးမောနေလေလျှင် ...

“ဘာမေးမလို့လဲ မေးလေ သားရဲ့”

“...................”

“ဟဲ့ ... လမ်း မေးလိုက်လေ”

နေကြာ တွန်းပြီး ပြောလိုက်တော့မှ ...

“သားက မေမေတို့ လမ်းမှာတွေ့လို့ ကောက်မွေးစားခဲ့တဲ့ မွေးစားသားဆိုတာ ဟုတ်လား အမေ”

“ဘာ”

ခင်စော ရင်ဝကို အမြှောက်နဲ့တည့်ပြီး ပစ်ချလိုက်သလိုပါပဲ။ ကြားလိုက်ရတဲ့စကားကြောင့် ကမ္ဘာကြီးပဲ ပြိုတော့မလိုလို၊ မြေလျှော တွေပဲ အက်ကွဲသွားတော့မလိုလိုပါ။

“အဲဒီစကား ဘယ်သူပြောတာလဲ၊ အမေ့ကိုပြောစမ်း သား သိလိုက်ကတော့ ပါးကွဲအောင် သွားရိုက်ပစ်မယ်။ မဆီမဆိုင် ဘာကိုရွ





သွေးထိုးနေကြရတာလဲ”

“အမေ”

“မဟုတ်ပါဘူး သားရယ်။ သားက အမေ ဟောဒီဝမ်းနဲ့ လွယ်မွေးရတဲ့ အမေ့ရဲ့သားအစစ်ပါသားရဲ့။ ငါ့သားက သူများ ပြောတာတွေ ကို ယုံမနေစမ်းပါနဲ့ကွယ်”

ပြောရင်း အစော မျက်ရည်ကို မတားဆီးနိုင်စွာနှင့် သားကို ဖက်ပြီးငိုလေတော့သည်။

“သား သူများတွေပြောတာကို မယုံပါဘူး အမေရယ်၊ အမေ မငိုပါနဲ့နော်”

“သား”

“ဗျာ”

“နောက်ထပ်အမေ့ကို အဲဒီလိုမေးခွန်းတွေ မမေးပါနဲ့ သား ရယ်။ အမေရင်ကွဲရလိမ့်မယ် သားရဲ့။ အမေ ရင်ကွဲရလိမ့်မယ် ဟီး”

အမေငိုတော့ လမ်းလည်း အမေ့ရင်ခွင်ထဲမှာ မျက်ရည်တွေ ကျနေမိသည်လေ။ နေကြာလည်း ဒီအတိုင်းပါပဲ၊ လူတွေများ ကိုယ့် ဓားပွားရေးမပါဘဲ ဘာလို့ သူများအကြောင်း ခေါင်းထဲထည့်နေကြပါ လိမ့်နော်။

() () ()

www.burmeseclassic.com

## အခန်း (၃)

လွှယ်အိတ်ကိုယ်စီ ပုဆိုး ထဘီအစိမ်း အင်္ကျီအဖြူနှင့် စက်ဘီး တစ်စီးမှာ နှစ်ယောက်အတူစီးလာတာ လမ်းနှင့်နေကြာပါ။ ရွာမှာက မူလတန်းကျောင်းပဲရှိတာလေ။ ဒါကြောင့် ဒီနှစ်ငါးတန်းရောက်ပြီမို့ သူများရွာက အလယ်တန်းကျောင်းကို သွားတက်ရတာပါ။ နေကြာတို့က လမ်းတို့ထက် စီးပွားရေးပြေလည်သူတွေဆိုတော့ . . .

ဒီနှစ် ငါးတန်းရောက်တာနှင့် စက်ဘီးအသစ်လေး ဝယ်ပေး ထားတာဖြစ်၏။ မဖွံ့ဖြိုးသေးတဲ့ တောအရပ်ဒေသဆိုတော့ လမ်းတွေ က မကောင်းဘူးလေ။ ဒါကြောင့် စက်ဘီးကို မြန်မြန်နင်းလို့မရပေ။

"ဒုတ်"





"အမေ့"

"ဟာ ဟာ"

"အမယ်လေး"

မိုးရွာထားတော့ လမ်းမှာ ရေခွက်တွေရှိပြီး တိမ်သလား နက်သလား မသိရပေ။ ဒါကြောင့် တိမ်တယ်မှတ်လို့ ရေခွက်ကို ဖြတ်နင်းလိုက်မှ စက်ဘီးက ရှေ့ဘီး ချိုင့်ထဲကျသည့်တွင် မတက်နိုင်ဘဲ ရပ်သွားလေတော့ လဲပြီပေါ့။ လမ်း ခြေထောက်လှမ်းထောက်လိုက်ပေ မယ့် အရှိန်က မထိန်းနိုင်၊ သူကမှ စက်ဘီးလွှတ်ချလို့ မတ်တပ်ကျ သေး။

နေကြာက ဖင်ထိုင်ကျတာလေ။ လက်ကားယား ခြေကား ယားလေးနှင့် ထမင်းချိုင့်က ဘေးလွင့်သွားပြီး ထမင်းတွေ ဟင်းတွေ လည်းမှောက်ကုန်လေသည်။

"ဟာ . . . နေကြာ"

"အား . . . ကျွတ် ကျွတ်"

လမ်း သူက ဘာမှမဖြစ်ဘူးမို့ နေကြာကို အတင်းပဲ ဆွဲထူ လိုက်၏။ လူကအရေးကြီးတာလေ၊ ကျန်တာက လူထက်အရေးကြီး တာ မှတ်လို့"

"ထ ထ"



www.burmeseclassic.com

www.burmeseclassic.com



"အား"

"တော်တော် နာသွားလား။ ဘယ်နေရာ နာသွားတာလဲ၊ ထ ထ"

"တင်ပါးရော ခါးရောပဲ။ ရေတွေပေကုန်ပြီ၊ ဘယ်လိုလုပ်ကြမလဲ"

"နင် အပိုတစ်စုံ ထည့်မလာဘူးလား"

"အစကတည်းက အဖြူအစိမ်းဝတ်လာမှတော့ ဒါပဲပေါ့"

အပိုမပါဘူးဆိုတော့ လမ်း ခေါင်းကုပ်ရလေတော့၏။ ရှေ့ဆက်သွားလို့လည်း ဒီရေစိုကြီးနဲ့ တစ်နေကုန်နေရမှာ ဖြစ်ပါ့မလား။ အအေးပတ်ရင် ကိုယ်ပဲ တရားခံဖြစ်ဦးမှာ။

နေကြာမှာလည်း ခုမှ ဘာတွေရေစိုသွားသေးလဲ။ စာအုပ်တွေထွက်ကျသေးလား ကြည့်လိုက်တော့ ထမင်းဟင်းတွေ မှောက်ကျနေတာကို မြင်ရလေလျှင် . . .

"ကုန်ပါပြီ . . . ငါ့ထမင်းချိုင့်ကုန်ပြီ။ လမ်း . . . ငါ ဘယ်လိုလုပ်ရမလဲ"

"ဘယ်လိုလုပ်ရမလဲ။ အိမ်ပြန်ရုံပဲ ရှိတော့တာပေါ့"

"ဟင်"

"ဟုတ်တယ်လေ။ လူလည်း ရေစို၊ ထမင်းချိုင့်လည်း





မှောက်၊ ရှေ့ဆက်သွားလို့ ဘယ်လိုဖြစ်တော့မှာလဲ။ ကျောင်းရောက်လည်း ဆရာမ ပြန်လွှတ်မှာ ကျိန်းသေတယ်"

"အိမ်မယ် . . . နင့်ကိုက ကျောင်းပြေးချင်နေတာ မဟုတ်လား"

"မဟုတ်ပါဘူးဟာ"

"ကဲ . . . စက်ဘီးပြန်ထောင်ဦး"

"ဟုတ်ကဲ့"

လမ်း စက်ဘီးကိုပြန်ထောင်တော့ နေကြာက ထမင်းချိုင့်ကို ပြန်ကောက်ပြီး ချိုင့်ဆင့်တွေပြန်ထပ်၊ ပြီးတော့ ကိုယ်စားမယ့်ဟင်းလေးတွေကို နှမြောတသနှင့် ကြည့်နေမိ၏။ ဒီနေ့ ကြက်သားချက်လို့ အမေက အသည်းအမြစ်နဲ့ အသားတွေ ရွေးထည့်ပေးလိုက်တာ။ ခုတော့ သွားပြီပေါ့လေ။

"ငါ့ဟင်းလေးတွေ သွားပါပြီ"

လှည့်ကြည့်ပြီး လမ်း ပြုံးလိုက်ကာ . . .

"ကုသိုလ်ရပါတယ်ဟာ"

"ဘာ"

"မှောက်ကျတော့ ပုရွက်ဆိတ်တွေ ရေတွက်လို့မကုန်အောင် ခိုက်ဝမှာလေ။ အဲဒီတော့ ကုသိုလ်ရတာပေါ့ဟာ။ သာဓု . . . သာဓု



www.burmeseclassic.com

www.burmeseclassic.com



. . . သာခုပါဗျာ"

"ကောင်စုတ် . . . နင်က ဝမ်းသာနေတယ်ပေါ့လေ ဟုတ်လား"

"အဟီး"

"ဘာ . . . အဟီးလဲ သွားမယ်"

"ဟင် . . . ဘယ်ကိုလဲ"

"အိမ်ပြန်မှာပေါ့"

ပြောပြီး နေကြာ ရှေ့မှထွက်သွားတော့ လမ်းလည်း စက်ဘီးကိုပြန်လှည့်ပြီး တက်လိုက်ကာ နင်းလာခဲ့လေလျှင် . . .

"တက်"

နေကြာ စွေ့ခနဲ ခုန်တက်ပြီး ရွာသို့သာ ပြန်လာခဲ့ကြလေတော့သည်။

() () ()



## အခန်း (၆)

"လမ်း"

". . . . . . . . . . . . ."

"လမ်း ငါပြုတ်ကျတော့မယ် ဖြည်းဖြည်းနင်းပါဟဲ့"

". . . . . . . . . . . . ."

"လမ်း"

နေကြာ အော်နေပေမယ့် လမ်းက ဂရုမစိုက်ပေ။ သူတို့ ငါးတန်းကျောင်းတက်တုန်းကလို လမ်းတွေက မဆိုးတော့ဘူးလေ။ အခုဆိုရင် ပြုပြင်ထားကြတာ ကားမောင်းလို့တောင်ရနေပြီ၊ ဒါကြောင့် လမ်းက စက်ဘီးကို တအားနင်းနေတာလေ။ ဒီနှစ် သူတို့နှစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



စလုံးပဲ ဆယ်တန်းရောက်ကုန်ပြီ။

အရေကြီးတဲ့နှစ်မို့ ကျူရှင်ယူထားတာကြောင့် အမိသွားရမှာ ဒါကြောင့် အမြန်နှင်းတာကိုပဲ နေကြာအော်နေတာလေ။ နေကြာတို့က တတ်နိုင်သူတွေမို့ မြို့လေးပေါ်မှာ ကျူရှင်တက်ဖို့တောင် အိမ်ငှားနဲ့ ထားမလို့တဲ့။ လမ်းက မတတ်နိုင်သူမို့ အစပိုင်းမှာ ကျူရှင်မတက်ခဲ့ရ ပေ။ အခု စာမေးပွဲနီးလာမှသာ မရှိတဲ့ကြားက ခြစ်ခြုပ်ပေးမယ်ဆိုပြီး ကျူရှင်တက်ခွင့်ရခဲ့တာလေ။

"ဖြည်းဖြည်းနှင်းပါဆို ငါထုမှာနော်"

"..............."

"လမ်း"

ဒီတစ်ခါတော့ လမ်း စက်ဘီးကို အရှိန်လျှော့ချလိုက်ပြီး...

"ဘယ်လိုဖြစ်လို့ အော်နေတာလဲ"

"နင်က တအားနှင်းတာကို။ ငါကြောက်လာပြီ"

"ဟ ... စက်ဘီးစီးနေတာလေ။ လှည်းစီးနေတာမှ မဟုတ် တာ။ ဒီလောက်တော့ရှိမှာပေါ့"

"ဟဲ့ ... လှည်းလောက်မနှေးသလို ကားလောက်လည်း မမြန်ချင်နဲ့ပေါ့။ အခု နင်က အသက်နှင်းနေတာ ငါပြုတ်မကျအောင် ကိုင်ထားရတာ လက်တွေတောင်နာလာပြီ"





"အေးပါ ... အေးပါ ... နှန်းမတော်မယ်နော်ရယ်။ ခင်ဗျား သဘောအတိုင်းပါပဲ"

ဒီလိုပဲလေ။ လမ်းက အမြဲတမ်း နေကြာအလိုကျဖြစ်ခဲ့သူမို့ နေကြာ ပြုံးလိုက်မိ၏။ သူတို့နှစ်ယောက်က တစ်ယောက်အကြောင်း တစ်ယောက်သိပြီး နားလည်အလျှော့ပေးတတ်ကြသူတွေ။ ထမင်းစား ရင် ကျောင်းမှာ အတူတူ စားလို့မဖြစ်လို့ မစားဖြစ်ကြပေမယ့် မစားခင် ကတည်းက သူ့ဟင်းငါ့ဟင်း ငါ့ဟင်း သူ့ပေးပေါ့လေ။

"လမ်း"

"ဘာလဲဟ"

"နင် ဆယ်တန်းအောင်ရင် ဘာလုပ်မယ်လို့ စိတ်ကူးထား လဲ"

"တောထဲမှာ အဖေနဲ့ သစ်လိုက်ထမ်းမှာပေါ့ဟ"

"ဘာ"

"ဟုတ်တယ်လေ၊ စာမေးပွဲပြီးရင် မိဘကို တစ်ဖက်တစ် လမ်းကနေ ဝိုင်းကူဦးမှပေါ့"

"ငါက စာမေးပွဲပြီးရင်လို့မေးတာ မဟုတ်ဘူးလေ။ စာမေးပွဲ အောင်ရင်လို့ မေးတာ လမ်းရဲ့"

"အဲဒါလား"



www.burmeseclassic.com

"အင်း"

လမ်း ချက်ချင်းမဖြေနိုင်။ ဘာလို့လဲဆို ကိုယ်ဖြစ်ချင်တာ ပြောလိုက်ရင် သူများအတွက် ရယ်စရာဖြစ်နေမှာစိုးလို့လေ။ ရည်ရွယ်ချက်ကတော့ ကြီးပုံ။ လမ်းက ရှေ့နေတို့၊ တရားသူကြီးတို့ ဖြစ်ချင်တာ။ ဒါပေမဲ့ ကိုယ်ဖြစ်ချင်တဲ့ ကိုယ့်ဆန္ဒကိုချည်းပဲ ဦးစားပေးလို့ မရသေးပါဘူး။

အဖေနဲ့အမေ့မျက်နှာကို ပြန်ကြည့်ရဦးမှာပါ။

သူ့ကို ငယ်ငယ်လေးကတည်းက ရှာဖွေကျွေးမွေးလာရသည့် အပြင် ပညာရေးလည်း တတ်အောင် ကျောင်းထားပေးရသေးသည် လေ။ သူတို့တောဒေသမှာက ချမ်းသာတဲ့သူတွေသာ ကျောင်းဆက် တက်နိုင်ကြတာ။ သူတို့လို ဆင်းရဲသားတွေအများစုကတော့ လေးတန်း အောင်တာနဲ့ ကျောင်းထွက်ပြီး မိဘတွေနဲ့ တောထဲတောင်ထဲ လိုက်၍ သစ်ခုတ် ဝါးခုတ်နဲ့ အလုပ်လုပ်ကြရတာပါ။

အခု လမ်းကျတော့ ဆင်းရဲပေမယ့် ကျောင်းဆက်တက်ခွင့်ရ တာ နည်းတဲ့ကုသိုလ်ကံလား။ ဒါ ... အဖေနဲ့အမေရဲ့ ကြီးမားသော မေတ္တာတရားကြောင့်ပဲလေ။

"ဟဲ့ ... လမ်း"

"ဟင်"





ကျောကုန်းကို ရိုက်လိုက်မှ လန့်ပြီးပြန်ထူးမိကာ ...

"ဘာလဲဟ"

"ငါ မေးတာ ဖြေဦးလေ"

"အေး ... ဖြစ်ချင်တာဖြေလိုက်ရင်တော့ နင် လန့်သွားလိမ့် မယ်။ ဒါပေမဲ့ မိဘမျက်နှာကို ပြန်ငဲ့ရဦးမှာလေ။ သူတို့ တတ်နိုင်သ လောက်နဲ့ ရတဲ့အလုပ်ပဲ ငါလုပ်မှာပါ။ ငါ မိဘတွေကို ကျေးဇူးပြန် ဆပ်ချင်တယ်"

"ကောင်းပါတယ်"

"နင်ကရော"

"ငါလား"

"အင်း"

"ငါကတော့ ဆရာဝန်ပဲဖြစ်ချင်တယ်။ ဖြစ်နိုင်ရင် ပြောတာပါ။ ဒါပေမဲ့ ... မဖြစ်နိုင်ဘူးဆိုတာ ငါသိပါတယ်"

"ဟင် ... ဘာလို့လဲ"

"ငါက ဉာဏ်ထုံတယ်လေ လမ်းရဲ့။ နင်ကမှ စာတော်တာ"

"နင် ဉာဏ်မထုံပါဘူး။ စာကျက်ရမှာပျင်းတာ။ ဖြစ်ချင်ရင် ကြိုးစားပေါ့"

"အဟဲ"

www.burmeseclassic.com



အဲဒါ တာကယ်။ နေကြာက စာကျက်ရမှာဆို သိပ်ပျင်းတာလေ။ ဒါပေမဲ့ တစ်နှစ်တစ်တန်းအောင်အောင်တော့ ကြိုးစားခဲ့ပါတယ်။ ဒီနှစ်လည်း ကြိုးစားနေပေမယ့် အများကြီးတော့ မမျှော်လင့်ရဲပေ။

"နေကြာ . . . နင် ဘော့လ်ပင်နိဝင်ဝယ်မလို့ဆို"

"အေး"

"ဝယ်လေ"

လမ်း စက်ဘီးရပ်ပေးတော့ နေကြာက ဆင်းပြီး စတိုးဆိုင်ထဲမှာ ဘော့လ်ပင်နိဝင်ဝယ်လေသည်။ လမ်းကစောင့်နေစဉ်မှာပဲ . . .

"ဟာ . . . ဟော့ကောင်ကြီး လမ်း"

"ဟင်"

သူ့ဘေးမှာ စက်ဘီးတစ်စီးထိုးရပ်ပြီး ခေါ်လိုက်တာက သူတို့နဲ့ တစ်တန်းတည်း တစ်ခန်းတည်းသား အောင်ကိုဦးနဲ့ ဇင်မင်းလတ်ပါ။ ဇင်မင်းလတ်က စပ်ဖြီဖြီမျက်နှာနှင့် ဆိုင်ထဲက နေကြာကို တစ်ချက်လှမ်းကြည့်လိုက်ကာ . . .

"မင်း တို့နဲ့ လက်ဖက်ရည်ဆိုင်လိုက်ခဲ့ပါလား လမ်း"

"ငါမှ အကျင့်မရှိတာ။ နေပါစေ အကျင့်ပျက်နေမယ်"

"နေ့တိုင်း ဒကာခံမယ်ဆိုရင်ရောကွာ"

လမ်း မသိမသာ မဲ့လိုက်မိ၏။ မသိဘဲနေပါ့မလား။ အကျိုးလိုလို့ ချောင်းရလောင်းကြတာပဲ ဖြစ်မှာပေါ့။





"လမ်း"

". . . . . . . . . ."

"နေကြာကို စာပေးပေးပါလား"

"ဘာ"

"မင်း မကြိုက်ဘူးဆိုရင်ပြောတာပါ"

"ဟော့ကောင် . . . မင်းပါးစပ်ကို ခုပိတ်"

လမ်း စိတ်ထဲမှာ ဖျဉ်းခနဲ ဖြစ်သွားလေ၏။ ပေးစရာလား။ နေကြာက ကိုယ်နဲ့အတူသွား အတူလာမို့ ကိုယ့်မှာ စောင့်ရှောက်ရမယ့် တာဝန် ရှိသည်လေ။ ဒါကို ကော်ဖီတိုက်ရုံနဲ့ ကိုယ့်လူ့သူ့ဘက်သား ဖြစ်ရောလား။

"နေကြာ . . . မပြီးသေးဘူးလား သွားမယ်"

"လာပြီ . . . လာပြီ"

"မင်းကလည်း တိုလိုက်တာကွာ။ ရပါတယ် ငါ့ဘာသာပဲ ငါ ကြိုးစားမယ်"

ပြောပြီး ဇင်မင်းလတ်နှင့် အောင်ကိုဦး စက်ဘီးနင်းကာ ထွက်သွားကြလေတော့၏။ ဖြစ်နိုင်ရင် လက်သီးနဲ့ထိုးလွှတ်ပြီး ပက်ပက်စက်စက် ပြောပစ်လိုက်ချင်တာ။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ . . . ကျောင်းသားအချင်းချင်း ပြဿနာမဖြစ်ချင်လို့ ရန်ရှောင်လိုက်တာပါလေ။ နေကြာ ပြန်ထွက်လာတော့ . . .

"တောက်"

"ဟင်"

"နင်ကလည်း ကြာလိုက်တာ"

"အဲဒါကြောင့် ငါ့ကို တက်ခေါက်တာလား"

"မဟုတ်ဘူး၊ တက်ခေါက်တာက ဟိုကောင်တွေကို"

"နင့်ကို ဘာပြောသွားလို့လဲ"

"မသိချင်နဲ့ . . . တက်"

"ခုမှတော့ မရဘူးနော် လမ်း၊ ပြော ဘာဖြစ်တာလဲ"

လမ်း စိတ်မရှည်သလို ဘုကြည့်ကြည့်လိုက်ကာ . . .

"နင့်ကို စာပေးနိုင်းတာ၊ အဲဒီကောင်တွေကို နင် ဝေးဝေးက ရှောင် ကြားလား"

"ဟယ်"

() () ()



## အခန်း (၃)

"အင်"

ကိုယ့်မျက်နှာပေါ်ကို ကျရောက်လာတဲ့ အလင်းရောင် စူးစူးကြောင့် ရုတ်တရက် နေကြာမျက်လုံးလေးမှိတ်ပြီး လက်ဝါးနှင့်ကာလိုက်မိ၏။ ဒါ ဘယ်ကလာတဲ့အလင်းရောင်လဲလို့ စိတ်ထဲမှာ စူးစမ်းဖို့ သတိရလိုက်တာနှင့် မျက်နှာကို နောက်ဆုတ်ပြီး ဟိုကြည့် ဒီကြည့် လိုက်ကြည့်လိုက်တော့ . . .

"ဟင်"

မြင်လိုက်တာနှင့် စိတ်ထဲမှာ တင်းခနဲဖြစ်သွားမိ၏။ ကြည့်စမ်း ဖင်မင်းလတ် အစုတ်ပလုတ်ကောင်။ သူက ပြတင်းပေါက်အနားမှာမို့



www.burmeseclassic.com

www.burmeseclassic.com



နေရောင်က သူနေရာမှာ ဖြာကျနေတာလေ။ ဒါကို လက်အပူခံပြီး နာရီကို နေရောင်ခံနေတာ။ ပြီးတော့ နာရီကပြန်တဲ့အလင်းရောင်နဲ့ နေကြာမျက်နှာကို ထိုးကြည့်နေတာလေ။

နေကြာ ကြည့်နေတာကို သူလည်းမြင်သွားတော့ မျက်စိ တစ်ဖက် မှိတ်ပြလေလျှင် . . .

"တောက်"

"ဟဲ့ နေကြာ"

". . . . . . . . . ."

"နင့်မျက်နှာကို အလင်းရောင်နဲ့ ထိုးနေတာဟဲ့"

ဘေးက အိအိကျော်ကလည်း ပြောသလို နေကြာ့ကို လှည့်ကြည့်ကြတာ မိန်းကလေး လေးငါးယောက်ပါ။

"ဟုတ်တယ် နေကြာ့ကို"

"သွားပြောလေ"

"အေးဟယ် . . . အဲဒီအလင်းရောင်က ဘေးလူတွေပါ မျက်စိ ကြိမ်းနေပြီ"

"ဆရာမလာမှ တိုင်ဟာ"

စကားသံတွေက တစ်ယောက်တစ်ပေါက်ပါ။ အတန်းထဲမှာက ကျောင်းတက်ပြီးစမို့ ဆရာက ရောက်မလာသေးဘူးလေ။ ဒီနေ့မှ





မပြောရင် နောက်နေ့တွေလည်း ဒီလိုပဲလာဦးမှာဆိုတော့ နေကြာ မကြောက်တတ်သူပီပီ ထသွားလေတော့သည်။

နေကြာ ထလာတာမြင်တာနှင့် ဖင်မင်းလတ်က ဟိုလိုလို ဒီလိုလို။ ဒီလိုမသိချင်ယောင်ဆောင်လို့ ဘယ်ရမှာလဲ။ လမ်းလည်း အကဲခတ်သလို ကြည့်လိုက်၏။ ကိုယ်ဝင်ပါစရာမလိုဘူးထင်လို့လေ။

"ဟဲ့"

". . . . . . . . . . . . ."

"ဖင်မင်းလတ်"

"ဟင် . . . ဘာလဲ"

"နင် ခုမှ အရူးလုပ်မနေနဲ့နော်"

"ဘာလဲ . . . ငါ ဘာလုပ်လို့လဲ"

"နင် ကိုယ်လုပ်ထားတာ ကိုယ်မသိဘူးလား"

ဒီတော့မှ ဖင်မင်းလတ် စပ်ဖြဲဖြဲမျက်နှာနှင့် . . .

"နင်ကလည်း ခင်လို့စတာပါဟာ"

"နင်နဲ့ငါ ဘာမှ စ,စရာမလိုလောက်အောင်ကိုပဲ မခင်တာ။ နောက်တစ်ခါ ထပ်လုပ်ရဲလုပ်ကြည့်"

"ဘာဖြစ်လဲ"

"ငါ့အကြောင်း နင်သိရမယ်"



www.burmeseclassic.com

www.burmeseclassic.com



ဒါပဲ ပြောစရာရှိတာမို့ နေကြာ လှည့်ထွက်လာခဲ့စဉ် နောက်မှ ရယ်ကျန်ခဲ့တာကို လှည့်မကြည့်ပေမယ့် အသံကြောင့် သိလိုက်ရ ဂရုစိုက်စရာမှမလိုတာ။ ကိုယ့်ခုံမှာ ပြန်ပြီးဝင်ထိုင်လိုက်တာနဲ့ . . .

"ဟဲ့ . . . နေကြာ"

". . . . . . . . . . . ."

"အဲဒီကောင် နင့်ကိုပဲကြည့်နေတာ။ ရိုးတော့မရိုးဘူးနော် သိလား"

"အဲဒါ သူ့အကြောင်းပဲ"

"နင်ကရော"

"လုံးဝစိတ်မဝင်စားဘူး"

"တကယ်"

အိအိ ဟို့ နေကြာ ဆတ်ခနဲလှည့်ကြည့်ပြီး . . .

"ဘာလို့ အဲဒါတွေ မေးနေတာလဲ"

"နင်ကလည်း သိချင်လို့ပေါ့ဟဲ့"

"နင် ဘယ်လိုဖြစ်နေတာလဲ အိ။ တို့တွေက အခုချိန်မှာ ပညာရှာရမယ့်အရွယ်လေ။ ကိုယ့်မိဘတွေ ရှာဖွေပေးရတဲ့ တစ်နှစ် တစ်နှစ် ကျောင်းစရိတ်တွေက နည်းတာမဟုတ်ဘူး။ တစ်နှစ်အောင် သွားလို့ တစ်နှစ်ပြန်တက်ရမယ့်စရိတ်ဆိုတာကို မိဘတွေရှာပေးရတာ သက်သက်သာသာမှ မဟုတ်တာ"

"အမယ်လေးဟဲ့ ဆရာကြီးလေသံနဲ့"

"ငါက အကောင်းပြောနေတာ"

"အေးပါ . . . မှတ်ထားပါ့မယ်"

အိအိကျော်က ပြောပြီး လမင်းကို လှမ်းကြည့်လေ၏။ လမင်းက သူ့ လှမ်းကြည့်တာနှင့်တိုးပြီး ချက်ချင်း မျက်နှာပြန်လွှဲသွားလေ၏။ အချို့တွေက လမင်းနဲ့နေကြာကို အခုမဟုတ်ရင်တောင် နောက်ဟုတ် လာမှာပဲလို့ ထင်ကြေးပေးနေကြတာလေ။ အိအိကတော့ မဖြစ်စေချင် ပါဘူး။ ဘာလို့လဲဆို သူမက လမင်းကို သဘောကျနေတာကိုး။

လမင်းက ချောသည်လေ။ ဖြစ်နိုင်တာတွေ မဖြစ်နိုင်တာတွေ က အခုချိန်မှာ ဘယ်ပါပါ့မလဲ။

"ဟဲ့"

". . . . . . . . ."

"နေကြာ"

"ဘာလဲ"

"လမင်းက ချောတယ်နော်"

"အဲဒါ ဘာဖြစ်လဲ"

"ဘာဖြစ်ရမှာလဲ ဘာမှမဖြစ်ဘူး"







www.burmeseclassic.com

www.burmeseclassic.com



"လမ်းချောတော့ မထိန်းနိုင်ရင် လဲမှာပေါ့ဟ"

ရှေ့ခုံကလူကြားပြီး လှမ်းပြောလေတော့ အားလုံး ခစ်ခနဲ ရယ်ကြလေ၏။ ဒါကို အိအိ ရှက်ဝဲဝဲလေးဖြစ်ပြီး ဘာမှမပြောတော့ပေ။

"ဆရာမ လာပြီ"

ဆရာမလာပြီဆိုမှ ရှေ့ကလူပါ ပြန်လှည့်သွားကြပြီး နှုတ်ဆက်ဖို့ မတ်တပ်ရပ်လိုက်ကြသည်နှင့် စောစောကကိစ္စ အားလုံး ပြီးဆုံးသွားလေပြီ။

() () ()



## အခန်း (၈)

ကျော်ကျော် မနက်အိပ်ရာကထလို့ သရေစာ ထမင်းကြမ်း စားဖို့ မီးဖိုချောင်ထဲသို့ ဝင်လာရာတွင် နေကြာ ထမင်းချိုင့်အတွက် အမေ အလုပ်ရှုပ်နေတာကိုမြင်တော့ ရပ်ကြည့်နေလိုက်၏။

အမယ်လေး ... လူတစ်ယောက်တည်း စားမှာကို ငါးကြော် တွေထည့်နေလိုက်တာများ စတီးခွက်အပြည့်ပါလား။ ဒါကြောင့် ..

"အမေ"

"ဟေ"

"အဲဒါ နေကြာအတွက်လား"

"အေး ... ဟုတ်တယ်လေ၊ ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို စာမေးပွဲနားနီးလို့ အလှူလုပ်ပြီး ယတြာချေမလို့လား"

"နင် ဘာပြောတာလဲ ကျော်ကျော်"

"ဟုတ်တယ်လေ၊ အမေထည့်ပေးတဲ့ငါးကြော်တွေက ဒီ လောက်များနေတာကို သူတစ်ယောက်တည်း စားလို့ကုန်မတဲ့လား အဲဒါကြောင့် အလှူလုပ်မလို့လားလို့မေးတာ။ မေးတာက ငေါ့မေး တာ"

"နင်ငေါ့မှန်း ငါသိသားပဲ"

ဒေါ်မြလေး သားကြီးကို မျက်စောင်းထိုးပြီး ဟိုဘက်ပြန် လှည့်ကာ ထမင်းဆူးကာ နေကြာအတွက် ထည့်ရပြန်လေသည်။ သားနှစ်ယောက်တုန်းက ကျောင်းစာကို စိတ်မဝင်စားဘဲ ဆက်ထား လို့မရတာနှင့် လေးတန်းအောင်တာနှင့် ကျောင်းထုတ်ပစ်ခဲ့ရတာလေ ကိုယ့်မိသားစုထဲမှာ ပညာတတ်လေးတစ်ယောက်တော့ ရှိသင့်တာပေါ့ ဒါမှ မိဘတွေ ဂုဏ်ယူလို့ရမှာ မဟုတ်ဘူးလား။

ဒါကြောင့် အငယ်ဆုံးဖြစ်တဲ့သမီးလေးကိုပဲ ကာရိုက်ထားခဲ့ပြီ ကျောင်းဆက်ထားခဲ့တာပါ။ သမီးလေးကို လူပုံအလယ်မှာ မျက်နှာ မငယ်ရအောင် ဒီလိုလုပ်ကိုင်ပေးနေတာကိုပဲ သူတို့က မနာလိုဘူးလား မသိပါဘူး။





"သားကလည်း သိသားပဲ"

"နင်က ဘာသိတာလဲ"

"အမေ ဘယ်သူ့အတွက် ပိုထည့်ပေးတယ်ဆိုတာကိုပေါ့"

"ဟဲ့ . . . နင့်ညီမက အထက်တန်းကျောင်းသူလေ။ ထမင်း စားရင် သူငယ်ချင်းတွေနဲ့ စားမှာဆိုတော့ သူ့မှာငါးငါးစား၊ ငါ့ဟင်း သူစား စားကြမယ့်အချိန်က ကိုယ့်ကလေးမှာ ဟင်းနည်းနေရင် မျက်နှာငယ်မှာစိုးလို့ပေါ့ဟဲ့"

"အဲဒါ အကြောင်းပြချက်ပါ။ တကယ်က ဟိုကောင့်အတွက် မို့လား လမ်းလေ"

ပြောနေပုံက ယောက်ျားလေးဖြစ်ပြီး မဲ့မဲ့ရွဲ့ရွဲ့နှင့်ပါ။

"ဟုတ်တယ်ဆိုတော့ရော ဘာဖြစ်လဲ။ သူ့အမေအစောက လည်း အမြဲတမ်း နင့်ညီမအတွက်ပါ ပိုထည့်ပေးတာပဲလေ။ နင်က ဘာဖြစ်နေတာလဲ"

"ဘာမှမဖြစ်ဘူး၊ သားလည်း ထမင်းကြမ်းစားတော့မယ်။ ရှုပေးဦး"

"ပြီးရော"

အမေ ကိုကြီးထမင်းစားဖို့ ပြင်ဆင်ပေးနေတုန်း နေကြာ သုပ်စရာရှိတာကို ကိုယ့်ဘာသာပဲ ဆက်လုပ်လိုက်သည်။ ကိုကြီးက



www.burmeseclassic.com

www.burmeseclassic.com



ကဂျိကကျောင်နဲ့ဆိုတော့ အမေ စိတ်ညစ်မှာစိုးလို့လေ။ မနက်ဖြန်ဆိုရင်ပဲ ကိုကြီး တောထဲကို ပြန်တော့မှာပါ။ အဖေ ကိုကြီးနဲ့ကိုလေးတို့က ရွာကို ရိက္ခာယူရအောင် တစ်ကိုယ်တစ်လှည့် ပြန်လာကြတာလေ။

တောင်ပေါ်မှာစားဖို့ ဆန်အိတ်နဲ့ လိုအပ်တဲ့ဟင်းကြွေးမိတ်စတွေ ဝယ်ခြမ်းပြီး ပြန်တာပါပဲ။ သားအဖသုံးယောက် လုပ်အားဆိုတော့ စီးပွားရေးက အဆင်မပြေ ရှိပုံမလား။ ဒါတောင် ဒီနှစ်နေကြာ့ကျောင်းစရိတ်အတွက် အကုန်အကျတွေ များနေလို့ပါ။

"နေကြာ"

"………"

"နေကြာ"

"ဟော … လမ်းခေါ်နေပြီ သမီး"

"သမီးကြားပါတယ် အမေရဲ့"

"နေကြာရေ … သွားမယ်ဟေ့"

"လာပြီ လမ်းရေ လာပြီ"

"ပြီးပြီလား သမီး"

"ဟုတ် … ပြီးပြီအမေ"

"အေး … အေး အဲဒါဆို သွားတော့"





နေကြာ ထမင်းချိုင့်လေးဆွဲပြီး ကိုကြီးရှေ့ကျတော့ ခါးလေးကိုင်း၍ ထွက်သွားလေသည်တွင် ကျော်ကျော် ညီမဖြစ်သူကို လိုက်ကြည့်ရင်း စိတ်ထဲမှာ တစ်ခုခုကို စိုးရိမ်သွားမိ၏။ ညီမလေးက တောသူဆိုပေမယ့် ပင်ပင်ပန်းပန်းအလုပ်လည်း မလုပ်ရတော့ အသားလေးတွေ ဝင်းနှစ်နေပြီး အရမ်းချစ်စရာကောင်းတာပါပဲ။

ဟိုကောင်ကလည်း ဒီအတိုင်းပဲလေ။ မိဘတွေကသာ ကျွန်စုတ်ပစ်တဲ့သရက်စေ့။ သူကတော့ မင်းသားတစ်ပါးအတိုင်းပါပဲ။ နှစ်ယောက်စလုံးကလည်း ထွားကြတော့ ဟူး။ စိတ်ကြီးဝင်ပြီး ငြိကုန်ကြမှာကိုစိုးတာလေ။ စကားပုံက ရှိနေတာပဲဥစ္စာ။ အိုးချင်းထားအိုးချင်းထိ ကြိုးချင်းထား ကြိုးချင်းငြိတဲ့၊ အဲဒီလိုဆိုရင် ဟိုကောင်က ငါးပိချက်အိုးဖြစ်ပြီး ကိုယ့်ညီမက ဟင်းသားအိုးလေ။ ကြိုးဆိုရင်လည်း ကိုယ့်ညီမက ရွှေကြိုးလေးလေ။ ဟိုကောင်က အဝတ်စုတ်နဲ့ကျစ်ထားတဲ့ ကြိုးပဲဥစ္စာ။

"အမေ"

"………"

"ကျွန်တော် မပြောချင်လို့ ကြည့်နေတာနော်။ အကောင်းတော့ ထင်မနေနဲ့ သိလား"

"ဟဲ့ … ဘာကိုလဲ ကျော်ကျော်ရဲ့။ နင်ဟာလေ အမေ



www.burmeseclassic.com

www.burmeseclassic.com



နားပူအောင် တော်တော်ပြဿနာရှာတဲ့ကောင်ပဲ သိလား''

''ကျွန်တော်က ပြဿနာရှာတာမဟုတ်ဘူးအမေရဲ့။ တော်ကြာ အမေ့သမီး ပြဿနာထုပ်ကြီး အမေ့ခေါင်းပေါ် ရောက်လာမှာ စိုးလို့ပြောနေတာ''

''သမီးက ဘာဖြစ်နေလို့လဲ။ နင်ပြောပုံကနော်၊ ထမင်းစားမယ်ဆိုရော့ အေးအေးဆေးဆေးစား''

ပန်းကန်ထဲသို့ ထမင်းနူးထည့်ပြီး ငါးကြော်တွေပါ ထည့်ပေးကာ လက်ထဲထည့်ပေးလိုက်တော့ . . .

''ဖွန်းပေးပါဦး''

''ကဲ . . . ရော့ ရော့''

ဖွန်းထည့်ပေးတော့ ထမင်းစားနေရင်းလည်း ပြောချင်နေတဲ့ စကားကို မျိုသိပ်မထားနိုင်။

''အမေ့သမီးက အသက်သာငယ်သေးတာ လူကတွားတော့ စိတ်မချဘူး အမေ''

''စိတ်မချရအောင် လမ်းတစ်ယောက်လုံးပါနေတဲ့ဥစ္စာ''

''အဲဒီလမ်းနဲ့ကိုပဲ စိတ်မချတာ''

''ဘာ''

''မဘာနဲ့ ဒီအရွယ်တွေက စိတ်ကစားတဲ့အရွယ်တွေ





အမေရဲ့''

ဒေါ်မြလေး သားဖြစ်သူကို မျက်မှောင်ကြုတ်၍ ပြန်လှည့်ကြည့်လိုက်ကာ . . .

''နင် စိုးရိမ်လွန်နေတာပါ ကျော်ကျော်ရယ်။ ကလေးတွေက အဲဒီလောက် မဟုတ်ပါဘူး''

''တကယ်လို့ ဖြစ်သွားရင် အမေ ဘယ်လိုလုပ်မလဲ''

''အဲဒီတော့လည်း ပေးစားလိုက်ရုံပေါ့ပါယ်''

''ဟာ . . . အမေ''

''ခွလန့်''

ကျော်ကျော် ထမင်းပန်းကန်ကို ဆောင့်ချပစ်လိုက်တော့ . .

''အဲဒါ ဘာဖြစ်တာလဲ''

''အမေက သဘောတူနေတာလား။ အဲဒီလိုမရဘူးနော် အမေ၊ အမေက ဘာစိတ်ကူးနဲ့ အဲဒီကောင်ကို သဘောကျနေတာလဲ။ ကျွန်တော်ကတော့ မရဘူးနော်။ ဘယ်လိုမျိုးရိုးက ပေါက်ပွားပြီး ဘယ်ကမှန်းမသိ လမ်းဘေးကကောက်ရတဲ့ကောင်နဲ့ ကျွန်တော့်ညီမကို လုံးဝ သဘောမတူနိုင်ဘူး''

သားရဲ့အပြောကြောင့် ဒေါ်မြလေး ရင်ထဲမှာ စိတ်မကောင်းဖြစ်သွားရ၏။ တစ်ဖက်လူကို အဲဒီလောက် နှိမ်နှိမ်ချချ ပြောရ



www.burmeseclassic.com

www.burmeseclassic.com



မလိုဘူးလေ။ လမ်းဘေးက ကောက်ရတော့ရော လက်ရှိအုပ်ထိန်းသူရဲ့ သွန်သင်ဆုံးမမှုက အဓိကမဟုတ်ဘူးလား။ ကောင်လေးက မိဘတွေအပေါ် သိတတ်ပြီး လိမ္မာတာပဲဥစ္စာ။

ဒီခေတ်ထဲမှာ သူတို့အရွယ်တွေ အတော်များများက ကွမ်းယာလေး ပါးစပ်ထဲငုံ၊ ဆေးလိပ်လေးလက်ကြားညှပ်ပြီး အရက်ကလေး တမြမြနဲ့ ဖြစ်နေကြတာလေ။ လူဆိုတာ စည်းစိမ်ဥစ္စာချမ်းသာဖို့ထက် အကျင့်သီလ စာရိတ္တချမ်းသာဖို့က အဓိကပဲလေ။

"အဲဒါ ကျွန်တော်တင် မဟုတ်ဘူးနော် အမေ။ အဖေကလည်း နေကြာနဲ့လမ်း အတူတူကျောင်းသွားတာကို မကြိုက်ဘူးတဲ့၊ ကြိုက်ချင်စရာမှ မရှိတာလေ။ သူ့အဖေဦးတင့်နဲ့ သူ့အမေ ဒေါ်စောက အမေတို့ရဲ့ ခိုင်းဖတ်စေဖတ်တွေပဲ မဟုတ်ဘူးလား"

"လူတစ်ယောက်သားကို နှင် အဲလောက်ထိ နှိမ်နှိမ်ချချ မပြောစမ်းနဲ့ ကျော်ကျော်။ ဘာခိုင်း စေဖတ်လဲ။ သူတို့ကလည်း လုပ်ပေးမယ့်သူရှိလို့ လုပ်ပေးနေတာပါဟယ်။ နင်ရော နင့်ဘဝနင် တစ်သက်လုံး ချမ်းသာနေမယ် ထင်လို့လား"

"ချမ်းသာအောင်လုပ်နေတာပဲ ဥစ္စာ"

"အေး ... အဲဒါက ကံကောင်းနေတုန်း ပြောအားရှိတာလေ။ ကံငယ်လာပြီဆိုရင် ရေသောက်တာတောင် လည်ချောင်း





အရိုးစူးတယ်ဟဲ့ နားလည်လား။ သူများကို မှိုချိုးမျှစ်ချိုး မပြောနဲ့၊ ကိုယ့်ဘဝလည်း ရှေ့ဆက် ဘာဖြစ်မယ်ဆိုတာ ဘယ်သူမှသိတာ မဟုတ်ဘူး။ ကိုယ်မြင့်နေတဲ့အချိန်မှာ သူများကို နှိမ်ချပြောရင် ကိုယ်လည်း နိမ့်ကျသွားရော ဘာဖြစ်မယ်ဆိုတာ နင်သိလား ... ဟွန်း"

ပြောပြီး ဒေါ်မြလေး ထသွားလေတော့ ဒီသားက ငါဆိုတဲ့အတ္တနဲ့ လက်မထောင်ချင်သူမို့ သဘောထဲမှာမတွေ့ပေ။ ဆင်းရဲချမ်းသာဆိုတာ အပင်ပေါက်နေတာမှမဟုတ်တဲလေ။ လူတစ်ယောက်ရဲ့ အစွမ်းအစပေါ်မှာ မူတည်တာပဲဥစ္စာ။

"အမေက ပြောလိုက်ရင် အဲဒီလိုပဲ"

ဒေါ်မြလေး လှည့်မကြည့်တော့ပေ။ ဆက်ပြောနေရင် အမေက ကိုယ့်သားထားပြီး သူများဘက်က ကာကွယ်တယ်လို့ ပြောဦးမှာ သိသားပဲ။

() () ()



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

ဒီနေ့ ဆယ်တန်းစာမေးပွဲဖြေတဲ့နောက်ဆုံးနေ့လေ။ စာမေးပွဲဖြေပြီးလို့ စာမေးပွဲခန်းထဲက ထွက်လာတော့ လမ်း ကျောင်းရှေ့က နေပဲ နေကြာကို စောင့်နေလိုက်သည်။ နေကြာဖြေနိုင်ရဲ့လား။ လမ်းကတော့ အများကြီးတော့ မျှော်လင့်မထားပေ။ ဒါပေမဲ့ အောင်မှာပါ။ ဂုဏ်ထူးနှစ်ခုလောက်တော့ မှန်းထားတာပဲ။

နေကြာက သူ့ထက်ပိုမှာပါ။

ဘာလို့လဲဆို သူက နှစ်စကတည်းက ကျူရှင်ယူခဲ့တာကိုး။ ရည်ရွယ်ချက်ပန်းတိုင်ဆိုတာလည်း ရှိနေတာပဲလေ။ ကြိုးလည်း ကြိုးစားခဲ့တာပဲ ဥစ္စာ။





"လမ်း"

"........."

"လမ်း"

"ဟော ... ထွက်လာပြီလား"

"အေး"

"ဘယ်လိုလဲ ဖြေနိုင်ရဲ့လား"

"ဖြေနိုင်ပါတယ်၊ ဂုဏ်ထူးတော့ မမှန်းရဲဘူးပေါ့ဟာ။ ပါလာရင်တော့ ကံပေါ့"

"အေးပါ ... ဖြေနိုင်တယ်ဆိုရင် ဝမ်းသာပါတယ်။ လူကြီးတွေကတော့ ဆယ်တန်းကို နတ်ကြီးတယ်လို့တော့ ပြောကြတာပဲ"

"နင်ရော ဖြေနိုင်လား လမ်း"

"အင်း ... ဖြေနိုင်တာပေါ့"

"အမယ် ... ရုပ်ကြီးက လန်းနေပါလား"

"မလန်းဘဲ နွမ်းနေရအောင် ငါက ပန်းမှမဟုတ်တာ။ ပန်းဖြစ်နေရင်တောင် ငါက အဖေနဲ့အမေ့အတွက် ဘယ်တော့မှ နွမ်းတဲ့စက္ကူပန်းပဲ ဖြစ်ချင်တာ"

ပြောပြီး လမ်းက စက်ဘီးပေါ်သို့တက်လေသည်။ နေကြာတလည်း နောက်မှခုန်တက်ပြီး လိုက်ပါသွားလေ၏။ ဒီနှစ်ယောက်ပဲ



www.burmeseclassic.com

www.burmeseclassic.com



အချစ်ဆုံးသူငယ်ချင်းတွေဆိုတော့ အခြားဘယ်သူ့ငယ်ချင်းကိုမှလည်း စောင့်ပြီး နှုတ်မဆက်ချင်တော့ပါဘူး။ နှုတ်ဆက်နေရင် အချို့ မဖြေနိုင်ဘူး အသံကြားပြီး စိတ်မကောင်းဖြစ်နေဦးမှာ။

ဒါကြောင့် အိမ်ကိုပဲ အမြန်ရောက်ချင်သည်လေ။ အိမ်မှာ ကိုယ့်သားကိုယ့်သမီး ဖြေနိုင်ပါ့မလားလို့ ရင်တမမနှင့် စောင့်မျှော်နေရှာမည့် အမေတွေကို စိတ်ဒုံးဒုံးချပြီး ဝမ်းသာစေချင်လှပါပြီ။ အဲဒါကြောင့်ပဲ အိမ်ကို အမြန်ရောက်ချင်နေကြတာလေ။

"စက္ကူပန်းက ဘာရနံ့မှမရှိဘူး လမ်းရဲ့"

"ရနံ့မရှိတော့ ဘာဖြစ်လဲ"

"ဟဲ့ . . . ပန်းဆိုတာ ရနံ့ရှိမှ တင့်တယ်တာလေ"

"ရနံ့ရှိပြီး အမြန်နွမ်းသွားတော့ ဘာလုပ်ရမှာလဲ။ ငါက အမြဲလန်းချင်တာ။ -အဖေနဲ့အမေအတွက်ပါ။ ဘယ်သူ့ပဲရနံ့မရှိဘူး ပြောပြော ငါ့မိဘတွေ နှာခေါင်းထဲမှာတော့ မွှေးနေမှာပဲလေ"

"အမယ်လေး . . . ဟုတ်ပါပြီ၊ တကတည်း စကားကလည်း တတ်လိုက်တာ"

"ငါက တကယ်ပြောတာ"

နေကြာ နောက်သို့ အမှတ်တမဲ့ လှည့်ကြည့်လိုက်စဉ် ဖင်မင်းလတ်နဲ့ အောင်ကိုဦး စက်ဘီးကို တအားနင်းပြီးလိုက်လာတာ မြင်လေတော့ . . .





"ဟဲ့ . . . လမ်း"

"ဟင် . . . ဘာလဲ"

"နောက်မှာ ဖင်မင်းလတ်တို့ လိုက်လာတယ်။ တို့ ရေကျော်ကျ မမသီတာတို့အိမ် ခဏဝင်နေရအောင်"

"ငါပါနေတာကို နင်ကကြောက်လို့လား"

"မကြောက်ပါဘူး၊ နင်နဲ့ရန်ဖြစ်မှာစိုးလို့ပြောတာ။ သူတို့က နှစ်ယောက်လေ၊ ရန်ဖြစ်ရင် နင်နာမှာ ငါမကြည့်ရက်လို့ပြောတာပါ"

"ပြီးတာပဲ"

နေကြာပြောတဲ့ ရေကျော်ရွာထဲသို့ ဝင်လာခဲ့ပြီ၊ လမ်းကလည်း ဟုတ်နိုင်သလောက် အမြန်နင်းပြီး ဖင်မင်းလတ်တို့က ရွာထဲမို့ ကိုယ်ရှိန်သတ်ပြီး ပုံမှန်ပဲ နင်းလာလေတော့ မမသီတာတို့အိမ်၊ ခြံထဲသို့ စက်ဘီးကို ကွေ့ဝင်လိုက်သည်နှင့် . . .

"ဟာ . . . သွားပါပြီကွာ"

"အဲဒါ . . . လမ်း သက်သက်ညစ်တာကွ"

"တောက် . . . ခွေးမသား"

ဆဲသံကြောင့် လမ်း စိတ်ထဲမှာ တင်းခနဲဖြစ်ပြီး တစ်ချက်တော့ လှည့်ကြည့်ဖြစ်သေး၏။ အမေကိုထိခိုက်ဆဲတာ ကိုယ့်ကို



www.burmeseclassic.com

www.burmeseclassic.com



ရိုက်တာထက် နာတယ်လေ။

ဒါပေမဲ့ . . . ရန်မဖြစ်ချင်လို့ ငြိမ်နေလိုက်တာ။

"ဒါ တို့လိုက်လာမှန်းသိလို့ တမင်ဝင်သွားတာကွ။ တော်

တော်နဲ့ ပြန်မှာမဟုတ်သေးဘူးလို့ ငါထင်တယ်။ တောက် . . .

အဲဒီကောင် ကောက်ရိုးပုံစောင့်တဲ့ခွေးကွ"

"အခု . . . မင်းဘယ်လိုလုပ်မလဲ ဖင်မင်း။ စောင့်နေမလာ

သူတို့သွားမယ့် လမ်းကလေ"

"နေပါစေ . . . ထင်းခွေမကြို ရေခပ်တော့ကြုံဦးမှာပါ။ တို့

ပြန်ကြမယ်"

"ကျောင်းက ပြီးသွားပြီလေကွာ။ ဘယ်လိုကြုံဦးမှာလဲ"

"ဘာပြီးတာလဲ၊ ဘွဲ့ရပြီးတာမှ မဟုတ်တာ။ ကံမကုန်ရင်

တော့ ပြန်ဆုံဦးမှာပါ"

"အံမယ် . . . မင်းက အောင်မယ့်ကောင်မို့လို့လား"

"ဟေ့ကောင်"

အောင်ကိုဦးပြောတာ အမှန်ပဲပေါ့။ ဖင်မင်းလတ်က အောင်

ဦးလောက်ပင် ကြိုးစားမှုမရှိတဲ့ကောင်လေ။ ဟိုယောင် ဒီယောင်

ယောင်နှင့် ခပ်ပွေပွေကောင်ပဲဉစ္စာ။ မိဘကချမ်းသာပြီး အလိုလိုက်

ထားတဲ့ကောင်။ မိဘကျောင်းထားပေးလို့ မဖြစ်မနေ ကျောင်းတက်





နေရသည့်တိုင် စိတ်မှမပါတာ။

"ဒါဆိုလည်း ပြန်မယ်ကွာ"

ဖင်မင်းလတ်တို့ လှည့်ပြန်သွားပြီးနောက်မှာတော့ . . .

"ဟဲ့ . . . လမ်း"

". . . . . . . . . . . . ."

"ဟိုကောင်တွေ လှည့်ပြန်သွားပြီ"

"မြင်သားပဲ"

အသံက မာဆတ်ဆတ်မို့ . . .

"အံမယ် . . . အသံက"

"ဘာဖြစ်လဲ"

"မာနေလို့"

"မမာရအောင် နင့်အကောင်တွေ ငါ့ကိုဆဲသွားတာ မကြား

ဘူးလား။ ငါ့အမေကို ထိခိုက်ပြီး ဆဲသွားတာ ငါက ငါ့ကို ရိုက်တာထက်

ပိုပြီးနာတယ် သိလား"

ဟုတ်တော့ ဟုတ်ပေမယ့် ကြီးကျယ်ရန်ကောလို့ မျက်စောင်း

တော့ ထိုးလိုက်မိသေးသည်။ ဝင်သာလာရတယ် မမသီတာတို့အိမ်မှာ

က မမသီတာအသွားကလွဲပြီး အိမ်မှာ ဘယ်သူမှမရှိကြပေ။ မတ်ပဲချိန်

မို့ ပဲလှေ့သွားကြရသည်တဲ့။ ဒါကြောင့် . . .



www.burmeseclassic.com

www.burmeseclassic.com



"အဘွား"

"ဟော"

"သမီးတို့ပြန်တော့မယ်နော် အဘွား"

"အေး . . . အေး"

နှစ်ယောက်သား လွယ်အိတ်ကလေးတွေ ပြန်လွယ်ပြီး ထွက်လာခဲ့ကြတော့ . . .

"ဟိုကောင်လေး"

"ဗျာ"

"စက်ဘီးကို ဖြည်းဖြည်းစီးနော် ကြားလား"

"ဟုတ်ကဲ့ပါ ဘွား"



## အခန်း (၁၀)

"အမေ"

". . . . . . . . . . . . . . ."

"အမေ"

"ဟော . . . သားပြန်လာပြီ"

"ဟုတ် . . . သားပြန်လာပြီ အမေရဲ့"

လမ်းက စက်ဘီးကို နေကြာနဲ့ပေးလိုက်ပြီး ကိုယ့်အိမ်လေးဆီကိုသာ ကသောကမျော ပြန်လာခဲ့တာ ဝမ်းသာအားရပါ။ ဆင်းရဲတဲ့ ကြားက ကျောင်းထားခဲ့တာ။ အခု လမ်း တမေးပွဲဖြေနိုင်ခဲ့သည်ပေါ့။ လမ်း နှလုံးသွင်းထားခဲ့တာကို ကိုယ့်မိဘတွေက ကိုယ့်အပေါ် . . .



www.burmeseclassic.com

www.burmeseclassic.com



သူများမိဘတွေ သူတို့သားသမီးအပေါ် ချစ်ကြတာထက် ကိုယ့်ကို ကိုယ့်မိဘတွေက ပိုချစ်သည်ဟုထင်သည်။ သူများတွေပြောသလို လမ်းက လမ်းပေါ်မှာ ကောက်ရလို့ မွေးစားတာပဲဖြစ်ဖြစ် သားအရင်းပဲဖြစ်ဖြစ် ဘယ်သူ့ကိုမှ ဂရုမစိုက်ပေ။ အဓိကလိုအပ်တာက အပြန်အလှန်ချစ်နေကြဖို့ပဲ မဟုတ်လား။

"စာမေးပွဲ ဖြေနိုင်ရဲ့လား သား"

"မျက်နှာကိုကြည့်လိုက်လေ အမေရဲ့။ အမေတို့ ဆင်းရဲတဲ့ကြားကနေ သားကို ကျောင်းထားပေးရတာ မိဘလုပ်စာကို နောက်တစ်နှစ်ဆက်ဖြုန်းဦးမယ့်ရုပ်လားလို့"

"ဟုတ်ပါပြီ ... အမေက သားကိုယုံပြီးသားပါကွယ်။ ဒါနဲ့နေကြာရော ဖြေနိုင်ရဲ့လား သား"

"ဟုတ် ... ဖြေနိုင်တယ် အမေ"

"အစောရေ ငါ ပြန်လာပြီဟေ့"

"ဟော"

"အစော"

သားအမိနှစ်ယောက် အသံကြားရာကို ကြည့်လိုက်ပြီး ဦးတင့် ပြန်လာတာကိုမြင်လေတော့ ...

"အဖေ ပြန်လာတယ်"





"သား ... အဖေပြန်လာပြီ"

"အဖေ"

"သား"

လမ်း အဖေ့ဆီသို့ ပြေးသွားပြီး လွယ်အိတ်ကလေးယူကာ ကြိုဆိုလိုက်၏။ အဖေ့အတွက် ဒီလွယ်အိတ်ကိုလွယ်ရတာ ဘယ်လောက်မှ ခက်ခဲပင်ပန်းတာ မဟုတ်ပေမယ့် ခုလို ကြိုဆိုပေးခြင်းက အမောပြေဆေးပဲလေ။ မိဘတွေမောမောက ပြန်လာလို့ သားသမီးမျက်နှာကိုမြင်လိုက်ရရင် အမောပြေသွားကြတာ မွေ့တာပါ။

"ဒီနေ့ သား စာမေးပွဲဖြေပြီးတဲ့နေ့မှန်းသိလို့ အဖေပြန်လာခဲ့တာကွ။ ပြန်လာချင်တာတော့ ဟိုရက်ကတည်းကပါ။ သစ်ဖိုးမရသေးလို့ အဖေ စောင့်နေတာ။ ဘယ်လိုလဲ အဖေ့သားကြီး ဖြေနိုင်ရဲ့လား"

လမ်း လက်မထောင်ပြလိုက်လေတော့ ...

"ဒါမှ ငါ့သားကြီးကွ။ သားတော်မှန်းကို အဖေ သိပြီးသားပါကွာ"

"ကဲ ... အိမ်ပေါ်တက်ကြပါ။ ပြီးမှ အလွမ်းသယ်ကြ။ တစ်နေ့လုံး တစ်ညလုံး"

"မင်းကလည်း"

"ဟုတ်သားပဲ အမေကလည်း အမေကမှ တောထဲကို



www.burmeseclassic.com

www.burmeseclassic.com



ခဏခဏ လိုက်သွားလို့ အဖေနဲ့တွေ့ရတယ်လေ။ သားက အဖေ

မတွေ့ရတာကြာလှပြီပဲဥစ္စာ လွမ်းတာပေါ့လို့”

“ငါ့သားကတော့ကွာ”

ဦးတင့် သားကိုပွေ့ဖက်ပြီး ပါးပြင်ကို နမ်းလေတော့

သားက အခုထိ သူမျက်စိထဲမှာ ကလေးလေးလေးပဲရှိသေးတာလေ

ပြီးတော့ သူများတွေကပြောကြတယ်။ ဘယ်လိုမျိုးရိုးက ဆင်းသက်

ပေါက်ဖွားလာတဲ့ကလေးမှန်းမသိဘဲနဲ့တဲ့။ အဲဒီလိုပြောတဲ့သူကို

ရန်သူလိုပဲ သတ်မှတ်ပြီး အပေါင်းအသင်းမလုပ်မိအောင်နေသည်အထိ

သူ သားကိုချစ်ခဲ့တာလေ။

သူ့ဘာသာ ဘယ်မျိုးရိုးကပဲ ဆင်းသက်လာလာ သား

လိမ္မာနေတာပဲဥစ္စာ။ ပြီးတော့ ကိုယ်နဲ့ထိုက်လို့ကိုယ်ရတာ ကိုယ့်သား

ပေါ့။

“အဖေ”

“ဟေ”

“သားလည်း စာမေးပွဲပြီးသွားပြီဆိုတော့ အဖေ တောထဲ

ပြန်ရင် သားပါလိုက်မယ်နော်”

“ဘာ”

ရင်ဘတ်ချင်း ကပ်ဖက်ထားတဲ့သားမျက်နှာကို ဦးတင်





လှချင်းခွာကာကြည့်လိုက်ပြီး . . .

“မင်းက တောထဲကို ဘာလိုက်လုပ်မှာလဲ။ အဲဒါ မင်းနဲ့

တန်တဲ့နေရာလား မလိုက်ရဘူး”

“အဖေ”

“ဆက်မပြောနဲ့၊ မင်းကို မိဘတွေက နိုင်းစားဖို့မွေးထား

တာ မဟုတ်ဘူးကွ။ ပညာတတ်ဖြစ်စေချင်လို့ ကျောင်းထားပေးနေ

တာ။ သစ်ခုတ် ဝါးခုတ်အလုပ်က ဘယ်လောက်ပင်ပန်းလဲ မင်း သိ

သား။ လုံးဝမလိုက်ရဘူး။ အဖေက အဖေ့ဝမ်းသာ ဂွျတ်တက်ရင်

တက်သွားပါစေ ငါ့သားကိုတော့ ဒီလိုအလုပ်တွေ ဘယ်တော့မှ

မလုပ်စေရဘူး”

“အဖေကလည်း သားက ဒီလိုပဲ မိဘလုပ်စာကို တစ်သက်

လုံး ထိုင်စားနေရမှာလား။ ဒီအရွယ်ရောက်နေပြီပဲဥစ္စာ သားနိုင်သ

လောက်ဝန်တော့ ထမ်းပြီး မိဘကို ကူညီချင်သေးတယ်။ အဖေတို့

ဖြစ်စေချင်သလိုလည်း သားဖြစ်အောင် ကြိုးစားမယ်။ ရွာမှာ အလုပ်

မရှိ အကိုင်မရှိနဲ့ ထိုင်စားနေရမှာ ပျင်းစရာကြီးအဖေရ။ မရဘူး

လိုက်မှာပဲ”

“သား”

ဦးတင့်အသံက မာသွားလေ၏။ အသံမာရုံမက ထပ်ရိုက်ဖို့



www.burmeseclassic.com

www.burmeseclassic.com



လယ်းကတော့ အလျှော့မပေးနိုင်။ အမေ့ခမျာ အိမ် စားရေးသောက်ရေး နဲ့ သူ့ကျောင်းစရိတ်အတွက် ရှာဖွေနေရတာ ဘယ်လောက် ပင်ပန်း နေပြီလဲဆိုတာ။

“အစော ... မင်းသားကို ကြည့်ပြောဦး”

“ဟုတ်သားပဲ သားရယ်”

“မဟုတ်နဲ့ အမေ။ အဖေ့နဖူးက ချွေး ... ခြေမ,ကျနေချိန် မှာ သားက မင်းသားတစ်ပါးလို အခန့်သားထိုင်စားမနေနိုင်ဘူး အမေတို့ မိဘတွေက သားအပေါ် မိဘဝတ္တရားကျေခဲ့သလို သား လည်း သားသမီးဝတ္တရား ကျေချင်တယ်။ သား တတ်နိုင်သလောက် ကလေး အဖေ့ကို ဝင်ကူပြီး ပြန်လုပ်ကျွေးပါရစေ။ သားကို ခွင့်ပြု ပြီးတော့”

“ပြီးတော့ ဘာဖြစ်လဲ”

“ဘာဖြစ်ရမှာလဲ အဖေရဲ့၊ တစ်ယောက်တည်း လုပ်အား နှစ်ယောက်လုပ်အား ဘယ်တူမှာလဲ။ နှစ်ယောက်ဝင်ငွေရှိတော့ စီးပွား ရေး အဆင်ပြေတာပေါ့”

“မင်း ငါ့ကို ဘုန်းကြီးစာချ မလုပ်နဲ့၊ ငါ လက်မခံဘူး”

ဘယ်လိုပဲပြောပြော ဦးတင့်က လက်မခံဘဲ ခေါင်းတခါခါ ဟုတ်တယ်လေ၊ တောထဲတောင်ထဲဆိုတာ သွားရတဲ့လယ်းက





ချောင်ကြိုချောင်ကြား ကျောက်တုံးကျို ကျောက်တုံးကြားမှာ။ ဒီကြား ထဲ သားရဲတိရစ္ဆာန်ရန်က အဆင်မသင့်ရင် ကြောက်ရသေးရဲ့။ ကိုယ့် သားရဲ့အသားအရေက ဖြူဖြူဖွေးဖွေး နုနုလေးပဲဥစ္စာကို တန်မှ မတန်တာ။

ပြီးတော့ တောထဲမှာ ဈေးသည်တွေရှိတယ်ဆိုပေမယ့် ကိုယ် က ရတဲ့ပိုက်ဆံလေး ပွဲမှာစီးလို့ ဖြစ်သလိုစားနေတာလေ။ ဝယ်စားရ တာက ဈေးကြီးနာကြီးမို့ မစားရက်ခဲ့တာပါ။

“မိဘရဲ့စေတနာကို နားလည်ပါသားရယ်။ သားအဖေက သားကို သူ့လိုပင်ပန်းမှာ အရမ်းစိုးရိမ်နေရှာတာကွဲ့”

“အနာခံမှ အသာခံရတယ်ဆိုတဲ့စကားရှိတယ်လေ အမေရဲ့။ အခု သားက စာမေးပွဲပြီးလို့ ကူလုပ်ဖို့ပြောနေတာ။ နောက်ဆို ရှေ့ဆက်ဖို့တွေ ရှိသေးတယ်လေ။ ဥပမာ ... သား ဘာမှ မလုပ် တတ်ရင် အဖေနဲ့အမေမရှိတဲ့အခါ ဘယ်လို ကိုယ့်အားကိုယ်ကိုး တတ်တော့မှာလဲ။ ကုဋေရှစ်ဆယ်ချမ်းသာတဲ့ သူဌေးသားတောင် မိဘတွေဆုံးပါးသွားတော့ ဘယ်ဘဝရောက်သွားလဲ အဖေတို့ အသိ ဆုံးပဲလေ”

လင်မယားနှစ်ယောက် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြ၏။ တော်တော် စကားကြွယ်တဲ့ကောင်။ သူပြောတာ



www.burmeseclassic.com

www.burmeseclassic.com



တွေက တစ်ခုမှမများတော့ ဘာပြန်ပြောရမှန်းပင် မသိတော့ပေ
အင်း ဟုတ်တော့လည်း ဟုတ်ပါတယ်လေ။ လူ့ဘဝဆိုတာ စာအုပ်
တစ်အုပ်လို စာမျက်နှာကျော်ကြည့်လို့မှ မရတာ။

ကိုယ်တွေသေရင်လို့ တွေးမိတော့ သားအတွက် တွေးပူကာ
ရင်ထဲမှာ စိုးရိမ်စိတ်တွေက ပြည့်နှက်သွားသည်။ အချို့ပြောကြပ်
တယ်။ သားသမီးကိုချစ်ရင် အလိုမလိုက်နဲ့၊ အလုပ်ကိုစုံအောင်
နိုင်းရမယ်တဲ့။ ဒါမှမိဘတွေမရှိတဲ့အခါ ကိုယ့်ဝမ်းစာအတွက် ကြိုးရ
ကျုပန်း လုပ်စားတတ်မှာတဲ့လေ။

သေသေချာချာတွေးကြည့်ရင် အဲဒီစကားက မှန်ကန်သည်
ဆိုတော့ . . .

"အဘော"

"ရှင်"

"မင်းသဘောက ဘယ်လိုလဲ"

"မသိဘူးလေ၊ သားပြောတာတွေက သေသေချာချာ တွေး
ရင် ဟုတ်တော့ဟုတ်နေတယ် ကိုတင့်ရဲ့။ သူ ဒီလောက်ဆန္ဒပြင်းပြ
နေရင်လည်း ခေါ်သာခေါ်လိုက်ပါ"

မနိုင်းချင်ပေမယ့် လုပ်ချင်လှပါတယ်ဆိုတော့ ဘာတတ်နိုင်မှာ
တဲ့လဲ။





"ကဲ . . . လိုက်ချင်လည်း လိုက်ခဲ့ကွာ"

"ဟာ"

လမ်း ဝမ်းသာအားရဖြစ်သွားပြီး . . .

"အမေ တကယ်ပြောတာနော်"

"အင်း"

"ဒါမှ တို့အဖေကွ"

"ဟာ . . . ပျော့ကောင်"

အဖေ့ကို လမ်း သိမ်းကျုံးဖက်လိုက်တော့ အဖေက အော်
လေသည်။ ဦးတင့်ကိုယ်ကို ဖက်ထားတဲ့သားလက်တွေကို ဖြစ်နိုင်ရင်
တွန်းဖယ်ပစ်လိုက်ချင်တာ။ သားရဲ့ လက်ကလေးတွေက ဖြူဖွေးနေပြီး
ကိုယ်က အသားမည်းတော့ မတူမတန်သလိုပါ။

ပြီးတော့ အလုပ်ကြမ်းလုပ်ထားတဲ့ ကိုယ့်ကိုယ်လုံးကြီးကပဲ
ကြမ်းရှနေသဖြင့် သားလက်နုနုလေးကို ဒဏ်ရာတစ်ခုရအောင် ပွန်းပဲ့
ထိရှသွားမှာစိုးသလိုလိုနဲ့လေ။

"သားလိုက်ရင် ကျွန်မလည်းလိုက်မယ် ကိုတင့်"

"ဟေ"

"ရှင်တို့သားအဖကို ထမင်းချက်ကျွေးရင်း ဒီလိုပဲ တစ်ဖက်
တစ်လက် ဝိုင်းကူရမှာပေါ့ရှင်"



www.burmeseclassic.com

www.burmeseclassic.com



"မင်းသဘောပါ"

ဩော် ... သားကျောင်းတက်နေတုန်းက မိသားစုနဲ့ သိပ်ပြီး အတူနေခွင့်မရခဲ့တဲ့ ဦးတင့်။

ခုတော့ မိသားစုနဲ့ မခွဲမခွာရတော့ဘူးပေါ့လေ။

() () ()



## အခန်း (၁၁)

လမ်း တောထဲကို သူ့အဖေနှင့်လိုက်သွားတော့မယ်ဆိုတော့ နေကြာ ဘယ်သူမှမသိအောင် မျက်ရည်ကျိတ်ကျရတော့သည်။ နောက်တော့ ဖြေလိုက်ပါတယ်။ တစ်သက်လုံး ခွဲကြရတာမှမဟုတ်တဲ လို့လေ။ ဒါကြောင့် အမေက ထမင်းဟင်းတွေချက်နေတုန်း နေကြာ က အိုးတွေတိုက်၊ ပန်းကန်တွေဆေးလုပ်နေစဉ် ...

"သမီး"

"............"

"ဟဲ့ ... နေကြာ"

"ရှင် အမေ"



www.burmeseclassic.com

www.burmeseclassic.com



"မနက်ဖြန်ကျ သမီးချက်တတ်တာလေးသာ ချက်ထားနော်၊ အမေက နေ့လယ်လောက်မှ အိမ်ပြန်ရောက်မှာ ကြားလား"

ပြောလိုက်တဲ့စကားက မဆက်မစပ်ကြီးမို့ . . .

"အမေက ဘယ်သွားမလို့လဲ အမေရဲ့"

"မနက်ကျ အစောတို့ ရိက္ခာတွေအတွက် ဈေးသွားဝယ်မလို့တဲ့။ အဲဒါ အမေလည်း သမီးအဖေတို့အတွက် သွားလိုက်ဝယ်မလို့လေ"

"ဒေါ်လေးစောတို့နဲ့ ထည့်ပေးလိုက်မှာလား အမေ"

"သူတို့နဲ့ထည့်ပေးလို့ ဘယ်ဖြစ်ပါ့မလဲ သမီးရယ်။ သူတို့ ပစ္စည်းတွေနဲ့ သူတို့တောင် မနည်းသယ်ရမှာကို။ အမေတို့သားအမိ လိုက်သွားရမှာပေါ့။ သမီးအဖေကလည်း သမီးကို သတိရလွန်းလို့ ဆိုတာနဲ့လေ"

"ဦးတင့်နဲ့ ပြောလိုက်တာလား"

"ဘယ်က ဟုတ်ရမှာလဲ၊ ရွာလယ်ပိုင်းက မတ်စိုး လာပြောတာ"

"ဒါဆို သမီးပါလိုက်ရမှာပေါ့နော် အမေ"

"အေးလေ . . . လိုက်နိုင်ပါ့မလား"

"ဘာလို့မလိုက်နိုင်ရမှာလဲ အမေရဲ့ . . . လိုက်နိုင်တယ် လိုက်နိုင်တယ်"





နေကြာ ပြောလိုက်တာ မှာမှာသလဲပါ။ ဒီက အစကတည်းက လိုက်သွားရရင် သိပ်ကောင်းမှာပဲလို့ တွေးနေတာလေ။ အခု လိုက်ရမယ်ဆိုတော့ ဝမ်းသာစရာကြီးပဲဥစ္စာ။ သူမလည်း အဖေနဲ့ မောင်ကိုတွေကို တွေ့ချင်ပါသည်။ အရင်တုန်းက ကျောင်းတက်နေတော့ စာကိုပဲ အာရုံစိုက်နေရတာနှင့် အိမ်ပြန်လာရင်တောင် အေးအေးဆေးဆေး စကားမပြောနိုင်ပေ။

"သမီးကို အမေက မလိုက်နိုင်မှာပဲ စိုးရိမ်နေတာ"

"အမေကလည်း သမီးကဘာသားနဲ့ထုထားတာမှတ်လို့။ လူချင်းအတူတူ သူများသွားနိုင်ရင် ကိုယ်သွားနိုင်ရမယ်။ သူများလုပ်နိုင်ရင် ကိုယ်လည်းလုပ်နိုင်ရမှာပေါ့"

စိတ်ဓာတ်ကအမာသားပဲလို့ ဒေါ်မြလေး ပြုံးလိုက်မိ၏။ ဒါပေါ့လေ နာမည်ကိုက နေကြာပဲဥစ္စာ။ လောကဓံဆိုတာကို ကြံ့ကြံ့ခံနိုင်ရည်ရှိရမှာပေါ့။

"ဒါဆို သန်ဘက်ခါသွားမှာလား အမေ"

"အေးလေ . . . သမီး ဒီနေ့ လျှော်စရာရှိတဲ့အဝတ်တွေ လျှော်ထားလေ။ မနက်ဖြန်ကျ မီးပူတိုက်ပြီး ထည့်ထားပေါ့"

"ဟုတ်ကဲ့ အမေ"



www.burmeseclassic.com

www.burmeseclassic.com



ဩော် . . . လမ်း သွားတော့မယ်ဆိုပြီး ကျိတ်ကျခဲ့ရ မျက်ရည်တွေ အလကားဖြစ်ကုန်ပြီပေါ့။

အခုချိန်ထိ နေကြာနဲ့လမ်းက ခွဲကြရမယ့် ကံဇာတာမ သေးဘူး ထင်ပါရဲ့။

() () ()



## အခန်း (၁၂)

♪ ငှက်မောင်နှံ တောင်ပံချင်းယှက် xxx မိုး ထက်သို့ပျံ xx တောင်သမန်အင်းရဲ့တင့်တဲ့ဟန် xxx တစ်ရံရောအခါက ဖြစ်ဆိုး xxx တောင်သမန်နယ်စားလေး မောင်ဖေငယ်လို အချစ်မျိုး xx မြတ်နိုးယုယ ချစ်သူအလှ ဗိုင်းခင်ခင်ရယ် xxx ငယ်ပေါင်းတွေမို့ လိုမျိုး ချစ်သူလိုတစ်သွယ် ရင်ဝယ်မျှိုသိပ် xxx ချစ်စိတ်တွေလည်း နှင့်မပြောရက်ခဲ့တယ် ♪

အားလုံးပဲ အထုပ်အပိုးတွေကို စက်လှေပေါ်တင်ပြီး စက်လှေ ထွက်သေးတာနှင့် ဟိုအကြောင်း ဒီအကြောင်းပြောနေကြစဉ် ကြာက ရေပြင်ထက်က နေရောင်ကြောင့် လက်ပြီး လှိုင်းထနေတော



www.burmeseclassic.com

www.burmeseclassic.com



ကို သဘောကျစွာ ကြည့်နေမိသည်။ ဒီဆည်ကြီးကကျယ်တော့ စက်လှေနဲ့ ကူးကြရတာလေ။

လမ်းကတော့ ဘယ်ကပျံ့လွင့်လာမှန်းမသိတဲ့ သီချင်းသံ[illegible] နားစိုက်ထောင်ရင်း နေကြာ့မျက်နှာကို ခိုးကြည့်မိ၏။ ဟိုနေ့ကတော့ ခွဲရဦးမှာပဲဆိုပြီး စိတ်မကောင်းဖြစ်မိတာ။ အခုတော့ ကံကြမ္မာ[illegible] အတူတူပဲ သွားခွင့်လာခွင့် ပေးထားတုန်းပါပဲ။

"လမ်း"

"........."

"ဟဲ့ ... လမ်း"

"ဟင် ... ဘာလဲ"

"အမယ်လေး ... ခေါ်မကြား အော်မကြားနဲ့ ဘယ်လိုဖြ[illegible] နေတာလဲဟဲ့။ ငုပ်တုတ်မေ့နေသလား မှတ်ရတယ်"

"အေး ... မေ့တော့မေ့နေတာပဲ။ သီချင်းထဲမှာ မျောသွာ[illegible] လို့"

"သီချင်း"

"ဟုတ်တယ်လေ၊ နင်မကြားဘူးလား။ သေသေချာ[illegible] နားထောင်ကြည့်။ ဟင်္သာတထွန်းရင်သီချင်း"

လမ်းစကားကြောင့် နေကြာ တိတ်ဆိတ်စွာ နားစွင့်လိုက်





တော့ ဟင်္သာတထွန်းရင်ရဲ့ မောင်ဖေယယ်လိုအချစ်မျိုး သီချင်းပါ။ သီချင်းထဲမှာတော့ တောင်သမန်အင်းပေါ့လေ။ အခု ကိုယ်တွေရောက် နေတာကတော့ တောင်သမန်အင်းမဟုတ်ပေမယ့် အဖြစ်က တူနေ လား။ ငယ်ပေါင်းတွေမို့ နမလိုတစ်မျိုး ချစ်သူလိုတစ်သွယ်တဲ့။

လမ်းကရော နေကြာ့အပေါ် ဘယ်လိုသဘောထားသည် တော့ မသိပေ။ နေကြာကတော့ လမ်းသာ ပြောလာရင် ငြင်းမိမှာ ဟုတ်ဘူးဆိုတာ ...

"ကြားပြီလား"

"ကြားပါပြီ၊ ငါက နားပင်းနေတာမှမဟုတ်တာ။ စောစောက တွေကိုလှလို့ ငေးနေမိတာ သတိမထားမိလိုက်ဘူး"

"ဒီသီချင်းတွေက ရှိုးသွားတယ်လို့ မရှိဘူး အရမ်း အနှစ် [illegible]ရှိတာပဲ။ အခု ငါတောင် ငြိမ်ပြီးနားထောင်နေတာသာကြည့်"

"ဟုတ်တယ်နော်၊ ရင်ထဲမှာခံစားရတာ တစ်မျိုးကြီးပဲ"

"ငါလည်း အဲလိုပဲ"

"ဟင် ... ဘာကိုပြောတာလဲ"

နေကြာ နားမလည်လို့မေးတော့ လမ်းပြန်မဖြေတော့ပေ။ [illegible]လည်း တွေးချင်ရာတွေး။ သူလည်း အဓိပ္ပာယ်ကောက်ချင်သလို [illegible]က်ပေါ့။ သူတို့နှစ်ဦးကြားမှာ ငယ်သံယောဇဉ်က ဘယ်လော[illegible]



www.burmeseclassic.com

www.burmeseclassic.com



နိုင်မှာနေတယ်ဆိုတာ လူကြီးတွေကစ သိနေတာပဲလေ။

"ငါ မေးနေတယ်လေ လမ်းရဲ့"

"နင်က ဘယ်လိုထင်လို့လဲ"

"မထင်တတ်လို့ မေးနေတာပေါ့"

"နင် အမိပ္ပာယ် ကောက်ချင်သလိုကောက်ပါ"

"ဟင် ... ဘာမှန်းလဲမသိဘူး"

"စက်လှေထွက်တော့မယ်ဟေ့။ လူစုံပြီလား"

"ခဏနေပါဦးဟေ့ တစ်ယောက်ကျန်သေးလို့"

"ဘယ်သူကျန်တာလဲ"

"သန်းဝင်းလေ"

"ဟာ ... ဒီကောင်က ဘာလုပ်နေတာလဲ"

"ဗိုက်နာလို့ဆိုပြီး အန္တရာယ်သွားရှင်းတာ"

စက်လှေပေါ်သို့ လူတွေ တစ်ယောက်ပြီးတစ်ယောက် တ

လာပြီးနောက် စကားပြောသံ အော်သံဟစ်သံတွေက ဆူဆူညံညံ

"ဒီကောင်သန်းဝင်း ကျန်တဲ့သူတွေက စိတ်မရှည်ပြ

မယ်"

"အော်ခေါ်လိုက်ကွာ"

တစ်ယောက်က အော်ခေါ်နိုင်းတာနှင့် တစ်ယောက်က





"သန်းဝင်း ... ဟေ့ကောင် သန်းဝင်းရေ စက်လှေထွက်

တော့မယ်ဟေ့"

"............."

"သန်းဝင်းရေ"

"လာပြီဟေ့ ... လာပြီ"

တကြော်ကြော်ခေါ်သံတွေကြောင့် သန်းဝင်းဆိုတဲ့လူမှာ ပြေး

လာရတာက သုတ်ကဗျာပါ။ လွယ်အိတ်ကတစ်ဖက်၊ ခမောက်က

တစ်ဖက်နှင့် စက်လှေပေါ် ကမန်းကတန်းတက်လေတော့ ...

"ဟာ ... ဟေ့ကောင်သန်းဝင်း"

"ဘာလဲကွ"

"တုတ်ပြ ခဲပြ ... မပြပါနဲ့ကွာ။ စောင့်ဆိုလည်း စောင့်ပါ

မယ်"

"ချေးကောင်တွေ ပေါ်ပါဘူးကွ"

ကိုသန်းဝင်းခမျာ စိတ်မလုံသလို ပုဆိုးစကို ဒူးကြားလိမ်ညှပ်

လေတော့ အားလုံး ဝိုင်းရယ်ကြလေ၏။ တကယ်က တမင်သက်

သက် စကြတာလေ။

"မင်းသွားတာကလည်း ချေးပင်ပေါက်နေသလား မှတ်ရ

တယ်၊ ကြာလိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



"အပင်ပေါက်ရုံမဟုတ်ဘူး အသီးပါသီးပြီး မှည့်နေတာ၊ မယ်စားမလား"

"ဟာ . . . ဟော့ ခွေးကောင်"

စက်လှေပေါ်မှာ တစ်ယောက်ကိုတစ်ယောက် စကြနောက်ကြ ရယ်ကြနှင့် ပျော်စရာကောင်းပါသည်။ ရေပြင်ကျယ်ကြီး၏ ပတ်ပတ်လည်မှာတော့ တောင်တွေမှ သစ်ပင်တွေ၏ အရောင်ဟပ်ပြီး ရေပြင်ကလည်း တကယ့်မြစိမ်းရောင်ပါ။

() () ()



## အခန်း (၁၃)

"ဥသြ ဥသြ ဥသြ"

"ကျလိ ကျလိ"

"ဒုတ် ဒုတ်"

တောထဲမှာ ငှက်အော်သံ ဝါးခုတ်သံတွေနှင့်အတူ ကျိုးကြားကျိုးကြား တွေ့ရတဲ့လူတွေ၏ စသံနောက်သံတွေနှင့် တောတောင်ရေမြေ သဘာဝ၏အလှက ပန်းရလို့နေသည်။ ချောင်းကို ကူးရတာမျိုးကျတော့ ခြေဘက်မို့ ရေသိပ်မရှိပေမယ့် သွားရတာ ကျောက်တုံးတွေကြားမှာပါ။

"သမီး နေကြာ"



www.burmeseclassic.com

www.burmeseclassic.com



"ရှင် အမေ"

"ဖိနပ်ချွတ်လေ . . . လဲမယ်နော်။ လဲရင် သက်သာမှာ မဟုတ်ဘူး"

"ဖိနပ်ချွတ်လို့မဖြစ်ဘူး အမေရဲ့၊ ဖိနပ်ချွတ်ရင် ခြေဖဝါး တွေ ကျောက်စူးတယ်လေ"

"အေး အေး . . . ဒါဆိုလည်း ဖြည်းဖြည်းလျှောက်"

"သား မင်းညီမကို စောင့်ခေါ်လိုက်ဦးလေကွာ"

ဦးတင့်ပြောတော့ လမ်းနောက်သို့ ပြန်လှည့်ကြည့်ပြီး နေ ကြာကို စောင့်နေလိုက်၏။

"ဒီကောင်မလေးက ခရည်သွားနည်း သွားနေတာ အဖေရေ ဒေါ်လေးမြနဲ့အဖေတို့ သွားချင်သွားနှင့်လေ။ အဲဒီခရုမကို သား စောင့်ခေါ်လာခဲ့မယ်"

"လမ်းနော် ဘာခရုမလဲ"

"မဟုတ်လို့လား။ နင် လျှောက်နေပုံက တကယ့် ခြေတံ လှမ်းကို ကုဋ္ဌေတစ်သန်းပဲ"

"မပြောပါနဲ့ သားရယ်၊ သူ့ခမျာ ဒီလမ်းမျိုးတစ်ခါမှ လျှောက်ဖူးတာမှ မဟုတ်တာ။ သားကမှ ကျောင်းပိတ်ရက်တွေမှာ လိုက်လာလို့ ခဏခဏ ရောက်ဖူးသေးတယ်လေကွာ"





ဒီလိုပဲ ခြေလှမ်းနှေးတဲ့နေကြာကို စောင့်ခေါ်ရင်း သွားရတာ ဦးသာညိုဖြာထိမ်းပါပဲ။ ဟိုနေရာတစ်ခါနား၊ ဒီနေရာ တစ်ခါနား နှင့်ပဲလေ။ ဦးတင့်ကလည်း ဆန်တစ်အိတ်ထမ်းရ၊ ဒေါ်ခင်စောနဲ့ ဒေါ်မြလေးတို့ကလည်း ရိက္ခာတွေရွက်ရနှင့်မို့ နားပေါင်းများပြီး ခရီးက သိပ်မတွင်ပေ။ သူတို့နေတဲ့ တဲတွေကို ကိုယ်စီရောက်ကြတော့ နေ့လယ်တစ်နာရီပင် ကျော်နေပါပြီ။

"ဟိုဘက်တဲက မစီရေ"

". . . . . . . . . . . . ."

"မစီ"

"ဟယ် . . . မမြပါလား။ မမြတို့လာတယ်"

"အေး . . . ဟုတ်တယ်၊ မောင်ကိုတို့ သားအဖတွေ သစ်ထိုး သွားတာလား"

"ဟုတ်တယ် မမြ၊ သစ်က မထိုးရသေးပါဘူး။ အခုမှ အပင်လှဲရမှာတဲ့လေ။ မမြတို့ ရောက်တာနဲ့ အတော်ပဲ။ မနေ့က သူတို့ ဆတ်တစ်ကောင်ရထားလို့ အဲဒါ ကျွန်မပဲလုပ်ကိုင်ပေးပြီး နေလှန်းနေတာ"

"ဟုတ်လား"

"ဟုတ်တယ် မမြရဲ့၊ ဟိုမှာလေ"



www.burmeseclassic.com

www.burmeseclassic.com



မစီ လက်ညှိုးထိုးပြရာကိုကြည့်လိုက်တော့ ဆတ်သားတွေ နေလှန်းထားတာ တကယ်ပါ။ ဒီလိုပဲ တောထဲမှာက ကိုယ့်လုပ်ငန်း ကိုယ် လုပ်ကြရင်း ကြုံတဲ့အခါ မုဆိုးလည်းဖြစ်သွားကြတာပဲလေ။ ဟင်းစားဆိုပြီး ထွက်ရှာကြရာ တောဝက်နဲ့တွေ့လို့ရတဲ့အခါရ ဆတ် ယုန်၊ ဖွတ်၊ ဂျီ အစရှိသည်တို့ကို ရှာဖွေရရှိလာတဲ့အခါ ကိုယ်လည်း စား၊ ရောင်းလည်းရောင်း လုပ်ကြတာပါ။

အန္တရာယ်တော့ များတာပေါ့။ ငွေရလည်းကြမ်းသလို အစား အသောက်တွေ ဈေးကြီးတော့ ငွေထွက်လည်းကြမ်းပဲ့လေ။ ဒီလိုပဲ တောထဲမှာ ကျင်လည်ရင်း အချို့တောဝက်ပက်လို့သေတဲ့သူ၊ သစ်ပင် လှဲရင်း သစ်ပင်ပိလို့ သေတဲ့သူ၊ ငှက်ဖျားမိလို့ သေတဲ့သူတွေနဲ့ တောထဲတင်သာ ဘဝကို အဆုံးသတ်သွားကြသူတွေလည်း ရှိကြသည် လေ။

"ဆတ်သားတွေ အများကြီးပဲနော်၊ အဖေတို့ စားလို့ကုန် ပါ့မလား အမေ"

"ကိုယ့်ချည်းပဲ အကုန်ဘယ်စားမှာလဲ သမီးရဲ့။ နေလှန်းပြီး ခြောက်သွားရင် ရောင်းရမှာပေါ့"

"ဩော် . . . ခါတိုင်းက အိမ်ကိုပို့နေပေမယ့် နည်းတော့ အကောင်သေးသေးပဲထင်တာ"





"အိမ်ကိုက စားဖို့တင် ပို့ပေးတာပဲဥစ္စာ သမီးရဲ့"

အခုမှပဲ နေကြာ မသိတာတွေ မေးမိ၏။ အရင်က ကိုယ့် ကျောင်းစာပဲ ဂရုစိုက်နေရတော့ မမေးဖြစ်ဘူးလေ။ ကျောင်းသွားရင် ဆတ်သားခြောက်ဖုတ်ကို ဆီလောင်းပြီးထည့်ယူသွားလို့ကတော့ သူငယ်ချင်းတွေ ကြိုက်လို့ စားလိုက်ကြတာ မလောက်ပါပဲ။

ဖိုက်ကဆာလာတာမို့ အိုးတွေကိုဖွင့်ကြည့်လိုက်တော့ ထမင်း ဟင်းတွေ ကျန်နေပါသေးသည်။ ဒါကြောင့် သားအမိနှစ်ယောက် ထမင်းစားနေစဉ်မှာပဲ . . .

"မယားအတွက် စိန်နားကပ်၊ အဖေ့အတွက် ပဲကြီးလှော်။ မယားအတွက်တော့ စိန်ဘယက်၊ အမေ့အတွက် မကျည်းစေ့လှော်။ ဖြိုသားလေး တယ်တော်၊ တယ်တော် အမေ့အတွက် ပဲကြီးလှော်"

ဖော်ဖော်၏ တစ်ပိုင်းတစ်ပြတ်သီချင်းဆိုသံကြောင့် . . .

"ဟော . . . သမီးအစ်ကိုတွေ ပြန်လာပြီ"

နေကြာ ပန်းကန်ကိုဆေးနေရင်း လှွတ်ချခဲ့ကာ . . .

"ကိုကြီး၊ ကိုလေး"

"ဟာ . . . ညီမလေး"

ကိုကြီးကတော့ အမြဲတမ်း ရှုတည်တည်မျက်နှာထားနှင့်မို့ နေကြာ ကိုယ့်အစ်ကိုရယ်လို့ ရင်းရင်းနှီးနှီး မနေတတ်ခဲ့တော့ သူမ



www.burmeseclassic.com

www.burmeseclassic.com



အပေါ် သည်းခံအလိုလိုက်ခဲ့သည့် ကိုလေးခါးကိုသာ ပြေးဖက်၍ . .

"ကိုလေးကို အောက်မေ့လို့ လိုက်လာတာ"

"တကယ်"

"အင်း"

"ဘာလို့လိုက်လာရတာလဲ ညီမလေးရဲ့။ ကိုလေး ပြန်လာမှာပေါ့။ လိုက်လာတော့ အခု မပင်ပန်းဘူးလား"

"မပင်ပန်းပါဘူး ကိုလေးရဲ့"

"မညာနဲ့ ညီမလေးက ဒီလို တောင်ပေါ်တွေတက် တောထဲလာ ဘယ်တုန်းက လုပ်ဖူးလို့လဲ"

"ဟာ . . . သမီး သမီးလိုက်လာတယ်"

"အဖေ"

အဖေ့ပါ ပြန်လာသဖြင့် နေကြာ အဖေ့ဆီသွားလိုက်တော့ ပြီးတော့မလိုမျက်နှာက ပြန်တည်သွားလေသည်။ ဘာဖြစ်တာတဲ့လဲ နေကြာ အနားရောက်သွားမှ ဘာလုပ်ရမှန်းမသိ ဖြစ်နေစဉ် အဖေက သူ့ကို ရှောင်ကွင်း၍ တဲဆီသို့သွားကာ . . .

"မြလေး"

"ရှင်"

"နင် သမီးကို ဘာလို့ခေါ်လာတာလဲ၊ ကလေးပင်ပန်းအောင်





. . . မင်းကွာ"

"ဟာ . . . အဖေကလည်း သမီးလိုက်ချင်တယ်ဆိုလို့ အမေက ခေါ်လာတာပါ"

"အေး . . . လိုက်လာတော့ ဟိုကောင်လေးလည်း ပါတယ် မဟုတ်လား။ နင်တို့သားအမိနော် ကြပ်ကြပ်သတိထား"

"အဖေ လမ်းကို အဲဒီလောက် တူးတူးခါးခါး ဖြစ်နေရအောင် လမ်းက ဘာလုပ်နေလို့လဲ၊ အရက်လည်းမသောက်၊ လောင်းကစားလည်း မလုပ်၊ ဆေးလိပ်ကွမ်းယာကအစ ကင်းတဲ့သူကို"

"တိတ်စမ်း သမီး"

မြင်မြင်ချင်း ဆောက်နှင့်ထွင်းဆိုသလို မိသားစုစုံစုံလင်လင် တွေ့ရချိန်မှာ ရယ်စရာ၊ မောစရာပြောရမယ့်အစား ရန်လုပ်တာ ကောင်းသလား။ ဒေါ်မြလေး ရန်ဖြစ်မှာစိုးလို့ ဘာမှ ပြန်မပြောပေမယ့် . . .

"မြလေး"

". . . . . . . . . . . . ."

"မင်းလည်း အလိုတူ အလိုပါပဲ မဟုတ်လား။ အေး . . . မင်း အဲဒီလိုလုပ်နေ ငါ သမီးကို ရန်ကုန်ပို့ပစ်မယ်"

အဲဒါ ဦးမောင်ကို ခြိမ်းခြောက်တာမဟုတ်ပေ။ တောအထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်ကနေ လာပြီး သစ်အရောင်းအဝယ်လုပ်နေတဲ့ ကိုကျော်သိန်းကို သူပြောထားပြီးသားလေ။ ဆယ်တန်းအောင်မယ်ဆိုတာ ကြိမ်းသေ သိထားမှတော့ ဗဟုသုတဖြစ်ဖြစ် အတတ်ပညာဖြစ်ဖြစ် သင်တန်း တစ်ခုခု တက်နိုင်းဖို့ပါ။ ကျောင်းဆက်တက်ဖို့ကတော့ . . .

အောင်စာရင်းထွက်လာမှ အမှတ်ပေါ်မူတည်ပြီး စီစဉ်မည်။ ဖြစ်နိုင်ရင် ရန်ကုန်မှာတက်လို့ရတဲ့ ကျောင်းပဲ တက်စေချင်တာ။ တောမှာထားရင်း မျက်စိကျဉ်း နားကျဉ်းနဲ့လေ။ ရန်ကုန်မှာဆိုတော့ မျက်စိကျယ် နားကျယ် ဗဟုသုတရတာပေါ့။

"မောင်ကိုရယ် လမ်းက ဘာဖြစ်လို့ ရှင် အဲဒီလောက် ကြည့်မရ ဖြစ်နေရတာလဲ"

"ကြည့်မရဘူးဟော့။ လူက လက်သန်းလောက်နဲ့ မာနက ကြီးကြီး။ ပြီးတော့ အိုးချင်းထား အိုးချင်းထိ၊ ကြိုးချင်းထား ကြိုးချင်း ငြိတဲ့။ ငါ့သမီးနဲ့ ငြိမှာစိုးလို့ အတူသွား အတူလာနေတာလည်း ငါ မကြိုက်ဘူး ရှင်းလား"

"အဆင့်အတန်းချင်း မတူတာပါထည့်ပြောအဖေ။ မတ်တတ် စာသာရှိပြီး တုံးလုံးစာမရှိတဲ့ မိသားစုကို အမေက ခမည်းခမက် သုပ်လေတော့ ကျော်ကျော့်ကို ဝိုင်းဆွဲကြလေသည်။ အဆင့်အတန်း တော်ချင်နေတာလား ပြောစမ်းပါဦး"

"ဟဲ့ . . . ကျော်ကျော်"





"ကိုကြီး အမေ့ကို ဘယ်လိုပြောလိုက်တာလဲ။ အမေက ကျွန်တော်တို့ကို မွေးထားတဲ့ အမေဗျ။ ပြောစရာရှိရင် အဖေပြော သိမ့်မယ်၊ ကိုကြီး ဘာမှ ပြောစရာမလိုဘူး"

"ဘာကွ"

မခံချင်စရာတွေနဲ့ သူတစ်ပေါက် ငါတစ်ပေါက် ဖြစ်ကုန်၏။ ကျော်ကျော်က ဖြစ်ချင်တာတွေသာပြောပြီး ဖော်ဖော်က အမေကိုထိ တော့ မခံနိုင်။ ဘယ်နေရာမှာ ဘယ်လိုပဲကြမ်းရမ်းနေပါစေ ဖော်ဖော် က အမေ့အပေါ်မှာတော့ သိတတ်နားလည်သူ။

"မင်းက ငါ့ကိုခံပြောနေတာလား ဖော်ဖော်"

"ကျွန်တော်က ကိုကြီးကိုပဲ ခံပြောတာ။ ကိုကြီးခံပြောနေ တာက ကိုယ့်ကိုမွေးထုတ်ထားတဲ့ အမေလေဗျာ"

"ဒီကောင် . . . ဟာကွာ"

"ဟိတ်"

"တော်ကြစမ်း"

ကျော်ကျော်က ဖော်ဖော်အကျႌကိုဆွဲပြီး လက်သီးနှင့်ထိုးမယ် သုပ်လေတော့ ကျော်ကျော့်ကို ဝိုင်းဆွဲကြလေသည်။ အဆင့်အတန်း ဆိုတာ ဘာကိုခေါ်ပါသလဲ။

ဦးမောင်ကိုနှင့် ကျော်ကျော်က တဖောက်ကန်းတွေဖြစ်ပြီး

www.burmeseclassic.com



သူတို့ကြောင့်ပဲ မိသားစု စုံလိုက်တာနဲ့ တကျက်ကျက်ပဲလေ။ အ
အဆင့်အတန်းတဲ့လား။ ကိုယ်ပြောချင်ရာ ကိုယ်ဆိုချင်ရာ ဆိုတဲ့
လူတွေဖြစ်ပြီး လုပ်ချင်တာလုပ် ပြောချင်တာပြောတဲ့သူတွေပါ။

''နင်တို့ကလေ ငါမပြောလိုက်ချင်ဘူး သိလား။ မိသား
စုံတဲ့အချိန်မှာ အေးအေးချမ်းချမ်း ပျော်ပျော်ရွှင်ရွှင်နေရမလားတော့
မမှတ်နဲ့ တွေ့လိုက်တာနဲ့ ရန်ဖြစ်ဖို့ပဲ။ တကယ် စိတ်ညစ်ဖို့ကောင်း
တယ်''

နေကြာ ညည်းတွားတဲ့အမေ့ကိုကြည့်ပြီး နှုတ်ဆိတ်နေမိတော့
၏။ ပစ္စည်းမချမ်းသာပေမယ့် လမ်းဘဝနဲ့များ ကွာလိုက်တာ။

() () ()



## အခန်း (၁၄)

သားအမိ သားအဖသုံးယောက်ရောက်တာနှင့် ထမင်းချက်
စားချိန်မရဘူးဆိုတာ ကြိုသိလို့ ဝယ်လာခဲ့တဲ့ ကောက်ညှင်းထုပ်နှင့်
အကြော်တွေကို စားလိုက်ကြပြီး ပင်ပန်းတာနှင့် တစ်ရေးတမောအိပ်
လိုက်ကြသေး၏။ ပြီး အိပ်ရာနိုးလာတော့ ညစာအတွက် ထမင်းဟင်း
ချက်ဖို့ရာ တစ်ယောက်တစ်လက် ဝိုင်းလို့ကူကာ ဒေါ်ခင်စောက
ခရမ်းချဉ်သီးကိုက်နေစဉ် ဦးတင့်က မီးမွှေး။

လမ်းက ဆန်ဆေးပေးနေတာ။

ကဲ . . . ဘယ်လောက်စည်းလုံးပြီး တစ်ယောက်အပေါ်တစ်
ယောက် သိတတ်နားလည်လိုက်တဲ့ မိသားစုလဲလို့။ တကယ်ဆို



www.burmeseclassic.com

www.burmeseclassic.com



သူတို့ကမှ ချမ်းသာခြင်းအစစ်ကို ရရှိပိုင်ဆိုင်ထားသူတွေ။

"သား"

"ဗျာ"

"မင်း ဆန်ဆေးလို့ပြီးပြီလားကွ"

"ပြီးပြီအဖေ"

"အေး . . . အဲဒါဆို ယူခဲ့လေကွာ။ အဖေလည်း မီးမွေးပြီး ပြီကွ"

"ဟုတ်"

လင်း ထမင်းအိုးလေးကို မပြီး မီးဖိုပေါ်တင်လိုက်တော့ မီးဖိုက နည်းနည်းစောင်းနေသဖြင့် ဦးတင့်က ကျောက်ခဲလေးတစ်လုံး ကောက်ပြီး အိုးအောက်မှာ ခုလိုက်လေသည်။ ပြီး ဇနီးသည်ကို ပြန်လှည့်ကြည့်လိုက်ပြီး . . .

"အစော"

"ရှင်"

ခရမ်းချဉ်သီးကို ကတ်ကြေးနှင့်ကိုက်နေရင်း လက်က ရပ် သွားကာ . . .

"ဘာလဲ ကိုတင့်"

"အဲဒီ ခရမ်းချဉ်သီးက ဘာချက်မလို့လဲ"





"ငါးဟယ်လာတယ်လေ၊ ခရမ်းချဉ်သီး ငါးပိချက်ချက်မှာပေါ့။ ပြီးရင် ပရုတ်စာလေးသွားတူးပြီး ပြုတ်တို့လိုက်ရင် ထမင်းစားလို့ ကောင်းပြီမှာ။ ပြီးတော့ ရှင်ပဲ အမဲသားချက်ရင် ခရမ်းချဉ်သီးလေး ထည့်ချက်ပါဆို"

"အေးလေ"

ပြောပြီး ဦးတင့် တဲပေါ်သို့တက်သွားပြီး ဓားနှင့်နီးဝါးကိုယူ ကာ နီးဖြာနေသည်လေ။ နီးကလည်း ရောင်းစားလို့ရတာပဲဥစ္စာ။ ဦးတင့်က အလုပ်မရှိရင် မနေတတ်သူ။ သားလေးမရှိခင်ကတော့ ဝမ်းစာအတွက် မဖြစ်မနေမို့ အလုပ်သာလုပ်ရတယ် ဇနီးသည်က ထောက်ညီနိုင်မှလေ။ သားကိုမွေးပြီးဆိုကတည်းက ဖခင်ပီသချင်သော ...က . . .

သားအတွက် အလုပ်ပဲလုပ်ပြီး ငွေရှာချင်နေတာ ပျင်းရ ကောင်းမှန်းမသိတော့ပေ။ သူတို့လင်မယားက စာမတတ် ပေမတတ် ...ာက်တဲ့လူညံ့နင်းတွေ။

ဒါကြောင့် သားကို ပညာတတ်ဖြစ်စေချင်လွန်းတဲ့စိတ်က ...လုပ်လုပ်တဲ့နေရာမှာ ဖြစ်နိုင်ရင် နှစ်ကိုယ်တောင်ခွဲလိုက်ချင်သည့် ...သိပါပဲ။

"အဖေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟော"

"သားလည်း ကူဖြာမယ် သင်ပေးလေ"

"နေစမ်းပါ သားရယ်၊ သားလက်က နုနေတာ တော်ကြ
မဖြာတတ်လို့ ရှုနေပါ့မယ်။ ငါ့သားက ပညာတတ်ဖြစ်မယ့်ကော
ဒါတွေလုပ်စရာမှ မလိုတာ မသင်စမ်းပါနဲ့"

"အဖေကလည်း"

"အဖေကလည်း မလုပ်နဲ့၊ သားအဖေပြောတာ မှန်တ
သား။ သားဘက်က မိဘတွေဖြစ်စေချင်သလို ဖြစ်အောင်ပဲ ကြိုး
စမ်းပါ။ အမေတို့မှာ မချမ်းသာတော့ သားကို အမေတို့က ပစ္စည်းဥ
အမွေ မပေးနိုင်ဘူးလေ။ အဲဒါကြောင့် ပညာအမွေကို သားရအော
ယူစမ်းပါ။ အမေတို့ မျက်ကွယ်ပြုသွားတဲ့အခါ သားဘဝလေး အေ
အေးချမ်းချမ်းနဲ့ကျန်ခဲ့ရရင် အမေတို့ ကျေနပ်နေမှာပါ။ သားဆီ
တော့ ဘာမှ မမျှော်လင့်ပါဘူးကွယ်"

အမေ့စကားကြောင့် လမ်းရင်ထဲမှာ နင့်သွား၏။ သူ အမေ
အမေ့ စေတနာကို နားလည်ပါသည်လေ။ ဒါကြောင့် သူ ကြိုးစား
တာပါ။ တစ်နေ့နေ့ တစ်ချိန်ချိန်မှာတော့ သူ ကြွေးဟောင်းဆပ်
ကြိုးအောင် လုပ်ရမည်။

"ငါ စဉ်းစားမိတာ တစ်ခုရှိတယ် သိလား ခင်စော"





"ဘာလဲ ကိုတင့်"

ဦးတင့် လက်ထဲကဓားကိုရော နှီးကိုရော ပြန်ချထားလိုက်
း ...

"ငါ သစ်ချပေးနေတဲ့ ကိုလှစံက ဒီတစ်ခေါက် သူ ရန်ကုန်
ြန်ရင် မင်းရဲ့သားကို ထည့်လိုက်ပါလားတဲ့။ သူ့အိမ်မှာက သမီးချည်း
 မွေးထားတော့ သားယောကျ်ားလေးမရှိဘူးတဲ့လေ။ အဲဒါ သူ့မိန်းမ
 သားရှူးရှူးနေတော့ ကလေးရဲ့ ရှေ့ရေးအတွက် ခုကတည်းက
သင်တန်းလေးဘာလေး တက်ရအောင် ထည့်လိုက်ပါလားတဲ့၊ လမ်းရဲ့
ပ်ရည်လေးက တောနဲ့မတန်ဘူးတဲ့လေ"

ဒေါ်ခင်စော သားမျက်နှာလေးကို လှမ်းကြည့်ပြီး ငိုင်တွေ
ေးမောသွားလေ၏။ သူမက သားနဲ့ တစ်ခါမှ ခွဲဖူးတာမဟုတ်ဘူး
လေ။

ကိုယ့်သားလေးကို ဘယ်ခွဲချင်ပါ့မလဲ။ မွေးကတည်းက
ကျောင်း သွားတာလွဲရင် အခုထိ အမေ့ရင်ခွင်ထဲတိုးပြီး ကလေးလို
တူတူ အိပ်နေတုန်းပါ။ ကိုယ်နဲ့ဝေးရာကို ဘယ်မိခင်က လွှတ်ချင်
မလဲ။

ဒါပေမဲ့ ... သားရဲ့ရှေ့ရေးအတွက်ဆိုတော့ စဉ်းစားရတော့
ပေါ့။ ကိုယ်တွေက မချမ်းသာတော့ ကျောင်းစရိတ်အတွက် ရှာတော့



www.burmeseclassic.com

www.burmeseclassic.com



ရှာ၊ ကြိုးစားတော့ ကြိုးစားနေပေမယ့် မတတ်နိုင်မှာကိုလည
စိုးရသေးသည်။ တက္ကသိုလ်ဆိုတာ ကျောင်းစရိတ်နဲ့တင် မပြီးသေ
ဘူးလေ။ သူငယ်ချင်းတွေနဲ့ ဆိုင်ထိုင်ဖို့ အဝတ်အစားကလည်း သပ်ယ
ရပ်ရပ် ဝတ်နိုင်ဦးမှ . . . ဟူ၏။

"မြိမ်လှချေလား ခင်စော၊ အဲဒီလောက်တောင် စဉ်းစား
လား"

"စဉ်းစားမနေနဲ့ အမေရယ် . . . သားမလိုက်ဘူး"

"မဟုတ်သေးဘူး သား။ အဖေတို့လည်း သားကို ဘယ်
ချင်ပါ့မလဲကွာ။ သားက အဖေတို့ရဲ့ဘဝ အဖေတို့ရဲ့အနာဂတ်
ဒါပေမဲ့ . . . သား ပန်းတိုင်ကိုရောက်အောင် သွားနိုင်ဖို့အတွက် အဖ
တို့က နှလုံးသားကို ခွဲထုတ်ပေးလိုက်ရမှာ။ သားရဲ့အနာဂတ်လှ
အဖေတို့ဘဝလည်း လှမှာလေ သားရဲ့"

တကယ်တမ်းမှာ ဘာမျှော်လင့်ချက်မှ မထားပေမယ့် ဒီ
ပြောမှဖြစ်မှာမို့ပါ။

"ဟုတ်ပါတယ် သားရယ်၊ အမေတို့က အမေတို့ဆင်းရဲသ
သားကို ဆင်းရဲမှာစိုးလို့ပါ"

လမ်း ဟူခနဲ သက်ပြင်းချလိုက်မိ၏။ မိဘတွေက ဒီလော
မျှော်လင့်ချက်တွေကြီးနေတာ သူတို့စိတ်ချမ်းသာအောင် မိဘတွေအ





ကို ဖြည့်ဆည်းပေးလိုက်ရမလား။

"ကောင်းပြီလေ . . . အဖေနဲ့အမေ့သဘောပါပဲ။ သား
ကတော့ မိဘတွေနဲ့ ရွာကို မခွဲချင်ဘူးပေါ့"

"တစ်ရွာမပြောင်း သူကောင်းမဖြစ်တဲ့သားရဲ့။ တောကို
ခင်တွယ်မနေစမ်းပါနဲ့ သားရယ်။ အဖေတို့ဆိုတာလည်း သတိရရင်
ပြန်လာခဲ့ပေါ့။ လမ်းပန်းဆက်သွယ်ရေးတွေ ဒီလောက်ကောင်းနေတာ
ပဲ ဥစ္စာ"

ပြောပြီး စကားသံတွေ တိတ်ဆိတ်သွားကြလေ၏။ ဒေါ်ခင်
စော ကျချင်တဲ့မျက်ရည်ကိုထိန်းပြီး မီးကို တစ်ဖူးဖူး ကုန်းမှုတ်နေပေ
မယ့် မျက်ရည်က ကျတာပါပဲလေ။

ဒါကို လမ်းက မြင်ဖြစ်အောင်မြင်ပြီး . . .

"အမေ"

"ဟော"

"ပြောပြီး . . . အမေပဲ မျက်ရည်ကျပြန်ပြီ"

ဒေါ်ခင်စော ချက်ချင်းပဲ မျက်ရည်ကို ကပျာကသီသုတ်ပစ်
လိုက်ပြီး . . .

"မျက်ရည်ကျတာက မီးခိုးလို့ပါ သားရဲ့။ ထင်းက ဘာသား
လဲ မသိပါဘူး၊ မီးခိုးတွေပဲ ထွက်နေတယ်"



www.burmeseclassic.com

www.burmeseclassic.com



အမေညာနေတယ်ဆိုတာ သားသိပါတယ် အမေရယ်။ သားဘဝ ကောင်းစားဖို့အတွက်ဆိုပြီး မိဘတွေ ရင်နာခံတော့မယ် ဆိုတာကိုလေ။ အဲဒီအတွက် သားကလည်း ပြန်ပြီးပေးဆပ်မှာပါ။

() () ()

## အခန်း (၁၅)

"ဘာ . . . နင် ရန်ကုန်ကိုလိုက်သွားတော့မယ် ဟုတ်လား သမီး"

လမ်း ခေါင်းညိတ်ပြတာနှင့် နေကြာ ငိုချင်စိတ်ပေါက်သွား ။ မဟုတ်ပါစေနဲ့ စတာပဲဖြစ်ပါစေလို့ ဆုတောင်းနေရင်းပဲ ဆုတောင်း ာ မပြည့်မြောက်ခဲ့ပေ။

"နင်က ရန်ကုန်ကို ဘာလိုက်လုပ်မှာလဲ။ ခဏပဲ အလည် သွားမှာ မဟုတ်လား"

"မဟုတ်ဘူး"

"ဒါဆို"





www.burmeseclassic.com

www.burmeseclassic.com



"ဟိုမှာ သင်တန်းတစ်ခုတက်နိုင်မယ်လို့တော့ ပြောတာ
ပြီးမှ ကျောင်းတက်ရမယ့်အချိန်ရောက်ရင် အမှတ်ကိုကြည့်ပြီး ရန်ကု
မှာပဲ တက်လို့ရမယ့် တစ်ခုခုတက်ရမယ်ပေါ့ဟာ"

အဖေကလည်း နေကြာ့ကို အဲဒီလိုပဲ ပြောနေတာဖေ
နေကြာကတော့ လမ်းနဲ့ခွဲရမှာစိုးလို့ မသွားချင်ခဲ့ပေ။ အခု သူကတော
သွားမှာတဲ့။ အဲဒါကိုပဲ နေကြာ ဝမ်းနည်းမိ၏။ သူက ကိုယ့်အပေ
ကိုယ် သူ့အပေါ် သံယောဇဉ်ရှိသလောက် မရှိပါလားလို့လေ။ ဘ
တတ်နိုင်မှာလဲ၊ သူ့စိတ်က ကိုယ့်စိတ်မှမဟုတ်ပဲလေ။

ခွဲနိုင်ရင်ထားခဲ့ပေါ့။ ကိုယ်ကတော့ ကြိုးလိုက်ရတဲ့သံယောဇ
သံယောဇဉ်ဆိုတာ နွယ်တစ်ပင် မြက်တစ်ပင်မဟုတ်လေတော့ ကို
မှာ လွှမ်းရဦးမှာပေါ့လေ။

"အေးလေ ... သွားမယ်ဆိုတော့လည်း သွားပေါ့"

"ငါ နင့်ကို အမြဲသတိရနေမှာပါ"

"ကျေးဇူးတင်ပါတယ်"

"ဟင်"

ဘာကိုကျေးဇူးတင်တာလဲ။ အဲဒီစကားကို လမ်း မကြို
ပေ။ ဒီလူနဲ့ဒီလူကြားမှာ ဒီစကားက ပြောစရာလား။ ကိုယ်ကဒေ
ဘယ်သွားချင်ပါ့မလဲ။ ဒါပေမဲ့ တစ်ရွာမပြောင်း သူကောင်းမဖြ





ဆိုသလို ကိုယ့်ဘဝရှေ့ရေးအတွက်သာ သွားရမှာ။ ခွင်းရဲလို့ အနိုမ်ခံ
ရတဲ့ဘဝကနေ လွတ်အောင် ရုန်းထွက်ရမည်။

ပိုဆိုးတာက နေကြာ့အဖေနဲ့အစ်ကိုလေ။

လမ်းကို ဆက်ဆံရင် မတူမတန်သလိုနဲ့။ လမ်းနဲ့နေကြာ
အတူသွားအတူလာရှိနေတာကို မကြိုက်ဘူးတဲ့။ ဒီတော့ ဒီလိုဘဝမျိုး
နဲ့ဆိုရင် နေကြာနဲ့နီးစပ်ဖို့က မဖြစ်နိုင်ပေ။ ကိုယ့်ရင်ထဲမှာ မရိုးသား
မှုတွေ အစတည်လာပြီဆိုကတည်းက နီးစပ်ဖို့အတွက် ကြိုးစားရ
တော့မှာပေါ့။

"နင်က ဘာကိုကျေးဇူးတင်တာလဲ"

"အမြဲသတိရပေးမယ်ဆိုလို့ပါ"

"အဲဒါနဲ့ ကျေးဇူးတင်စရာလား။ ငါ ခုလို စွန့်စွန့်စားစား
သွားမှာ နင့်ကြောင့် နေကြာရဲ့"

"ဘာ"

"တို့ ငယ်သေးတာတော့ မှန်ပါတယ်။ ဒါပေမဲ့ သံယောဇဉ်
က မနုတော့ဘူး ရင့်နေပြီ။ နင့်အဖေနဲ့ နင့်အစ်ကို ငါ့အပေါ်
ဘယ်လိုမြင်နေလဲ နင်သိပါတယ်။ အဲဒီအမြင်တွေက လွတ်မြောက်
အောင် ငါ ကြိုးစားချင်လို့ပါ။ နင့်အတွက်ပဲလေ"

"ငါ့အတွက်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်"

"နှင်ပြောတာကို ငါ နားမလည်ဘူး"

လမ်း သက်ပြင်းချလိုက်မိ၏။ နားမလည်ဘူးဆိုတော့ နား လည်အောင် ပြောရတော့မှာပေါ့။ အချိန်ကစောနေသေးပေမယ့် ကိုယ်ကသွားရတော့မည့်သူ။ တစ်နေ့နေ့မှာ ပြန်တွေ့ကြမှာမှန်ပေမယ့် စိတ်ချစွာထားခဲ့ချင်သည်ဆိုတော့ . . .

"လက်တွဲကြတယ်ဆိုတာကို နှင် နားလည်လား"

"ဟင်"

မော့ကြည့်လိုက်ပုံက ဖဝေဖဝါပုံစံပါ။

"ထာဝရမခွဲဘဲ သေတပန်သက်တဆုံး လက်တွဲသွားကြ တာလေ"

"အဲဒါက လင်နဲ့မယားမှုဥစ္စာကို"

"အေးလေ"

". . . . . . . . . . . . ."

"ငါက နှင်နဲ့ အဲဒီလို လက်တွဲသွားချင်တာကို"

"ဟယ် . . . ကောင်စုတ် ဘာတွေပြောနေမှန်း မသိဘူး"

"ငါက တကယ်ပြောနေတာ နေကြာရဲ့။ အစကတော့ မပြောသေးဘူးလို့ပါ။ အခုက ငါသွားရတော့မယ်ဆိုတော့ ပြော





ဖြစ်မှာ။ အဲဒါမှ စိတ်ချထားခဲ့လို့ရမှာလေ။ နှင့်အဖေနဲ့ နှင့်အစ်ကိုက ငါ့ကိုဆို အရမ်းအထင်သေးတာ နှင်သိပါတယ်။ အဲဒီအခြေအနေက လွတ်အောင် ငါကြိုးစားမယ်။ နှင့်ဆီ ငါပြန်လာမှာပေါ့ဟ။ နှင်သာ သစ္စာရှိရှိနဲ့ စောင့်နေ"

"လမ်း"

နေကြာ သဘောပေါက်လိုက်ပါပြီ။ ဒီစကားမျိုးကို ရိုးရိုး သားသားသူငယ်ချင်းအဆင့်နဲ့ ပြောဖို့မှမလိုတာ။

"နှင်ကလေ စကားပြောတာ မရှင်းမရှင်းနဲ့။ ဘာလဲ နှင် ငါ့ကို ရည်းစားစကားပြောနေတာလား"

"အေးလေ . . . ဒီလောက် သစ္စာတွေ၊ မေတ္တာတွေ၊ သံယောဇဉ်တွေအကြောင်း ပြောနေတာ နှင်မသိဘူးလား"

"မသိဘူးလေ၊ နှင်က ချစ်တယ်ပြောတာမှ မဟုတ်တာ။ ငါက ဒဲ့ပြောမှသိတာ"

"ဟုတ်လား"

"အင်း"

လမ်း ရယ်လိုက်ပြီး . . .

"ငါက နှင့်အပေါ် ချစ်တာထက်ပိုလေးနက်တယ် နေကြာ ရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"အံမယ် ... သူက ရယ်နေနိုင်သေးတယ်နော်။ ဒီမှာက ငိုချင်နေပြီသိလား"

"သွားရမယ့်သူ စိတ်မကောင်းဖြစ်အောင် မငိုပါနဲ့ဗျာ။ နင်သာ ငါ့အပေါ် သစ္စာရှိ၊ ဘယ်နေရာ ဘယ်ဘဝပဲရောက်နေနေ ငါ နင့်ဆီကို ပြန်လာခဲ့မှာ"

"အံမယ် ... ငါလည်း သွားမှာပါနော်"

"ဟင် ... ဘယ်ကိုလဲ"

"ရန်ကုန်ကိုပေါ့"

"တကယ်"

"တကယ်ပေါ့၊ အဖေက ပို့ချင်နေတာကြာလှပြီ။ ငါက နင်နဲ့ခွဲရမှာစိုးလို့ မသွားဘူးလို့ပေနေတာ။ အခု နင်သွားတော့မယ်ဆိုတော့ ငါလည်းသွားမှာပေါ့။ ကံမကုန်ရင်တော့ ကြုံဖန်ပြီး ဆုံကြမှာပါ။ နင် သွားကာနီးကျ နင်နေရမယ့် အိမ်လိပ်စာတောင်းပြီး ငါ့ကို ပေးခဲ့လော။ ငါလည်း တောင်းကြည့်လိုက်ဦးမယ်"

"အေးပါ"

နှစ်ယောက်သား စကားသံတွေ တိတ်ဆိတ်သွားလေတော့ ၏။ အတွေးကိုယ်စီနဲ့လေ။ အခုရောက်နေတာက နေကြာတို့တဲမှာပါ။ ဒီအချိန်ဆို တဲမှာ ဦးမောင်ကိုတို့သားအဖတွေထဲမှာ မရှိကြတော့ဘူး လေ။ ဒါကြောင့် လမ်း လာခဲ့တာပါ။ ဒေါ်မြလေးက ဟင်းရွက်ခူး သွားတယ်တဲ့။

"နင် ဘယ်တော့သွားမှာလဲ လမ်း"

"သန်ဘက်ခါလေ"

"ရွာပြန်ဦးမှာလား"

"မပြန်တော့ပါဘူး။ ဦးလှဖိုးက ဘာမှမယူခဲ့နဲ့ ဟိုရောက်မှ ဝယ်ပေးမယ်ဆိုတော့ အဖေကလည်း မပြန်နဲ့တော့တဲ့"

"ဪ"

"မအော်ပါနဲ့ ကြောက်ပါတယ်"

"ဟင် ... ဘာပြောတာလဲ"

"ဪ ... ဆိုလို့ ပြောတာလေ"

လမ်း ရယ်စရာပြောမှန်းသိလို့ ပြုံးလိုက်မိပေမယ့် ရင်ထဲမှာတော့ မဲ့နေသည်။ မျက်ရည်မကျလို့ မငိုဘူးလို့ ထင်နေလား လမ်း။ သံတိတ်ကျတဲ့မျက်ရည်ကမှ ရင်ကိုပိုပြီး လောင်မြိုက်စေတာပါ။

ငါ နင့်ကွယ်ရာရောက်မှ ငိုမှာပါ လမ်းရယ်။

() () ()







www.burmeseclassic.com

www.burmeseclassic.com



အခန်း (၁၆)

လမ်း ကန့်တော့တော့ အမေက တစ်ဖက်လှည့်ပြီး ဆုလည်း မပေး၊ စကားလည်းမပြောနိုင်။ သားသိပါတယ် အမေရယ်။ အ ကျိတ်ငိုနေတယ်ဆိုတာကိုလေ။ တစ်ခါမှ မခွဲဖူးတဲ့သားကို အ ဘယ်ခွဲချင်ပါ့မလဲ။ သားလည်း မခွဲချင်ပါဘူး အမေရယ်။

အမေကတော့ မျက်ရည်ကျရင်းပဲ အသံတုန်တုန်နှင့် ဆု ပေးပြီး . . .

"ဟဲ့ . . . အစော"

". . . . . . . . . . . . . . ."

"နင် ဘာဖြစ်နေတာလဲ။ သားကို ဆုလေး ဘာ





ပေးလိုက်ဦးလေ"

"ရှင် . . . ပေးပြီးပြီပဲလေ၊ ပြီးတာပဲ မဟုတ်လား"

"အမေ"

". . . . . . . . . . . ."

"အမေ မငိုပါနဲ့ အမေရယ်နော်။ သား ခဏခဏ ပြန်လာ ခဲ့မှာပေါ့"

"အေးပါ သားရယ်"

"မင်းကလည်း ဟုတ်သားပဲ။ သားလေးသွားခါနီး လာကာ မိန်းကို စိတ်မကောင်းဖြစ်အောင် လုပ်နေပြန်ပြီ"

ဒေါ်ခင်စော မျက်ရည်တွေ သုတ်လိုက်ပြီး သားမျက်နှာလေး ကို ကြည့်နေတာ ကြည့်လို့မဝနိုင်။

"ကဲ . . . သား"

"ဗျာ"

"ကိုလှဖံ စောင့်နေတယ် သွားတော့လေ"

"ဟုတ်ကဲ့ပါ အဖေ"

လမ်း ကိုယ့်အဝတ်ကလေးတွေ ထည့်ထားတဲ့ကျောပိုးအိတ် ကလေးကို ကောက်လွယ် . . .

"အဖေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟေ"

"သား သွားမယ်နော်"

"အေးပါ သားရယ်"

"အမေ"

"……………"

"သား သွားတော့မယ်နော်"

"……………"

ဒေါ်ခင်စော ခေါင်းပဲညိတ်ပြနိုင်၏။ နောက်ဆံတင်းစွာ လှည့်ထွက်သွားတဲ့ သား၏ကျောပြင်ကိုကြည့်ပြီး အင့်ခနဲ ရှိုက်သ ထွက်သွားလေသည်။ ကိုယ့်ရင်ကို ခွဲထုတ်ပြီး ကိုယ့်သားကို အဝေ လွှတ်လိုက်ရတဲ့ မိခင်တစ်ယောက်၏ရင်ထဲမှာ ပန်းတွေလိုမွှေးပြ စမ်းရေလိုအေးမြနိုင်ပါ့မလား။

ဝမ်းနဲ့မလွယ် သားမမယ်ပေမယ့် ကိုယ့်အတွေး ကိုယ်ခံစာ ချက်တွေက ကိုယ့်သားအပေါ် ကိုယ်ချစ်တဲ့အချစ်မျိုး အခြားမိခင်တွေ မှာတောင် ရှိနိုင်ပါ့မလားလို့လေ။ တစ်သက်လုံး ခွဲရမှာမဟုတ်ပေမယ့် ဝေးသွားကြပြီဆိုကတည်းက ရပ်တည်နေရတာ နွေကမ္ဘာပေါ်မှာ သားရေလို့ခေါ်ပြီး နောက်ကပြေးလိုက်သွားချင်မိတဲ့ စိတ်ကို ထိန်းချု ထားရတာ ပင်ပန်းလိုက်ပါဘိ။ ဩော် … သားရဲ့အနာဂတ်ကလေ





ာပစေဖို့အတွက် သွားတော့ သားရေ။ အစစအရာရာ အမေ့သား လေး အဆင်ပြေချောမွေ့စေဖို့အတွက် အမေ အမြဲတမ်း အဝေးကနေ မေတ္တာပို့သပေးနေမှာပါ။

လိပ်များလိုပေါ့၊ လိပ်တွေက ဥ,ဥပြီးရင် အဝေးကနေ မေတ္တာပို့ပေးရုံနဲ့ ပေါက်ကြရတာတဲ့။ 'အမေကတော့ အမေပို့သပေး ဲ့ မေတ္တာကြောင့် သားဘဝလေးကို လှပအေးချမ်းစေချင်တာပါ။

"အဟင့်"

"……………"

"အဟင့်"

"ဟဲ့ အစော … နင်က ဘာဖြစ်နေတာလဲ။ ကိုယ့်သားလေး ာ ခရီးသွားနေတာ မငိုစမ်းပါနဲ့။ ကိုယ့်စိတ်ကိုယ် ဖြေမှပေါ့ဟ"

"မငိုအောင် နေနေတာပဲ။ မျက်ရည်က ထိန်းလို့မှမရတာ ိုတင့်ရဲ့ … အဟင့် ဟင့် ဟီး"

ဦးတင့် ဆက်မပြောချင်တော့ပေ။ ပြောရအောင် သူမပြောနဲ့ ိုယ်လည်း ငိုချင်စိတ်ကို မနည်းထိန်းနေရတာပဲဥစ္စာ။ သူက အမြဲ တူနေတဲ့မအေဆိုတော့ ပိုဆိုးမှာပေါ့လေ။

"ကျွန်မ သားကို ကျွန်မ တစ်ခါမှ ခွဲဖူးတာမဟုတ်ဘူးရှင် .. အီး ဟီး"



www.burmeseclassic.com

www.burmeseclassic.com



"အေးပါဟာ ... နင့်ကိုသာပြောနေရတာ ငါလည်း မနည်း[...]
ထိန်းနေရတာဟ ... အီ ဟီး"

ပြောရင်း ဦးတင့်ပါ ငိုလေတော့၏။ ဒီကလေးကို ကောက်[...]
ခဲ့ကတည်းက မိဘရင်းထက်ပိုတဲ့ မေတ္တာတွေနဲ့ စုန်ရေပဲဖြစ်ဖို့ ဘ[...]
မျှော်လင့်ချက်မှမထားဘဲ ပြုစုပျိုးထောင်လာခဲ့ကြတာဆိုတော့ အ[...]
လည်း သားဘဝကောင်းစားဖို့အတွက် ကိုယ်တွေရဲ့ရင်ဘတ်တွေက[...]
အရင်းအနှီးလုပ်ပြီး အဝေးကိုလွှတ်လိုက်တာပါ။

ဒီလိုမျက်ရည်တွေ ရင်းနှီးရကျိုးနပ်အောင် တစ်နေ့နေ့မှ[...]
ပညာတန်ဆောင်ကို ကိုင်ဆောင်ပြီး အဖေတို့ဆီကို အပြေးပြန်လာ[...]
ပါသားရယ်။

"ကျွန်မတို့ အရင်ထက် ပိုက်ဆံပိုရအောင် အလုပ်လုပ်[...]
သားနောက်ကို ခဏခဏ လိုက်သွားမယ်နော် ကိုတင့်"

"အေးပါဟာ"

"ကျွန်မသားအတွက် ကျွန်မအလုပ်လုပ်ရင် သေချင်သေ[...]
သွားပါစေ။ ပန်းကိုပျိုးပြီးမှတော့ နွားချေးပဲပေပေ မြေဆွေးပဲပေ[...]
အပေခံရတော့မှာပဲ၊ ကျွန်မလည်း ရှင်နဲ့အတူတူ သစ်ရွက်လိုက်[...]
မယ်"

"အဟောရယ်"





ကိုယ့်မှာလည်း ဒီစိတ်ပဲမို့ မပြောတော့ပါဘူး။ ကိုယ်တောင်
[...]ငိုနေမိတာ၊ အစောက ပိုဆိုးတော့မှာပေါ့။

ထွက်သွားသူရဲ့ရင်ထဲမှာလည်း ပြော်ဉ် အဖေနဲ့အမေရယ်
သားဘဝကောင်းစားဖို့အတွက် ရင်းနှီးခဲ့ရတာတွေ မနည်းပါလား။
[...]လုပ်အား၊ ချွေးနဲ့မျက်ရည်တွေ။ အဲဒီအရာတွေအတွက် သားကျေးဇူး
[...]ပြန်ဆပ်ပါရစေ အဖေနဲ့အမေ။ သားလည်း ခုလို ထွက်သွားရပေမယ့်
စိတ်က အဖေနဲ့အမေ့ဆီမှာပါ။

လက်ဆယ်ဖြာထိပ်မှာမိုးလို့ သား ထာဝရ ရှိခိုးကန်တော့
နေပါ့မယ် အဖေနဲ့အမေရယ်။

"ဟော့ကောင် လမ်း"

"ဗျာ"

"မြန်မြန်လာပါကွ"

"လာနေတာပဲ ဦးရ"

လမ်း ခြေလှမ်းကိုပိုသွက်ပြီး အတွေးစတွေကို ဖြတ်တောက်
[...]ပစ်လိုက်တော့သည်။

"လမ်း"

"............"

"လမ်းရေ"



www.burmeseclassic.com

www.burmeseclassic.com

"ဟင်"

"လမ်း ခဏနေပါဦး"

"နေကြာ"

ခေါ်သံကြားလို့ လမ်း လှည့်ကြည့်လိုက်တော့ ဆွဲခြင်းတစ်လုံးကို ခေါင်းပေါ်ရွက်ပြီး အမောတကောပြေးလိုက်လာသူက နေကြာပါ လမ်း စောင့်နေစဉ်မှာပဲ . . .

"အမေ့"

"ဟာ"

"အား"

"နေကြာ"

ကျောက်ခဲကို ခလုတ်တိုက်ပြီး နေကြာလဲကျသွားတော့ လမ်း အပြေးအလွှား သွားလိုက်မိ၏။ တောထဲက ကျောက်ခဲတွေက သေးသေးရော ကြီးကြီးရော ဆိုဒ်စုံ ဂိုက်စုံပဲလေ၊ နေကြာလဲကျသွားတာနှင့် ဆွဲခြင်းအပြင်ဘက်ကို လွင့်ထွက်လာတာ ဆတ်သားခြောက်တွေနဲ့ ကောက်ညှင်းကျည်တောက်တွေ။

"ထ . . . ထ"

လမ်း နေကြာကို ဆွဲထူလိုက်ပြီး . . .

"ဘာဖြစ်သွားသေးလဲ နေကြာ။ ဘယ်နာသွားသေးလဲ"





"မနာပါဘူး ရပါတယ်"

"အပင်ပန်းခံပြီး ဘာလို့ပြေးလိုက်လာရတာလဲဟာ"

"ပြောရက်လိုက်တာ လမ်းရယ်၊ နင့်ကို ဒါတွေပေးလိုက်ချင်လို့ ပြေးလိုက်လာတာပေါ့ဟာ။ ဒီကောက်ညှင်းကျည်တောက်တွေက နင့်ကိုပေးချင်လွန်းလို့ မနေ့က အမေနဲ့ငါ အပင်ပန်းခံပြီး ဖုတ်ထားတာတွေပါ။ ဒါက ဆတ်သားခြောက်တွေ။ ဟိုရောက်ရင် နင်စားဖို့လေ"

"နေကြာရယ်"

လဲကျလို့ ဘယ်နေရာနာတယ်ပင် မညည်းနိုင်ရှာပဲ မျက်ရည်ဆုဝေ့နှင့် ပြောချင်တဲ့စကားတွေကိုသာ အမောတကောပြောနေတဲ့ နေကြာ။ လွင့်ကျတာတွေကို အတင်းပြန်ကောက်ကာ ဆွဲခြင်းထဲသို့ သည့်၍ လမ်း လက်ထဲသို့ ထိုးထည့်ပေးနေတာပါ။ လမ်း သူ့ တ်ချမ်းသာအောင်ယူလိုက်ပြီး အကြည့်က ဘာရယ်မဟုတ် နေကြာ့ လက်မောင်းတစ်ဖက်စီကို ရောက်သွားလေလျှင် . . .

"ဟင်"

နေကြာ့ ညာဘက်တံတောင်ဆစ်မှာ သွေးတွေစီးကျလာတာကို မြင်လေတော့ . . .

"နေကြာ"

လက်ကို ချက်ချင်းဆွဲယူလိုက်ပြီး . . .



www.burmeseclassic.com

www.burmeseclassic.com



"သွေးတွေ၊ ဟာ . . . တံတောင်ကွဲသွားတာပဲ။ ကျောက်ပေါ် လက်ထောက်ကျတာထင်တယ်"

"ဘာမှလုပ်မပေးပါနဲ့ ရပါတယ်။ ငါ အိမ်ရောက်မှ ဆေးလိမ်းလိုက်မှာပါ"

ဦးလှဖံ သက်ပြင်းချလိုက်မိ၏။ နေကြာရဲ့စေတနာ မေတ္တာတွေကို အသိအမှတ်ပြုဖွာနှင့်ပဲ စိတ်ရှည်လက်ရှည် စောင့်ပေးလိုက်သည်။

"သွေးတွေက တအားထွက်နေတာကို"

"ဒဏ်ရာက နည်းနည်းလေးပါ။ သွေးဆူတဲ့ရာသီမို့ ထွက်နေတာ ထွက်ပါစေ"

ပြောရင်း နေကြာ လမ်း လက်ကိုဖယ်ချ၍ သူမလက်တဖက်နှင့်ပဲ တံတောင်ဆစ်ကို ဖိဆုပ်ထားပုံက လမ်း ရင်ကိုနာကျင်စေ၏။

"နင် နာနေတာမို့လား"

"ဟင့်အင်း . . . မနာပါဘူး"

စောစောက နာရကောင်းမှန်းမသိပေမယ့် ခုတော့ တဖြည်းဖြည်း နာကျင်တာကိုသိလာသည့်တိုင် လမ်း စိတ်မကောင်းဖြစ်မှာစိုး၍ ညာလိုက်ခြင်းပါ။ ဒါကို လမ်းကလည်း သိတာပေါ့။

"လမ်း"





"နေကြာ"

"ဟိုရောက်ရင် နင် ငါ့ကို သတိရနေမှာလားဟင်"

"ဘယ်လိုပြောလိုက်တာလဲ နေကြာရယ်၊ နင်နဲ့ငါက သူငယ်ချင်းအဆင့် မဟုတ်တော့ဘူးလေ။ နင် စိတ်ချနေပါ။ ငါ ရည်ရွယ်ချက်တွေ အောင်မြင်တဲ့နေ့ နင့်ကိုပဲလက်ထပ်မှာပါ"

ဦးလှဖံ လက်ကနာရီကို ငုံ့ကြည့်ပြီး သက်ပြင်းထပ်ချလိုက်မိ၏။ သွားရမယ့်ခရီးက အဆင့်ဆင့်လေ။ စက်လှေစီးပြီး ကားက တစ်ဆင့်စီးရဦးမှာ။ မြို့လေးပေါ်ရောက်မှ အဝေးပြေးကားကို တစ်ဆင့်ဆပ်စီးရမှာဆိုတော့လေ။

မပြောချင်ပေမယ့် ပြောရဦးတော့မှာပဲပေါ့။

"လမ်း"

"ဗျာ"

"ဦးတို့ သွားကြရအောင်ကွာ"

"ဟုတ်ကဲ့ ဦး"

တစ်ဖက်ကို ပြန်လှည့်ပြောပြီး နေကြာ့ဘက်သို့ ပြန်လှည့်ကြည့်လာတဲ့ လမ်းမျက်ဝန်းတွေက ရီဝေဝေ မလွဲသာလို့ ခွဲခွာရပေမယ့် အသည်းမှာ မှတ်တိုင်စိုက်ပြီး သိမ်းပိုက်သွားတော့မယ့် တစ်ဦးတည်းသော ချစ်သူက နေကြာပန်းဆိုတာ။



www.burmeseclassic.com

www.burmeseclassic.com



"နေကြာ"

"…………"

"ငါသွားတော့မယ်နော်"

ခေါင်းညိတ်ပြီး မျက်ရည်ကျနေတဲ့ချစ်သူကို ဖွတ်မိုတ်ကာ ကျောခိုင်းထားရစ်ခဲ့ရတော့၏။

နေရစ်ခဲ့တော့ ချစ်သူရေ၊ နှင်နဲ့ငါ တစ်နေ့နေ့မှာ ပြန်ဆုံကြမှာပါ။





"ချစ်သူဖန်ဆင်းတဲ့ကမ္ဘာ"

ချစ်သူဖန်ဆင်းတဲ့ကမ္ဘာ

မြေမလိုဘူး

ငါ့ရင်ခွင်မှာ နှင် နေထိုင်ခွင့်ရစေမယ်။

ရေမလိုဘူး

ငါ့မေတ္တာတွေနဲ့ အေးချမ်းစေရမယ်။

လေမလိုဘူး

ငါ့ကြင်နာခြင်းတွေနဲ့ နှင် အသက်ရှင်စေရမယ်။

အန္တရာယ်တွေ မရှိစေရဘူး။

ငါ့သစ္စာတွေနဲ့ လုံခြုံစေရမယ်။

ကဲ …ချစ်သူ

လှမ်းသာလာခဲ့ပါ။

ဒီမှာ မင်းအတွက်

ငါ ဖန်ဆင်းထားတဲ့ကမ္ဘာ။



www.burmeseclassic.com

www.burmeseclassic.com



ဒီကဗျာလေးက သူငယ်ချင်းစပ်ခဲ့တဲ့ ကဗျာလေးဖြစ်ပြီး လ
ကြိုက်လွန်းလို့ အလွတ်ကျက်ထားတာပါ။ အခု . . . ဒီကဗျာလေးထဲ
လိုပဲ နှင့်အတွက် ငါ ကမ္ဘာတစ်ခု ဖန်ဆင်းထားပါတယ် နေကြာရယ်

() () ()



## အခန်း (၁၇)

နေကြာ မျက်ရည်စက်လက်နှင့် ပြန်လာခဲ့သော ခြေလှမ်းတွေ
က လေးလံနေးကွေးစွာ။ ကိုယ်လည်း တစ်နေ့သွားရမှာပေမယ့်
ကိုယ်နေရမယ့် ဦးကျော်သိန်းအိမ်လိပ်စာကို မေးလို့မရပေ။ အဖေနဲ့
အစ်ကိုက မပြောရဘူးလို့ ပိတ်ပင်ထားလို့ မပြောနိုင်ပါဘူးတဲ့လေ။
ကိုယ့်အပူနှင့်ကိုယ်မို့ လမ်းနေတဲ့အိမ်လိပ်စာကိုလည်း မသိလိုက်ရပေ။

လမ်းရယ်၊ ကံကြမ္မာခွဲလို့ တို့တွေ ခဏတာဝေးရပေမယ့်
သာဝရ သစ္စာကြီးစွာနဲ့ ငါ စောင့်နေမယ်ဆိုတာကို ယုံပါ။ ဒါ
ဓိစပ်ပြောမဟုတ်ဘူး လမ်း။ ငါ အလုပ်နဲ့ သက်သေပြသွားမှာပါ။

"နေကြာပန်း"



www.burmeseclassic.com

www.burmeseclassic.com



"အမေ့"

"ခွေးမ လာခဲ့စမ်း"

ဘီလူး သရဲစီးလာတဲ့အသံမျိုးနှင့်မို့ နေကြာ့ကိုယ်လေ... ဆတ်ခနဲပင် တုန်သွားသည်။ အလန့်တကြား မော့ကြည့်လိုက်တော့... နေကြာ အခုရောက်နေတဲ့ ချောင်းကမ်းပါးမှာ ခါးကြီးထောက်ပြ... ဒေါသမျက်ဝန်းနှင့် ကြည့်နေကြတာ အဖေနှင့်ကိုကြီးပါ။ နေကြ... ဘယ်ကို ပြေးထွက်သွားချင်မှန်း မသိတော့ပါဘူး။

ကိုကြီးလက်ထဲမှာက ဓားမကြီးနှင့်။

ဒါ နေကြာ့နောက်ကို လိုက်လာကြတာလား။

"တောက် ... နည်းနည်းနောက်ကျသွားတယ်ကွာ။ အတူ... တွေ့လိုက်ကတော့ အသေပဲ။ အဲဒီကောင်ကို သတ်ချင်တာ လက်တွေ... ယားနေပြီ"

"အဖေ့စကားကိုတောင် နားမထောင်တဲ့ နွားမ။ နင် သိ... သတ္တိရှိနေတယ်ပေါ့လေ ဟုတ်လား"

"အဖေ"

"အဖေ့သမီးကိုက တုံးအောက်က ခုန်ထနေတာ။ ဒီ... ကောင်မျိုး လောကမှာ နောက်တစ်ယောက် မရှိနိုင်ဘူးလို့ နင်က... ထင်နေတာလား နေကြာပန်း ဟုတ်လား။ နင့်ကိုလည်း သတ်ပစ်ရမှာ... ...ချင်လို့ ပြာပုံကို နင်က လိုက်တိုးနေတာ"

"ကိုကြီး လမ်းကို အဲဒီလိုမပြောပါနဲ့။ ဆင်းရဲတာကလွဲရင် ...မ်းက ဘာဖြစ်နေလို့လဲ။ ကိုကြီးတို့လို အရက်သောက် ဖဲရိုက်နေ ...ဘာမှ မဟုတ်တာ"

"ဘာ"

"............."

"နေကြာပန်း"

နေကြာ့နာမည်ကိုခေါ်ပြီးလာနေတဲ့ ပုံက နေကြာ့ကို ရိုက် ...တ်တော့မည့်ပုံပါ။ အနားကိုရောက်တော့ လက်ကို ဆောင့်ဆွဲပြီး

"နင် ဘာစကားပြောတာလဲ ပြန်ပြောစမ်း။ အခုပြန်ပြောစမ်း ...ကြာပန်း"

"............."

"ပြောလေ"

"နင်ကများ ငါ့ကို ... ကဲ"

"ဖြန်း"

"အား"

"သား မလုပ်နဲ့"

"ဖြန်း"







www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေး ... ငါ့သမီးလေး သေပါပြီ။ ဟဲ့ ... ကျော်

ကျော်"

ပထမတစ်ချက်ရိုက်ပြီး နောက်ထပ်ရိုက်မှာစိုးလို့ ဦးမောင်က

အော်လိုက်ပေမယ့် လျှပ်မြန်တဲ့ကျော်ကျော့်လက်က ရိုက်ပြီးပြီ၊ ခင်ပွန်း

သားသိတာနှင့် ဓားဆွဲပြီးလိုက်လာလို့ သူမ စိတ်မချလို့ လိုက်လာ

တာ။ ဒီရောက်တော့ လမ်းနဲ့တော့ မတွေ့ပါဘူး။

သမီးလေး အရိုက်ခံရတာမြင်တော့ မျက်လုံးများပင်ပြာဝေ

သမီးကိုပြေးဖက်မိ၏။

"ဟော့ကောင် ... မင်းလက်မပါနဲ့လေကွာ"

ကိုယ်က ကိုယ့်သမီးကို ရည်ရွယ်ပြီး လိုက်လာတာမဟုတ်

သားက ရိုက်တော့ ဦးမောင်ကို မခံနိုင်ပြန်။

"ပါးစပ်နဲ့ဆုံးမရင် ရရဲ့သားနဲ့ မင်း ဘာလို့ လက်ပါရတာ

ကွ"

"အဖေ့သမီးပြောတာ အဖေ မကြားဘူးလား။ ကျွန်တော့်

ခွေးလိုပြန်ကိုက်နေတာလေ"

"နင့်မှာ လူစိတ်မရှိဘူးလား ကျော်ကျော်၊ ကိုယ့်ညီမ

ဒီလောက်အထိ ရိုက်စရာလားဟဲ့"

"အမေ့ ... အမေ့ကို ကျွန်တော် မပြောချင်ဘူးနော်





အမေလည်း အလိုတူ အလိုပါပဲ"

"အမယ် ... နင့်ကများ ငါ့ကို ပြောနေတာ နင့်သမီးလေး

များ မှတ်နေသလား။ ငါက နင့်အမေဟဲ့ ... နင့်အမေ"

"အမေမို့လို့သာပေါ့"

"မဟုတ်ရင် ... ဘာဖြစ်လဲ ဆက်ပြောလေ"

"ကျွတ်"

"ကဲ ... တော်ကြစမ်း"

ဦးမောင်ကိုအော်လိုက်မှ အားလုံး တိတ်ဆိတ်သွားကြလေ၏။

နောက်ကြာကတော့ တရှုံ့ရှုံ့နှင့်ပဲ ငိုနေတော့သည်။ သူတို့မကြိုက်တာကို

လုပ်မိတော့ ကိုယ်ပဲ အပြစ်ရှိသူပေါ့လေ။

"သမီး"

"အဟင့် ... ဟင့်"

"တော်တော်နာသွားလားဟင် သမီး။ အမေ စိတ်မကောင်း

လိုက်တာကွယ်"

"နင်တို့ကလည်း နင်တို့ပဲ။ တောက် ... ဟိုကောင်လေးကို

မီလိုက်လို့သာပေါ့၊ တွေ့သာတွေ့ရင် ငါကိုယ်တိုင် သတ်မလို့။

ကောင်မရှိမှကို အေးမှာ"

"နင် ... သူများသားသမီးကို ဘာလို့ အဲလောက် ငြိုးနေ

ရတာလဲ မောင်ကို၊ လမ်းက ဆင်းရဲတာကလွဲပြီး သူ့လိုလူမျိုး မကျည်းရွက်နဲ့ ထမင်းထုပ်ပြီး ရှာကြည့်ဦး။ မကျည်းရွက်နဲ့ ထမင်းထုပ်တာ ရချင်ရဦးမယ်''

''ဘာ'

ပြောပုံက လမ်းလိုလူမျိုး လောကကြီးထဲမှာ လမ်းကလွဲပြီး နောက်တစ်ယောက်ပင် မရှိတော့သလိုလို။ ဒေါ်မြလေး နောက်ထ ဘာမှပြန်မပြောလေတော့ . . .

''တောက်''

ချာခနဲလှည့်ပြီး ကျောခိုင်းသွားခြင်းမှာ ခိုင်းသွားတဲ့ကျောပြင် တွေမှာ အာဃာတမီးတွေ တောက်လောင်နေလျက်ပါ။

() () ()



## အခန်း (၁၈)

လမ်း ရန်ကုန်ကို တစ်ခါမျှမရောက်ဖူးတော့ လမ်းမှာ ကားသံ တွေ၊ လူသံတွေ၊ ညှော်နံ့နှင့်အတူ ပြီး ရွှံ့ပုပ်နံ့လိုလို ဘာလိုလိုနှင့် ဘာနံ့တွေမှန်းမသိကြောင့် ခေါင်းကိုက်ပြီး အန်ချင်စိတ်ပင်ပေါက်လာ သည်။ တွံတေး ဦးသိန်းတန်ပြောသလိုသာပြောလိုက်ချင်တော့၏။ ညော် . . . ရန်ကုန် ရန်ကုန် ရန်ကုန်ဆိုတာ ဒါပါလားပေါ့။

မျက်စိလည်း ရှုပ်၊ နားလည်းရှုပ်နဲ့ ရွှာကဘုရားပွဲထက် တောင် စည်ကားသေးဆိုတာလေ။ ဦးလှဖေ၏သမီးတွေ အဝေးပြေး ကနေ လာကြိုမယ်တဲ့။ ဘယ်လိုပုံစံမျိုးလဲ။ စိတ်ထားရော ကောင်းပဲ့ လား။ လောလောဆယ် မျက်စိထဲမှာ မြင်နေရတာ မိန်းကလေး

www.burmeseclassic.com



တွေက ပုံစံအမျိုးမျိုးနဲ့ပါပဲ။

"လမ်း"

"ဗျာ"

"ဗိုက်ဆာနေပြီလား"

"မဆာပါဘူး"

"ဆာရင်တစ်ခုခုစားနော်၊ ဦးကို အားနာမနေနဲ့သိလား"

"ဟုတ်ကဲ့ပါ"

ဒါပဲပြောပြီး ဥဒဟိုသွားလာနေကြတဲ့ လူတွေကိုပဲ လိုက်ငေ[း]

နေမိ၏။ မိန်းကလေးအချို့မှာ ဘောင်းဘီတွေ၊ စကတ်တွေသ[ာ]

ဝတ်ကြပြီး ထဘီဝတ်တဲ့သူက သုံးပုံတစ်ပုံသာ။

"ဟော . . . ဟိုမှာ"

ဟိုမှာဆိုလို့ လှည့်ကြည့်လိုက်တော့ . . .

"ဖေဖေ"

"သမီး"

သူတို့ဆီကိုလာနေတာ စတော်ကင်ဆိုလား၊ စတော်ချ[...]

လား ဘောင်းဘီတွေနှင့် မိန်းကလေးနှစ်ယောက်ပါ။ တစ်ယောက်[...]

လမ်းထက်တော့ အသက်ကြီးမှာပါ။ တစ်ယောက်ကတော့ ရွယ်တ[...]

လောက်ပါပဲ။





"လမ်း သွားမယ်"

"ဟုတ်"

သွားမယ်ဆိုလို့ လိုက်လာခဲ့တော့ ကားဆီကိုအရောက်မှာ

ဘယ်ပို့မှာပြီး ဘယ်မှာထိုင်ရမှန်းမသိပေ။ နောက်မှ ဦးလှဖွင့်ပေးလို့

နောက်ခန်းမှာ ဝင်ထိုင်လိုက်တော့ အငယ်ဖြစ်ဟန်တူသောတစ်ယောက်

နှင့် လမ်းက နောက်ခန်းမှာအတူတူ။ ဟိုတစ်ယောက်နဲ့ ဦးလှဖကော

ရှေ့ခန်းမှာလေ။ မိတ်ဆက်မပေးသေးတော့ တစ်လမ်းလုံး နောက်ခန်း

မှာ တိတ်ဆိတ်စွာ။

ရှေ့ခန်းမှာတော့ သားအဖတွေ စကားပြောနေကြသည်ပေါ့။

အိမ်ကိုရောက်တော့မှ . . .

"လမ်း"

"ဗျာ"

"ဦးမိသားစုနဲ့ မင်းကို မိတ်ဆက်ပေးမယ် မှတ်ထားနော်"

"ဟုတ်ကဲ့"

"ဒါက . . . ဦးရဲ့ဇနီး ဝတ်ရည်တဲ့။ ဟိုဘက်က သမီးကြီး

သော်မှုလှ၊ ဒီဘက်ကတော့ သမီးငယ် မြဖူးသာလေ။ အားလုံးပဲ

သူကတော့ လမ်းတဲ့၊ ဖေဖေ အလုပ်သွားလုပ်နေတဲ့နေရာကပေါ့"

အပြန်အလှန် ပြုံးပြနှုတ်ဆက်ကြပြီး . . .



www.burmeseclassic.com

www.burmeseclassic.com



"သူက အလည်လိုက်လာတာလား ကို"

"မဟုတ်ဘူး ဝတ်ရည်ရဲ့။ လမ်းက ဆယ်တန်းဖြေထားတယ်လေ။ အဲဒါ အောင်စာရင်းက မထွက်သေးဘူးမို့လား။ ကျောင်းမတက်ရခင် သင်တန်းလေးတစ်ခုခု တက်နိုင်းမလို့ ခေါ်လာတာ။ ပြီးတော့ ကိုယ်ပြန်သွားရင် အိမ်မှာက ယောကျ်ားသားမရှိဘူးလေ။ လမ်းရှိနေတော့ အရေးအကြောင်းဆို အားကိုးလို့ရတာပေါ့"

"ကောင်းတာပေါ့ ကိုရယ်၊ ဝတ်ရည်က သမီးတွေပဲ မွေးထားတာဆိုတော့ ဒီကလေးကို သားတစ်ယောက်လို သဘောထားနိုင်တယ်"

တော်ပါသေးရဲ့ဟု လမ်း သက်ပြင်းချလိုက်မိ၏။ ကိုယ့်အပေါ် ဒီလိုမှ ဆက်ဆံပုံမလားလေ။ ခုတော့လည်း သဘောကောင်းသားပဲ။ သူများအိမ်ဆိုတာ လွယ်တာမှတ်လို့။ သူများအိမ်ဆိုတာ သူများ မျက်နှာ ကြည့်နေရတာပဲမဟုတ်လား။

"နာမည်က လမ်းပဲလား"

"ဟုတ်ကဲ့"

မေးလိုက်တာက အကြီးမ ဝတ်မှုံလွှာပါ။

"တစ်လုံးတည်းပေါ့"

"ဟုတ်ကဲ့"





"လမ်းဆိုတာက ဘာနဲ့လဲ။ မသတ်နဲ့လား လမ်းလား။ နသတ်နဲ့လန်းတာလား"

လမ်း တွေခနဲဖြစ်သွား၏။ ဒီနာမည်ကိစ္စ ကျောင်းအပ်တုန်းက တစ်ခါရှင်းပြရသေးသည်။ ကျောင်းက အဖေလိုက်အပ်ပေးတာဆိုတော့ ဘာကြောင့်လို့ ရှည်ရှည်ဝေးဝေး ရှင်းမပြဘဲ မသတ်နဲ့ လမ်းပါတဲ့လေ။ လမ်းကတော့ ကိုယ့်မိဘတွေပေးထားတဲ့နာမည်မို့ မကြိုက်ဘူး ကြိုက်တယ် ဘာမှ မပြောပေ။

"ကျွန်တော့်နာမည်က မသတ်နဲ့လမ်းတာပါ"

"ဘာအဓိပ္ပာယ်လဲ"

"အဲဒါတော့ ကျွန်တော် မသိပါဘူး ခင်ဗျာ"

"ကဲပါ သမီးရယ် . . . ဘာကြောင့်ပဲဖြစ်ဖြစ် မေးမနေပါနဲ့တော့။ သမီးငယ် မောင်လေးကို သူနေရမယ့်အခန်း လိုက်ပြလိုက်ပါဦး"

"ဟုတ်"

မြူးသာက ထရပ်ပြီး ရှေ့မှထွက်သွားတော့ လမ်း နောက်ကနေ လိုက်သာလာရတယ် စိတ်ကမလုံ။ သာသာ လမ်းကို တစ်ချက်ပြန်ငဲ့ကြည့်ပြီး . . .

"လမ်း"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ"

"နင် ငါ့ကို ဘယ်လိုခေါ်မှာလဲ"

"ဗျာ"

"ငါက ဒုတိယနှစ်တောင်တက်နေပြီလေ။ ဒါကြောင့် နင်က ငါ့ထက် ငယ်မှာပါ။ အဲဒါ ကြိုပြောမလို့၊ ငါ့ကို မမတွေ ဘာတွေတော့ လာမခေါ်နဲ့နော်။ ငါမကြိုက်ဘူး"

"ဒါဆို ကျွန်တော်က ဘယ်လိုခေါ်ရမှာလဲ"

"နင့်ကို ငါ့သူငယ်ချင်းတစ်ယောက်လို သတ်မှတ်တယ်။ ဒါကြောင့် ငါ့သူငယ်ချင်းတွေခေါ်သလို သာသာပဲခေါ်ပါ"

"ဩော်"

"မအော်ပါနဲ့"

"မအော်ရဲပါဘူး"

အတိုင်အဖောက်ညီညီ အစီပွာယ်ကောက်လိုက်မိကြပြီး နှစ်ယောက်သား ပြုံးမိကြ၏။ ဩော် . . . တစ်အိမ်တည်းမှာ အတူတူနေကြရမှာပဲလေ။

() () ()



## အခန်း (၁၉)

ရက်တွေကို ပုတီးလိုသီ၊ လချိုလို့ ကြာလာတာနှင့်အမျှ နှစ်တွေလည်း ပြောင်းခဲ့ပြီလေ။ လမ်းလည်း မြို့မှာ လူရေလည်ခဲ့ပြီ ပေါ့။ လမ်းလည်း ရွာကို တစ်နှစ် နှစ်ခါလောက် ပြန်ပေမယ့် နှစ်ရသူနေကြာကို တစ်ခါမှ မတွေ့ရပေ။ ရန်ကုန်မှာတဲ့၊ လိပ်စာစုံစမ်းတော့လည်း စုံစမ်းလို့မရပေ။ အမေလည်း မြို့ကိုလိုက်လာတဲ့အခါ တွေရှိ၏။

အခုလည်း အဖေနဲ့အမေကိုလွမ်းလိုက်တာ။ အဝေးက အဖေနဲ့အမေ့ကို သား လက်ဆယ်ဖြာမိုးပြီး ထာဝရကန်တော့ပါတယ် အဖေနဲ့အမေ။ သားဘဝမှာ အချစ်ဆုံးနဲ့ အရေးအကြီးဆုံးက အဖေနဲ့



www.burmeseclassic.com

www.burmeseclassic.com



အမေပါ။ ပြီးမှ ချစ်သူနေကြာပေါ့။

"လမ်း"

". . . . . . . . . . . . . ."

"လမ်း"

လမ်း အတွေးလွန်နေတာမို့ ခေါ်သံကိုမကြားပေ။ အခုချိန် အဖေနဲ့အမေ ဈေးထောင်းလို့ ရုပ်ပြောင်းကာ အရွယ်ကျနေပြီလား လွမ်းလိုက်တာ အဖေနဲ့အမေရယ်။

"ဟဲ့ . . . လမ်း"

"အင် . . . ဟင်"

"ဘယ်လိုဖြစ်တာလဲဟယ်၊ ခေါ်မကြား အော်မကြားနဲ့"

"ဩော် . . . မမ"

"ဩော် . . . အသက်ရှိသေးသားပဲ"

"ဟာဗျာ မမကလည်း"

"ဟာဗျာ လုပ်မနေနဲ့ . . . မမ မြို့ထဲသွားမလို့ အဲဒါ . . . လိုက်ဦးမှာလား"

"အခုလား"

"ဟုတ်တယ် . . . ကဲ အဝတ်လဲ မမ ကားပေါ်က စောင့်နေမယ်"





"ဟုတ်"

ဒီအိမ်မှာက လမ်းရောက်လာပြီးကတည်းက အဲဒီလိုပါ။ ခေါ်ဝတ်ရှည်သွားစရာရှိရင် သားရေ အန်တီ့ကို လိုက်ပို့ပါဦးဆိုသလို မေဝတ်မှုလွှာကလည်း လမ်း မမသွားစရာရှိလို့ လိုက်ပို့ဦးပါပဲ။ သာသာကတော့ ပိုဆိုးတာပေါ့။ သူ ဘယ်နေရာပဲသွားသွား လမ်းကို ခေါ်သွားတတ်သူ။ လမ်း ကျောင်းသွားနေတော့လည်း သူတို့တာသာ သွားကြတာပဲလေ။

အိမ်မှာရှိနေရင်တော့ သူတို့အလုပ်တွေက လမ်းပါမှပဲ အောင်မြင်တော့မလိုလိုပါ။ လမ်းကလည်း ကိုယ့်ကျေးဇူးရှင်တွေဆိုပြီး မင်းလိုလိုက် မင်းကြိုက်ဆောင်ရတာပဲပေါ့။ အမေကဆိုရင် လမ်းဆီကိုလိုက်လာတိုင်း . . .

"မြို့ရောက်မှ အမေ့သားက မင်းသားကျနေတာပဲ၊ တောကိုတော့ ပြန်မလာပါနဲ့တော့သားရယ်"

တဲ့လေ။ ဩော် အမေရယ် . . . ပစ္စည်းမချမ်းသာပေမယ့် သားအပေါ်ထားတဲ့ မေတ္တာစေတနာတွေကတော့ တုနှိုင်းမမီပါလေ။

"အမယ်လေး . . . ကြာလိုက်တာလမ်းရယ်၊ ဒီမှာ ထိုင်စောင့်ရတဲ့သူ တင်ပါးတောင်ပူနေပြီ"

"အဲဒါတော့ မမပိုတာပါ။ ဟိုမှာ သာသာ ရိုကျနေလို့



www.burmeseclassic.com

www.burmeseclassic.com



ခဏာပဲကြာသွားတာကို''

''သာသာက ဘာတွေကိုကျနေတာလဲ''

''မသွားခင် နေကြာစေ့သွားဝယ်ပေးခဲ့ရမယ်တဲ့။ ကျွန်တော် မရှိရင် သူပျင်းလို့ နေကြာစေ့ဝါးနေမှ အပျင်းပြေမှာတဲ့လေ''

''အံ့မယ်''

''အဲဒါကို ရှင်းနေရတာ''

''အခု ဘယ်လိုပြောခဲ့လဲ''

''မမကိစ္စက အရေးကြီးနေလို့ ပြန်လာမှ ဝယ်လာခဲ့မယ်လို့ ပြောလိုက်တယ်''

''ကောင်းတယ်''

ဝတ်မှုံလွှာက မှဲ့ရှုံ့ရှုံ့လေး ပြောလေသည်။ သူတို့ညီအစ်မက တစ်မျောင့်။ လမ်း ဝတ်မှုံလွှာနဲ့ တွဲသွားတော့ သာသာက မနာလို၊ သာသာနဲ့တွဲသွားတော့ ဝတ်မှုံလွှာက မကြိုက် ဖြစ်နေတာလေ။ လမ်းကတော့ အေးဆေးပါပဲ။ ကိုယ့်ရင်ထဲမှာ နေကြာပန်းလေးတစ်ပွင့်က နေရာယူပြီးသားမို့ ဘယ်သူဘယ်သူ့အပေါ်မှ စိတ်မဝင်စားဘဲ မောင်နှမသံယောဇဉ်နဲ့သာ။

''လမ်း''

''ဗျာ''





''ကျောင်းမှာ ရည်းစားတွေ ဘာတွေ ရှိနေပြီလား''

''ကြုံကြုံဖန်ဖန် မမရယ်၊ ကျွန်တော်က အေးဆေးပါ''

''အဲဒါကောင်းတယ်၊ မထားနဲ့နော် သိလား''

''ဟုတ်ကဲ့ပါ''

''မင်းကလေး ပြောလိုက်ရင် ဟုတ်ကဲ့ . . . ဟုတ်ကဲ့ချည်းပဲ။ ဟုတ်ကဲ့ကလွဲရင် ဘာမှပြောစရာမရှိတဲ့အတိုင်းပဲ။ နေလာတာပဲ ကြာပြီ သွက်သွက်လက်လက်ပေါ့''

ကားမောင်းနေရင်း လမ်း ရယ်လိုက်မိပြီး . . .

''ပြောစရာရှိရင်တော့ ပြောနေတာပဲ မမရဲ့၊ ပြောစရာမရှိတော့လည်း မပြောဘူးပေါ့''

''သာသာနဲ့ရော ဒီလိုပဲလား''

လမ်း သက်ပြင်းချလိုက်မိ၏။ အပျိုကြီးမမနဲ့တော့ခက်ပြီ။ ဘာလို့ရစ်နေမှန်း မသိပါဘူး။ အရင်ကတော့ လမ်းကိုငယ်သေးလို့ ထင်ပါရဲ့။ မောင်ငယ်လေးလိုပဲ သဘောထားပြီး ဒီလောက်မဟုတ်ပေ။ ဒီနှစ်ပိုင်းကျမှ ဆက်ဆံရေးတွေပြောင်းလဲလာတာ ခက်လိုက်တာ။

''ဖြေလေ''

''ဟို . . . မမကျတော့ အကြီးလေ။ အကြီးဆိုတော့ စကားတိုင်း ဘယ်ပြောလို့ဖြစ်မှာလဲ။ ရိုသေလေးစားမှုဆိုတာ ရှိရသေးတာပဲ။



www.burmeseclassic.com

www.burmeseclassic.com



သာသာနဲ့ကျတော့ စတာ နောက်တာ စကားနိုင်လုတာတွေ ရှိတ
ပေါ့"

"ဟွန်း"

မကျေနပ်စွာ မျက်စောင်းထိုးလိုက်တာကို လမ်း လှစ်
မြင်ဖြစ်အောင် မြင်ပေမယ့် မမြင်ချင်ယောင်ဆောင်နေလိုက်၏။ ဘာ
မျက်စောင်းထိုးတာလဲ မေးရင် အရစ်ကရှည်ဦးမှာလေ။

"ဟယ် … လမ်း"

"ဟင်"

"ရှေ့မှာ လူတွေအများကြီး ရုတ်စီရုတ်စီ ဖြစ်နေပါလား
ဘာလဲ မသိဘူးနော်"

"ကျွန်တော်မြင်ပါတယ် မမရဲ့၊ ရန်ဖြစ်နေသလားမှ မ
တာ"

"ကားခဏရပ်ဦး"

လမ်းလည်း စိတ်ဝင်စားသည်မို့ ကားရပ်ပြီး သူပဲ အ
ဆင်းလိုက်မိလေသည်။ သူ လျှောက်သွားပြီးကြည့်လိုက်တော့
အများကြီး အလယ်မှာ ၃ … နှစ်အရွယ် ကလေးလေးတစ်ယောက်
ကလေးကို တစ်ယောက်တစ်ပေါက် ဝိုင်းမေးနေကြပြီး ကလေး
ငိုနေတာ မျက်ရည်တွေနှင့် ရွှဲနစ်နေလို့ပါ။





"ကလေးက အရမ်းငယ်တော့ သူ့နေရပ်လိပ်စာကို ဘယ်လို
သိမှာလဲ၊ မေးမနေပါနဲ့တော့။ တော်ကြာ … မေးလေ ငိုလေပဲဖြစ်နေ
ဘ"

"ကလေးလေး သနားပါတယ်ဟာယ်။ ကမြင်းမ၊ မွေးတုန်း
ကမွေးပြီး ခုမှ ဘာလို့ပစ်သွားတယ် မသိဘူး။ တွေ့ရင်တော့ ဟိုဟာကို
အားနဲ့ခွဲပြီး သတ်ပစ်ဖို့ကောင်းတာ"

"အေးလေ … ကျွန်မတို့လည်း ကလေးကိုထားပြီး ထွက်
သွားတာတော့မြင်တယ်။ ဟိုအနား ဒီအနားသွားပြီး ပြန်လာမယ်လို့
ထင်တာ။ ခုတော့ ပြန်ကိုမလာတော့ဘူး"

"ကလေးအမေက ကလေးကို ပစ်သွားတာလားဗျ"

လမ်း ဝင်မေးလိုက်တော့ လူတစ်ယောက်က လှည့်ကြည့်
ပြီး …

"ဟုတ်တယ်"

မျက်ရည်လည်ရွှဲနှင့် ကလေးကိုကြည့်ပြီး လမ်းရင်ထဲမှာ
နင့်သွားလေ၏။ လမ်းဆိုရင် အဖေနဲ့အမေက လမ်းမှာ ကောက်ရလို့
မွေးစားခဲ့တာတဲ့။ အဖေနဲ့အမေက သားအရင်းပါလို့ ဘယ်လိုပဲပြော
ပြော ပတ်ဝန်းကျင်က မဟုတ်ကြောင်းကိုပြောနေကြတာလေ။ လမ်း
စိတ်ထဲမှာတော့ အဖေနဲ့အမေသာ ကိုယ့်မိဘတွေပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



မိဘအရင်းဆိုတာတွေကို လမ်း စိတ်လည်းမဝင်စား၊ သ
လည်း မသိချင်၊ အဖေနဲ့အမေသာ ကောက်ယူမွေးစားခဲ့ရင် အခု
မှာ လမ်းဆိုတဲ့ကောင် အသက်ရှင်လျက်နဲ့ ရပ်တည်နေနိုင်ပါ့မလား
အခု ဒီကလေးအဖြစ်က ကိုယ်နှင့်တူနေတာမို့ ကလေးလေး ရှိုက်ြ
တငင် ငိုနေတာကိုကြည့်ပြီး သူပါ မျက်ရည်ဝဲလာမိသည်အ
ဝမ်းနည်းရသည်လေ။

"အခု ကလေးကို ဘယ်လိုလုပ်ကြမှာလဲဟင်"

လမ်း အသံတုန်တုန်နှင့် မေးလိုက်မိ၏။

"ဘယ်လိုလုပ်ရမှန်းကိုမသိ ဖြစ်နေတာ"

"အဲဒါဆို ဒီလိုလုပ်ပါလားဗျာ"

"ဒီကလေးကို မွေးမယ့်သူမရှိရင် ကျွန်တော်မွေးပါရစေ"

"ဟာ ... အဲလို လက်လွှတ်စပယ်ပေးလိုက်လို့ ရမလား
မင်းက ဘယ်သူမှန်းမသိ ဘယ်ဝါမှန်းမသိဘဲနဲ့ကို"

"မဟုတ်ပါဘူးဗျာ။ ကျွန်တော့်ဆီကနေ လိုအပ်တဲ့အချ
တွေအားလုံး ခင်ဗျားတို့တောင်းပါ။ ကျွန်တော် ပေးပါ့မယ်။ အ
ကျွန်တော်နေတဲ့နေရပ်လိပ်စာ၊ မှတ်ပုံတင်နံပါတ် ဒါတွေကို ယူထ
ကြပေါ့။ ဒီကလေးနဲ့ပတ်သက်ပြီး အကြောင်းထူးတာရှိရင် ဆ
သွယ်လို့ ရတာပေါ့"





"ကောင်းသားပဲ။ ဒီကလေးက လောလောဆယ် ဒုက္ခ
ရောက်နေတာ။ သူပြောတာကို လက်ခံလိုက်ရင် ကောင်းမယ်ထင်
တယ်"

"ဒါဆို ... နီးစပ်ရာ ရပ်ကွက်လူကြီးဆီ သွားရမှာပေါ့။
ဒီလိုအကြောင်းကြားမှ ရမှာလေ"

"လမ်း နင် ဘာတွေလျှောက်လုပ်နေတာလဲ"

"နောက်မှပြောပြမယ် မမ၊ အခုတော့ ကျွန်တော့်ကို ခွင့်ပြု
ပါ။ အိမ်ရောက်မှ မကြိုက်ဘူးဆိုလည်း မမတို့ကြိုက်သလို ဆုံးဖြတ်
ပေါ့"

လမ်း ဆုံးဖြတ်ချက်ကို မပြင်တော့ပေ။ ဒီကလေးက သူနဲ့
ဘဝတူမို့ ကိုယ့်လိုပဲ မေတ္တာခြုံလို့ လုံစေသောအသိုက်အမြုံတစ်ခု
ရှိစေချင်သည်လေ။ ကိုယ့်ကိုကယ်တင်ခဲ့သူရှိသလို ကိုယ်ကလည်း
လူတစ်ယောက်ဘဝကို ကယ်တင်ရမှာပေါ့။ ဒါမှ ကြွေးဟောင်းဆပ်ရင်း
ကြွေးမိုးချေးခွင့်ရမှာ မဟုတ်လား။

ဘေးကလူတွေ တစ်ယောက်တစ်ပေါက် တိုင်ပင်ကြပြီး
နောက်ဆုံး အားလုံး သဘောတူညီကြပြီဆိုတော့မှ လမ်း ကလေးကို
ကောက်ချီလိုက်ကာ ...

"သား"



www.burmeseclassic.com

www.burmeseclassic.com



"အိ အိ"

"မငိုနဲ့တော့နော်သား၊ သားရဲ့မေမေဆီကို လေးလေး လိုက်ပို့မယ်နော်"

"…………….."

"နော် … သား"

ကလေးက ငိုနေရင်း ခေါင်းညိတ်ပြလေ၏။ ငိုရလွန်း၍ မောနေပြီထင်ပါရဲ့။ သွားရင်းလာရင်းပဲ နောက်တော့ ကလေးက လမ်း ပခုံးပေါ်မှာ အိပ်ပျော်သွားလေတော့သည်။

() () ()



## အခန်း (၂၀)

"ဘယ်လို ဒီကလေးကို မွေးစားဖို့ ခေါ်လာတယ် ဟုတ်လား လမ်း"

"ဟုတ်ပါတယ်၊ အဲဒီအတွက် ကျွန်တော့်အပေါ် အနှိုင်တို့ ကြိုက်သလို ဆုံးဖြတ်ပါတော့"

"ဘယ်သူဘယ်ဝါ ဘယ်မျိုးရိုးက ဆင်းသက်လာမှန်းမသိတဲ့ ကလေးကိုများ လမ်းရယ်"

အဲဒီလို အပြောခံရတာကိုကပဲ ကိုယ်နဲ့တူနေလို့ လမ်း ရင်နင့်ရတာပေါ့။ သူ ငုံ့ကြည့်လိုက်တော့ ရင်ခွင်ထဲမှာ ကလေးက အရုပ်ကလေးနှင့် ဆော့နေသည်။ ကားရုပ်ကလေးကို ဘီးလှည့်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



နေတာလေ။ ကလေးဆိုတော့ လက်သာရာ ခင်တတ်ကြသည်တဲ့ အမေ, အမေသာ တဖွဖွခေါ်ပြီး ငိုနေတဲ့ကလေးက အခုတော့ မုန့်တွေ၊ ကစားစရာတွေ ဝယ်ပေးထားတော့ မေ့မေ့ပျောက်ပျောက် ဖြစ်သွားပြန်ပြီ ထင်ပါရဲ့။

သတိရသွားပြန်ရင်တော့ ငိုဦးမှာပဲလေ။ ဒါကို ကိုယ်က စိတ်ရှည်လက်ရှည်နဲ့ပဲ ချော့ထားရဦးမှာပေါ့။

"ကျွန်တော်ကိုယ်တိုင်က ဘယ်သူဘယ်ဝါ ဘယ်မျိုးရိုးကနေ ဆင်းသက်လာမှန်းမသိတဲ့ကောင်ပါ အန်တီရယ်"

"ဟင်"

"ဘယ်လို"

လမ်း ခုတော့ . . . သူ့ခံစားချက်တွေကို ရင်ဖွင့်တော့မည်ဟု . . .

"ကျွန်တော့်ကို ဘယ်သူဘယ်ဝါမှန်း အခုထိ မသိရတဲ့ ကျွန်တော့်မိဘရင်းတွေက ကျွန်တော့်ကို ရက်သားလေးနဲ့ စွန့်ပစ်ထားခဲ့ကြတာတဲ့လေ။ သိလည်း မသိချင်ပါဘူး။ ဘယ်လိုဒုက္ခတွေပဲ ရင်ဆိုင်နေရပါစေ သားသမီးကို စွန့်ပစ်တာတော့ ရက်စက်လွန်းတာပေါ့။ အဖေနဲ့အမေသာ မတွေ့ခဲ့ရင် ခုချိန်မှာ ကျွန်တော်ဆိုတဲ့ကောင် အသက်ရှင်လျက်နဲ့ ရှိနေမှာမဟုတ်ဘူး အန်တီ။ လမ်းပေါ်မှာ





ကောက်ရခဲ့လို့ အဖေနဲ့အမေက ကျွန်တော့်ကို လမ်းလို့ နာမည်ပေးခဲ့တာပါ"

"ဪ"

"ဖြစ်ရလေ လမ်းရယ်"

လမ်းအကြောင်းကို ကြားရတော့ စိတ်မကောင်းဖြစ်သွားကြ၏။ ဒါပေမဲ့ . . . ကလေးကိုတော့ လက်မခံချင်ကြပေ။ ဘာလို့လဲဆို ကလေးတစ်ယောက်ရဲ့ ကရိကထက လွယ်မှမလွယ်ပဲလေ။ ပြီးတော့ လမ်းက ကျောင်းတစ်ဖက်နဲ့ဆိုတော့ ကလေးကို ဘယ်လို အချိန်ပြည့် ဂရုစိုက်နိုင်မှာတဲ့လဲ။

"ဒီကလေးကို ကျွန်တော် ကိုယ်ချင်းစာလို့ပါ"

"ကိုယ်ချင်းစာတာက ဟုတ်ပါတယ်။ လမ်းက ကျောင်းတစ်ဖက်နဲ့ဟာကို"

"ကျွန်တော် တောကိုပြန်ပါရစေ"

"ဟင်"

"မဟုတ်တာ"

"ဟုတ်ပေးပါ အန်တီ၊ ကျွန်တော် တောကိုခဏပြန်ပါရစေ။ ပြီးမှ အခြေအနေကြည့်ပြီး ရှေ့ ဘာဆက်လုပ်ရမလဲ စဉ်းစားရမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



သားအမိတွေ သူ့မျက်နှာငါကြည့် ငါ့မျက်နှာသူကြည့် ဖြစ်ကုန်ကြလေ၏။ သူတို့မှာ လမ်းကိုလည်း မပြန်စေချင်၊ ကလေးကိုလည်း မကြည့်နိုင်။ ဒါကြောင့် ဘယ်လိုလုပ်ရမလဲ နည်းလမ်းကောင်းကို စဉ်းစားကြရပြီလေ။

"ခက်လိုက်တာ လမ်းရယ်၊ အန်တီတို့က ဒီကလေးကြောင့် မင်း ပညာရေးကို ထိခိုက်မှာစိုးလို့ ပြောနေတာကွဲ့"

"လူတစ်ယောက်ရဲ့ဘဝနဲ့ဆိုင်လာရင် ကျွန်တော် စွန့်လွှတ်သင့်ရင် စွန့်လွှတ်မှာပါ"

"မင်းက ဘာကိုစွန့်လွှတ်မှာလဲ လမ်း"

လမ်း တော်တော်နှင့် မဖြေနိုင်။ လူတစ်ယောက်ကို ကယ်တင်လိုက်လို့ ကိုယ့်မှာ ဆုံးရှုံးမှုတစ်ခု ရှိချင်လည်းရှိနေပါစေ။ တစ်နေ့တော့ တူသော်အကျိုးပေးမှာပါ။ ဘာမှ လောကကြီးအကြောင်းနားမလည်သေးတဲ့ ကလေးလေးမှာ ဘယ်လောက်သနားဖို့ ကောင်းလိုက်ပါသလဲ။ ဘယ်လိုဒုက္ခမျိုးပဲ ရောက်နေပါစေ ကိုယ့်သားသမီးကို စွန့်ပစ်တဲ့အထိတော့ မဖြစ်သင့်ပေ။

အဖေနဲ့အမေ။

သား ရည်မှန်းချက်ပန်းတိုင်ကို ရောက်အောင် မသွားနိုင်ခဲ့ရင် ခွင့်လွှတ်ကြပါ အဖေနဲ့အမေ။ သား အခြားနည်းလမ်းနဲ့





သုပ်ကျေးပြုစုပြီး ကျေးဇူးဆပ်ပါရစေတော့။

"လမ်း"

"ဗျာ"

"မမမေးတာကို ဖြေလေကွာ။ မင်းက ဘာကိုစွန့်လွှတ်မှာတဲ့လဲ"

"ပညာရေးကိုပါ"

"နင် ရူးနေသလား လမ်း"

ဒီတစ်ခါ ပြောလိုက်သူကတော့ သာသာ။ ဟုတ်တယ်လေ။ သူငယ်တန်းကနေ အခုချိန် ပညာတွေကြိုးစားသင်ယူလာခဲ့ပြီး ဆုံးခန်းတိုင်ခါနီး လက်တစ်ကမ်းအကွာရောက်မှ ဒီကလေးကြောင့် ခလုတ်တိုက်အလဲခံမှာတဲ့လား။

"နင့်ပညာရေးက ဆုံးခန်းတိုင်တော့မှာလေ။ ဒီကလေးအတွက်နဲ့ နင် အနှစ်နှစ်အလလ ကြိုးစားလာခဲ့သမျှကို သဲထဲရေသွန်သုပ်လိုက်တော့မှာလား"

"ငါကလည်း မဖြစ်သာမှပြောတာပါ"

"ဖြစ်လာနိုင်စရာအကြောင်းရောရှိလား တွေးကြည့်ဦး"

"ငါကလည်း ငါ့ခံယူချက်နဲ့ငါပါ။ ငါ သူများကို ကူညီလို့ အဲဒီလူက ကိုယ့်ကို မတုံ့ပြန်ရင်တောင် ကိုယ့်လိုစိတ်မျိုးရှိတဲ့လူက



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်အပေါ် တုံ့ပြန်လာလိမ့်မယ်လို့ ငါယုံကြည်တယ်။ မျှော်လင့်ချ
ထားတာတော့ မဟုတ်ပါဘူး။ ကံ ကံ၏အကျိုးကြောင့် ဖြစ်တတ်တာ
ကို ပြောပြတာပါ''

''ကျွတ်''

သူ့ခံယူချက်နဲ့သူဆိုတော့ ဘာမှပြောလို့ရမှာ မဟုတ်ပေ
လူကြည့်တော့ စိတ်ဓာတ်ပျော့ညံ့ပုံ ပျော့ပမ်းနဲ့ မာပြီဆိုတော့ ရွှေ
ဖျက်မရပါပဲ။

''တောကိုပြန်မယ့်ရည်ရွယ်ချက်ကရော ဘာလဲ''

''ရှေ့ဆက် ဘာလုပ်သင့်တယ်ဆိုတာ အဖေအမေတို့နဲ့
တိုင်ပင်မလို့ပါ''

''ကောင်းပြီလေ ... ဒါဆိုလည်း မင်းသဘောပေါ့''

ဒေါ်ဝတ်ရည် ဒါပဲပြောတော့၏။ ကိုယ့်သားမဟုတ်တော့
လည်း ကိုယ့်မှာ တားပိုင်ခွင့်မှမရှိတာ။

လမ်း ရှေ့ဆက်ထိုင်နေရင် ဆက်စရာစကားတွေ ထပ်ရှိ
လာလို့ မဖြေချင်တော့တာကြောင့် ကလေးကိုချီပြီး ထွက်လာခဲ့တော့
သည်။ ကိုယ့်အခန်းထဲကိုရောက်တော့မှ ကလေးကို ထိုင်ခိုင်းပြီး သူ
လည်း ကလေးနှင့် မျက်နှာချင်းဆိုင်ထိုင်လိုက်ကာ ...

''သား''





ခေါ်လိုက်တော့ ကလေးက မော့ကြည့်လေ၏။

''သားနာမည် ဘယ်လိုခေါ်လဲ''

''သားသား''

''ဟင်''

နာမည်မေးကာမှ သားသားဆိုတော့ လမ်း ပြုံးမိသွား
...

''မဟုတ်ဘူးလေ သားရဲ့။ လေးလေးက သားရဲ့နာမည်ကို
မေးတာ၊ နာမည် ... နာမည်''

''သားနာမည် သားသား''

''ဟ ... ဒါဆို မင်းက အဆိုတော်ပေါ့။ ဖေဖေ့နာမည်ကို
ရော သားသိလား''

''ဟင့်အင်း''

''ဒါဆို မေမေ့နာမည်ကရော''

မေမေ့နာမည်ရောလို့ မေးလိုက်တာမှပဲ ကလေးက သူ့
မေကို သတိရသွားတယ်ထင်ပါရဲ့၊ နှုတ်ခမ်းရဲရဲလေးက မဲ့မဲ့လာ
...

''လေးလေး''

''ဟော''

www.burmeseclassic.com



"သားမေမေရော"

"အဲ"

"မေမေ့ဆီ ပြန်ပို့ပေး၊ မေမေရော မေမေ့ဆီပြန်ပို့ပေးပ ... အဟင့်ဟင့် ဟီး"

"ဟာ ... ဟော့ကောင်"

ခုမှ ငါးပါးမှောက်ပြီ။ ကလေးငိုတော့ လမ်း ခြေမကိုင်မိ လက်မကိုင်မိနှင့် ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိဘဲ ခေါင်းသာကုတ်မိ လေတော့၏။

"အီး_ဟီး ဟီး"

"သား မငိုနဲ့လေကွာ၊ မင်းကလဲ"

"မေမေ့ဆီ ပြန်ပို့ပေး"

"အေး အေး ... ပြီးရင် လေးလေး ပြန်ပို့ပေးမယ်နော် ဒါပေမဲ့ မင်း အခုရေချိုးရမယ်"

"မချိုးချင်ဘူး"

"မချိုးလို့ မရဘူးလေကွာ၊ မင်းရေချိုးပြီး ခါးခါးလိမ်း လေးလေးက မင်းအမေဆီ လိုက်ပို့ပေးမှာကွ"

"ဂယ်နော် လေးလေး"

သားသားက လက်ညှိုးလေးထိုးမေးလေတော့ ...





"ဂယ်ကွာ ... ဂယ် ဂယ်"

"ဒါဆို ချိုးမယ်၊ ခါးခါးလူးမယ်"

ကလေးက ပြောရင်း ထရပ်ပြီး သူ့အကျႌလေးချွတ်လေ တော့ လမ်း သက်ပြင်းချလိုက်မိ၏။ မင်းကို လေးလေး ဘယ်လောက် တောင် ဆက်ညာနေရဦးမှာလဲ ကလေးရယ်။

() () ()

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

"နေကြာ"

"............"

"နေကြာပန်း"

"ရှင်"

နောက်ကခေါ်သံကြောင့် နေကြာ ကိုယ်လေး ဆတ်

တုန်သွားလေ၏။ သူများအိမ်မှာနေရတာဆိုတော့ သူများကြည့်

အောင် အိမ်အလုပ်တွေ ဝိုင်းကူလုပ်ရတာလေ။ ခုလည်း နေ

ကျောင်းပိတ်တာနှင့် မီးဖိုချောင်ဝင်ပြီး အန်တီလှနှင့် ဟင်း

ကူချက်နေတာပါ။ အခုက အန်တီလှ ရေချိုးနေလို့ လုပ်စရာရှိ





တွေကို နေကြာပဲ ဆက်လုပ်နေတာလေ။

အခုရောက်လာတာက ဦးကျော်သိန်းနဲ့ ဒေါ်လှသွယ်တို့ရဲ့ သား သီဟဇော်ပါ။ နေကြာ့ကို နောက်ကနေ ရပ်ကြည့်နေတာ ကြာပြီလေ။ ဒါကို နေကြာကတော့ မသိရှာပေ။

"ကိုသီဟ ဘာလဲဟင်"

"ကျက်ပြီလား၊ ငါ ဗိုက်ဆာနေပြီ"

"ကျက်တာက အားလုံးကျက်ပါပြီ ကိုသီဟ။ အန်တီလှ ရေချိုးနေတုန်း နေကြာပြင်ထားမှာပါ။ ခဏတော့စောင့်လိုက်ပါဦး နော်"

"အင်း ... စောင့်ရမှာပေါ့"

စောင့်ရမှာပေါ့ဆိုပြီး အပြင်ပြန်ထွက်မသွားဘဲ ခုံကိုဆွဲယူပြီး ထိုင်ကာ နေကြာ့ကိုကြည့်နေတာ စိမ်ပြေနပြေပါ။ နေကြာ နောက်ကို လှည့်ကြည့်ပြီး စိတ်မလုံဖြစ်သွားရ၏။

"နေကြာပန်း"

"ရှင်"

"ကျောင်းမှာ နင့်ကိုကြိုက်တဲ့ကောင်လေးတွေ အများကြီး ...ပဲနော်"

"ဟာ ... ကိုသီဟကလည်း ဘာတွေမေးနေတာလဲ"



www.burmeseclassic.com

"ဟုတ်, မဟုတ်ကိုပဲဖြေပါ"

"သူတို့ကတော့ ကြိုက်ကြတာပေါ့"

"ဒါဆို နင်က ပြန်မကြိုက်ဘူး ဒီလိုလား"

"ဟုတ်ကဲ့"

"တကယ် တစ်ယောက်မှ ပြန်မကြိုက်ဘူးလား"

"ဟင့်အင်း . . . မကြိုက်ပါဘူး"

"ဘာဖြစ်လို့လဲ"

ဘာဖြစ်လို့လဲဆိုတော့ ကိုယ့်ချစ်သူ လမ်းကို သတိရမိသွ
ပြီး နေကြာ ငိုင်တွေငေးမောသွားလေ၏။ နင် ငါ့ကို သစ္စာရှိ
စောင့်နေပါတဲ့။ အခြေအနေမပေးလို့ ဝေးနေရပေမယ့် နင့်အပေါ် သား"
ငါသစ္စာရှိရှိစွာနဲ့ စောင့်နေပါတယ် လမ်းရေယ်။ နင်နဲ့ငါ တစ်နေ့နေ့
ပြန်ဆုံကြမှာပါ။

"နေကြာပန်း"

"ရှင်"

"ဒီအရွယ်ရောက်နေပြီပဲဟာ၊ နင် ဘာလို့ အခုထိ ရည်း
တစ်ယောက်မှ မထားသေးတာလဲ၊ ဘာလဲ တစ်ယောက်ယော
မျှော်လင့်နေတာလား"

နေကြာ သက်ပြင်းချလိုက်ပြီး . . .





"ဟုတ်တယ် ကိုသီဟ"

နေကြာ့အဖြေကြောင့် သီဟ မျက်နှာပြုံးသွားလေ၏။ သူ
အတွေးက နေကြာပန်း သူ့ကိုမျှော်လင့်နေတယ်လို့ ထင်တာလေ။
သူ ဘာပဲပြောပြော စာဒကမတက်ဘဲ ငြိမ်နေခဲ့တာတွေ။ သူ
ဘာပဲခိုင်းခိုင်း မငြီးမညူဘဲ လုပ်ပေးတာတွေက သူ့ကို စိတ်ဝင်စားနေ
လို့ သည်းခံတာလို့ ထင်ထားတာလေ။

ဒါကြောင့် . . . နေကြာ့အဖြေကို သဘောကျသွားတာ ဖြစ်

"ပြောပါဦး . . . ဘယ်သူ့ကိုမျှော်လင့်နေတာလဲ၊ ကိုယ့်ကို

"ရှင်"

"ကိုယ်လည်း မင်းကို စိတ်ဝင်စားနေတာကြာပါပြီ"

"မဟုတ်ဘူး ကိုသီဟ"

နေကြာ ဖြေရှင်းလိုက်တာ ပျာပျာသလဲပါ။

"ဟင် . . . မဟုတ်ဘူးလား"

"နေကြာ့မှာ ချစ်သူရှိပါတယ်။ သူနဲ့နေကြာ အခုဝေးနေ
ပေမယ့် တစ်နေ့နေ့မှာ ပြန်ဆုံကြဖို့ ကတိသစ္စာတွေ ထားခဲ့ကြပြီး
ပါ။ နေကြာ့နှလုံးသားထဲမှာ သူတစ်ယောက်ပဲ ရှိတယ်။ သူနေ



www.burmeseclassic.com

www.burmeseclassic.com



မှာ ဘယ်သူ့ကိုမှလည်း အစားထိုးလို့ မရဘူး။ အဲဒါကြောင့် နေကြ
သူ့အပေါ် အခုချိန်ထိ သစ္စာရှိစွာနဲ့ စောင့်နေတာပါ”

“ဘယ်လို”

ပြောပြီး သီဟ ထရပ်လိုက်မိ၏။ ကိုယ့်ကိုယ်ကိုယ် အထ
ကြီးပြီး ကိုယ်ထင်သလို ဖြစ်မလာတော့ ရင်ခံသွားတာပါ။

“မင်းမှာ အရင်ကတည်းက ချစ်သူရှိတယ် ဟုတ်လာ
ဘယ်သူလဲ ဘယ်ကလဲ”

ကိုသီဟ ဖြစ်သွားပုံကိုကြည့်ပြီး နေကြာ သဘောပေါ
လိုက်၏။ ဒါကြောင့် ချစ်တုန်း မုန်းစကားပြောဆိုသလို အခုကတည
က အမှောင့်ပယောဂတွေကို ရှင်းဖို့လိုအပ်သည်မို့။

“ရှာကပါ”

“ရှာက ဟုတ်လား”

“ဟုတ်ပါတယ်၊ သူ့နာမည်က လမ်းတဲ့။ သူနဲ့နေကြာ
ငယ်ချစ်တွေပါ။ အခု အခြေအနေမပေးလို့ ပညာရေးကြောင်း
ခဏဝေးနေကြတာပါ”

“အဲဒီကောင်က အခု ရှာမှာလား”

မေးလိုက်ပုံက ဟုတ်တယ်ဆိုရင် အခုချက်ချင်းပဲ ရှာကို
ပြီး လမ်းကို သတ်ပစ်ချင်သည့်ပုံ။





“ရန်ကုန်မှာပါ”

“ဘာ”

ရန်ကုန်မှာဆိုတော့ အဆက်အသွယ်ရနေကြမှာပဲလို့ သီဟ
ရင်ထဲမှာ စိုးရိမ်သွားလေသည်။

“အခု အဆက်အသွယ်ရနေကြတာလား”

“ဟင့်အင်း ... မရပါဘူး”

တော်ပါသေးရဲ့လို့ သက်ပြင်းလုံးက ဟင်းခနဲ ကျသွားလေ
တော့၏။ ဒါဆို ကိုယ့်မှာ ကြိုးစားခွင့်ရှိသေးတာပဲလေ။ ရွှေစိတ်တော်
များ ခက်လိုက်ပုံက ပိုင်ရှင်ရှိတယ်ဆိုမှ မရနိုင်တာကို ပိုလိုချင်မိသွားတာ
ပါလေ။

() () ()



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

နေကြာ ဘုရားဝတ်ပြုပြီး အိပ်မယ်ဟု အိပ်ရာထဲဝင်ခဲ့ေ မယ့် အိပ်လို့မရပေ။ ဒါကြောင့် အိပ်ရာထက်မှာ ငုပ်တုတ်ကလေးထိုင် နေရင်း ဘာရယ်မဟုတ် လက်ကိုပိုက်ထားမိရာကလေ လက်ဖျားလေ တွေက ကိုယ့်လက်မောင်းကို ပွတ်သပ်နေမိသည်။ ဘယ်ဘက်လက် ဖျားလေးက ညာထက်တံတောင်ဆစ်ကို စမ်းမိသွားလေတော့

ဩော် . . . သူမတံတောင်ဆစ်မှာ အမာရွတ်ကလေးနဲ့ေ လမ်း ရန်ကုန်ကိုသွားတဲ့နေ့က ရခဲ့တဲ့ဒဏ်ရာပေါ့။ ဆတ်သားခြောက် တွေ လိုက်ပေးရင်း လဲကျလို့ တံတောင်ကွဲသွားတာလေ။ ဒီဒဏ်ရာ ရခဲ့လို့ လမ်းကြောင့်လို့ သူမမှာ မထင်ရက် မမြင်ရက်ပါ။





သတိရလိုက်တာ လမ်းရယ်။

နင်ရော ငါ့ကို ငါ့ကို သတိရနေမလား။ နင်မှာခဲ့တဲ့အတိုင်း နင့်အပေါ် သစ္စာရှိနေတယ် လမ်း။ နင့်ကိုသတိရတိုင်း ရွာကို ည်းသတိရတယ်။ ရွာကိုသတိရလို့ ပြန်ချင်ပေမယ့် ပြန်ခွင့်မရခဲ့ဘူး သ။ အဖေတို့က သူတို့သာ ရန်ကုန်ကိုလိုက်လာကြပြီး နေကြာ့ကို ောာ့ လုံးဝ ရွာမပြန်နိုင်းဘူးလေ။

လွမ်းလိုက်တာ။ နင်နဲ့အတူ ကစားခဲ့ဖူးတဲ့နေရာ၊ နင်နဲ့အတူ လျှောက်ခဲ့ဖူးတဲ့လမ်းတွေ . . . အရာအားလုံးကို ငါ သတိရနေတယ် မ်း။

"ဒေါက် ဒေါက်"

"သမီး နေကြာ"

"ဟင်"

"ဒေါက် ဒေါက်"

"နေကြာ"

"ရှင်"

"အပြင်ခဏထွက်ခဲ့ဦး သမီး၊ အရေးကြီးစကား ပြောစရာ ..."

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



နေကြာ ခြေထောက်ပေါ်မှာ ဆွဲခြုံထားတဲ့ စောင်ကို ခွ
ပစ်ခဲ့ပြီး အိပ်ရာပေါ်မှ ဆင်းလာခဲ့၏။ တံခါးကို ချပ်ခနဲ ဖွင့်လို
တော့ . . .

''သမီး''

''ရှင်''

''မနက်ဖြန် သမီး ရွာပြန်မှဖြစ်မယ် သမီး။ သမီးအစ်
သီဟပါ လိုက်လိမ့်မယ်''

''ဟင် . . . ဘာဖြစ်လို့လဲ အန်တီလှ''

အန်တီလှ မျက်နှာမကောင်းတာကိုမြင်ရတော့ နေကြာ
ထဲမှာ ထိတ်ခနဲ ဖြစ်သွားလေ၏။ အိမ်က လူတစ်ယောက်ယော
များ။ အို . . . ဖွဟဲ့ လွဲပါစေ ပယ်ပါစေ၊ ဘယ်သူမှ ဘာမှမဖြစ်ပ
နဲ့။

''ပြောပါ အန်တီလှရဲ့ . . . ဘယ်သူ ဘာဖြစ်လို့လဲ
အဖေလား၊ အမေလား''

''သမီး''

ဒေါ်လှသွယ် နေကြာ့လက်မောင်းကို ခပ်တင်းတင်း
ကိုင်လိုက်ပြီး မပြောရက်လည်း ပြောရတော့မှာမို့ . . .

''သမီး စိတ်ခိုင်ခိုင်ထားနော်''





''ရှင်''

''စောစောကပဲ သမီးရဲ့ဦးကျော် ဖုန်းဆက်တယ်။ သမီးတို့
မီးလောင်သွားလို့တဲ့''

''ရှင်''

''အဲဒါ လူတွေက တောထဲမှာဆိုတော့ ရွှေတိုင်ငွေစကလွဲပြီး
ဘာမှမရလိုက်ဘူးတဲ့ကွယ်''

နေကြာ့ရင်ထဲမှာ ဒိုင်းခနဲဆောင့်ခုန်ပြီး နေရာမှာပင် ခြေ
ထောက်တွေက ထုံကျင်လာပြီး ရွှေလို့မရဖြစ်သွားသည်။ ဒူးတွေလည်း
ရင်တွေလည်း ခုန်ကာ အသက်ရှူရပ်သွားတော့မတတ်ပါ။

''ဟုတ် . . . ဟုတ်ရဲ့လား အန်တီလှရယ်။ နေကြာ . . .
ကြာ နားကြားများ မှားသလားဟင်''

''ဖြစ်ချိန်တန်လို့ ဖြစ်ခဲ့ပြီး ပျက်ချိန်တန်လို့ ပျက်တယ်ပဲ
ရားနဲ့ဖြေပါ ကလေးရယ်''

''အဟင့် ဟင့်''

''သမီး''

ဒူးများ ညွှတ်ခွေကာ ကျသွားလေတော့ ဒေါ်လှသွယ်က
မကာ ဖက်ထားပေးလေသည်။ တရားကျဖို့ ကောင်းလိုက်တာ။
ယ့်မှာ ရှိနေတုန်းကတော့ ငါဆိုတဲ့ အတ္တစွဲနဲ့ အမြဲတမ်း လက်မ



www.burmeseclassic.com

www.burmeseclassic.com



ထောင်ခဲ့တဲ့လူတွေ။ အခု ဘာမှမရှိတော့ဘူးဆိုတော့ လက်မ,ထော
နိုင်ကြဦးမှာတဲ့လား။

"အန်တီလုလည်း စိတ်မကောင်းပါဘူး ကလေးရယ်။ ဒါပေ
ကံစီမံတာဆိုတော့ ဘာများတတ်နိုင်မှာလဲကွယ်"

"အီ ဟီး"

"အို . . . မငိုပါနဲ့သမီးရယ်။ သမီးငိုနေလို့လည်း ဆုံးရှုံးသွ
တာတွေက ပြန်ရလာမှာမှ မဟုတ်ဘဲကွယ်"

"သမီး ဆုံးရှုံးသွားတဲ့အရာတွေကို မမက်မောပါဘူး အန်
လုရယ်။ အခု သမီးငိုနေတာ အမေ့ကိုသနားလို့ပါ"

"ဩော်"

ဒေါ်လုသွယ် ဘယ်လိုနှစ်သိမ့်ပေးရမှန်းကို မသိတော့ပါဘူ
သူများမို့လို့သာ ထရေးနဲ့ဖြေနိုင်းနေတာ။ ကိုယ်ဆိုရင်လည်း ဖြေနိုင်
မှ မဟုတ်ပဲလေ။ အနှစ်နှစ်အလလက စုဆောင်းလာခဲ့တဲ့ ပစ္စည်
ဉစ္စာတွေ ခဏလေးအတွင်းမှာပဲ ကုန်ဆုံးသွားခဲ့တာပေါ့။

အဲဒါကြောင့်ပြောကြတာ။ လူဆိုရင် သူနိုင်သရွေ့ဘဲ သယ်
မှာ။ မီးဆိုရင် အမှိုက်ပုံးကာစ မချန်ခဲ့လို့ မီးကို ဂရုစိုက်နိုင်းကြတာပေ
အခုကစဉ်းစားစရာပါပဲ။ လူမရှိတဲ့အိမ်ကနေစပြီး မီးလောင်ရတယ်
လေ။ မုန်းတဲ့သူတစ်ယောက်ယောက်ကများ လုပ်ကြံလေသလား





သစ်ကောက် ဝါးကောက်သာမြင်ရတာ။ လူတစ်ယောက် အတွင်းစိတ်
ဆောက်တာကို ဘယ်သူကမြင်နိုင်မှာတဲ့လဲ။

"ကဲ သမီး"

". . . . . . . . . ."

"မနက်ဖြန်ပြန်မို့ စီစဉ်လိုက်ဦးလေနော်"

"ဟုတ်ကဲ့ အန်တီလု"

"ဒါဆို အန်တီလုလည်း သမီးအစ်ကိုအတွက် သွားပြီး
ပြင်ဆင်လိုက်ဦးမယ်"

"ဟုတ်ကဲ့"

ပြောပြီး အန်တီလု ထွက်သွားပြီးနောက် နေကြာလည်း
ရွာကိုပြန်ဖို့ အဝတ်တွေထည့်ရလေတော့သည်။ ကိုယ့်ရွာကိုပြန်ရမယ်
ဆိုလို့ ပျော်ရမယ့်အစား ခုတော့ ဝမ်းနည်းကြေကွဲမှုတွေနှင့်ပါ။

အဝတ်ထည့်နေတဲ့ နေကြာ့လက်ကလေးတွေမှာ တဆတ်
ဆတ်တုန်လို့ပါ။ မတုန်ရှိပါ့မလားလေ၊ မီးလောင်ခံရတယ်ဆိုမှတော့
အဝမပျက်ရုံတမယ်ပဲပေါ့။

အမေ။ အခုချိန်ဆို အမေငိုနေမလား။ အမေ အရမ်း
စိတ်ဆင်းရဲနေမှာပေါ့။ သမီးပြန်လာခဲ့မယ်အမေ။ အမေ့ရဲ့မျက်ရည်တွေ
ကို သမီး သုတ်ပေးပါရစေနော်။



www.burmeseclassic.com

www.burmeseclassic.com



"မောင်ကိုရယ် . . . လမ်းက ဘာဖြစ်လို့ ရှင် အဲဒီလောက် ကြည့်မရဖြစ်နေရတာလဲ"

"ကြည့်မရဘူးဟေ့၊ လူက လက်သန်းလောက်နဲ့ မာနက ကြီးကြီး၊ ပြီးတော့ အိုးချင်းထား အိုးချင်းထိ၊ ကြိုးချင်းထား ကြိုးချင်း ငြိတဲ့။ ငါ့သမီးနဲ့ ငြိမှာစိုးလို့ အတူသွား အတူလာနေတာလည်း ဝါ မကြိုက်ဘူး ရှင်းလား"

"အဆင့်အတန်းမတူတာပါ ထည့်ပြောအဖေ။ မတ်တတ်စာ သာရှိပြီး တုံးလုံးစာမရှိတဲ့ မိသားစုကို အမေက ခမည်းခမက် တော်ချင်နေတာလား ပြောစမ်းပါဦး"

"ဟဲ့ . . . ကျော်ကျော်"

"ကိုကြီး အမေ့ကို ဘယ်လိုပြောလိုက်တာလဲ။ အမေက ကျွန်တော်တို့ကို မွေးထားတဲ့အမေဗျ။ ပြောစရာရှိရင် အဖေ ပြောလိမ့် မယ်။ ကိုကြီး ဘာမှပြောစရာမလိုဘူး"

"ဘာကွ"

တစ်ချိန်က လမ်းနဲ့ပတ်သက်ပြီး ပြောတာတွေကို သတိရမိ ၏။ တစ်မိသားစုထဲမှာပေမယ့် အဲဒီလို သဘောထားကွဲလွဲမှုတွေ ရှိခဲ့ကြသည်လေ။

အမေက အရာအားလုံးကို ဖြည့်စွက်တွက်ပေးပေမယ့်





အဖေနဲ့ကိုကြီးက ငါမှငါ။

သူတို့အလုပ်က အဆင်ပြေနေတော့ တစ်သက်လုံး မဆင်းရဲ ဘာ့ဘူးလို့ပဲ ထင်ထားမှာပေါ့။ အခုပဲ မီးလောင်တယ်ဆိုတော့ အခု လောင်သွားတဲ့အိမ်မျိုး ပြန်ဆောက်ရေးတောင် သိပ်မလွယ်တော့ ဘူးလေ။

ဟိုတုန်းက ငယ်တုန်းရွယ်တုန်းအချိန်။ အခုက အသက် တွေ ကြီးကုန်ကြပြီ။

ကိုကြီးက လုပ်တာသာလူမြင်တာ။ သူ့လုပ်စာ သူ ဖဲရိုက် နေတာ အားကိုးလို့ မရဘူးလေ။ ကိုလေးကတော့ မဆိုးရှာဘူးပေါ့"

"အဖေ့သမီးက တုံးအောက်က ခုန်ထနေတာ။ ဒီလိုကောင် နဲ့ လောကမှာ နောက်တစ်ယောက် မရှိနိုင်ဘူးလို့ နင်က ထင်နေတာ သား နေကြာပန်း။ ဟုတ်လား . . . နင့်ကိုလည်း သတ်ပစ်ရမှာ။ မွဲချင် လို့ ပြာပုံကို နင်က လိုက်တိုးနေတာ"

"ကိုကြီး . . . လမ်းကို အဲဒီလိုမပြောပါနဲ့။ ဆင်းရဲတာက ခွဲရင် လမ်းက ဘာဖြစ်နေလို့လဲ၊ ကိုကြီးတို့လို အရက်သောက် ဖဲရိုက် နေတာမှ မဟုတ်တာ"

"ဘာ"

အဲဒီလို လမ်းကို နှိမ့်နှိမ့်ချချတွေပြောလို့ နေကြာ မခံနိုင်ခဲ့

www.burmeseclassic.com



ရပေါင်းတွေလည်း မနည်းတော့ပေ။

အဆင့်အတန်းတဲ့၊ အခု ဘယ်သူနဲ့ဘယ်လို အဆင့်အတန်း ခွဲဦးမှာတဲ့လဲ။

() () ()



## အခန်း (၂၃)

လမ်း တောကိုပြန်ဖို့အတွက် အဝတ်တွေထည့်နေစဉ် သားသားက ဟိုဆွဲ ဒီဆွဲမို့ အလုပ်ကမဖြစ်နိုင်။ နောက် မင်းကို မင်းမေမေဆီလိုက်ပို့မလို့ အဝတ်တွေထည့်နေတာကွဟုဆိုမှ တကယ်လားဆိုပြီး ငြိမ်သက်စွာထိုင်နေလေသည်။ လမ်း သားသားအပေါ်မှာ ဘကြီးအောင်ညာသလိုများ ဖြစ်နေပြီလား။

မတတ်သာလို့ ညာနေရတာအတွက် မင်း တစ်နေ့ လေးလေးအပေါ် နားလည်လာနိုင်ပါစေကလေးရယ်။

"လေးလေး"

"ဟောကွာ"



www.burmeseclassic.com

www.burmeseclassic.com



“မေမေက သားကို ဘာလို့ လာမခေါ်တာလဲဟင်။ မေမေ ဘယ်ကိုသွားတာလဲဟင် လေးလေး”

အင်း . . . ဘယ်လိုညာရဦးမလဲ။ သေသွားတဲ့သူဆိုရင်တော့ သေသွားပြီလို့ ဖြေလိုက်ရရဲ့။ အဲဒီလိုဖြေရင် သားသားက နားလည်မှာ တဲ့လား။ သူက နာမည်မေးတိုင်း သားသားပဲပြောနေတော့ ဒီလိုပဲ မှတ်ထားရမှာပေါ့လေ။

“ပြောလေ လေးလေး”

စွန့်ပစ်ခဲ့တဲ့မိခင်တစ်ယောက်ကို သေစာရင်းထဲ သွင်းလိုက် တာပဲကောင်းပါတယ်။

“သားသား”

“ဗျာ”

“မင်း လူတွေသေတာကို သိလား”

“သေတယ်ဆိုတာ လူတွေအများကြီးက ခေါ်သွားတာကို ပြောတာမို့လား။ အိပ်နေတာကိုလေ”

“အေး . . . ဟုတ်တယ်ကွ၊ အခု မင်းမေမေက သေသွား ပြီ”

“ဟင်”

“ကဲ . . . သွားရအောင်”





“မေမေ့ဆီကို သွားမှာလား လေးလေး”

“မင်းမေမေက သေသွားပါပြီဆိုကွာ”

“ဟုတ်လား။ ဒါဆို သားဆီကို ပြန်လာတော့ဘူးပေါ့”

“ဟုတ်တယ်ကွ”

ကဲ . . . အေးရော။ ခုရှုပ်မှနောက်ရှင်းလေ၊ အခြားကိုစွ ညာရတာမှ တော်သေး။ ခဏခဏမေးရင် အဖြေရခက်လို့ လမ်း ဒီလိုဖြေလိုက်တာပါ။ တကယ်တော့ ဒီလို ဘယ်ဖြေချင်ပါ့မလဲ။ သားသားကိုကြည့်လိုက်တော့ နှုတ်ခမ်းလေးမဲ့ပြီး မျက်ရည်တွေဝဲ နေတာ မြင်လေလျှင် . . .

“သားသား”

“. . . . . . . . . . . . .”

“လေးလေးခေါ်နေတာ ထူးလေကွာ”

“ဗျာ”

ထူးတဲ့အသံက ငိုသံပါကြီးနှင့်ပါ။

“မငိုနဲ့နော်၊ လေးလေး မုန့်တွေအများကြီးဝယ်ကျွေးမယ် သိလား။ ဟော . . . အရုပ်တွေလည်း ဝယ်ပေးမယ်။ အခုသွားရင် ကားလည်း စီးရမယ်။ ကဲ . . . ထကွာ သွားရအောင်”

ပြောရင်းပဲ လမ်း သားသားကိုပွေ့ချီလိုက်၏။ ဩော် . . .



www.burmeseclassic.com

www.burmeseclassic.com



အဖေနဲ့အမေ သူ့ကိုမွေးခဲ့တုန်းက ဒီထက်ပိုပြီး ဒုက္ခတွေရောက်ခဲ့ကြမှာပေါ့။ နီတာရဲလေးတွေ့တာဆိုတော့လေ။ ကျေးဇူးကြီးလှပါပေ့ အဖေနဲ့ အမေရယ်။

"လမ်း"

"ဟင်"

ကလေးကိုချီ၍ ကျောပိုးအိတ်တစ်လုံးလွယ်ကာ ထွက်လာခဲ့သော လမ်းနောက်သို့ လိုက်လာတာ သာသာပါ။

"ဘာလဲ သာသာ"

"နင် ဟိုမှာ ဘယ်နှစ်ရက်နေမှာလဲလို့ မေးမလို့ပါ။ နင်မရှိရင် ငါ ပျင်းနေမှာဟ။ အကြာကြီးမနေနဲ့နော်၊ သုံးလေးရက်နေပြီး ပြန်လာခဲ့ သိလား"

"အဲဒါတော့ အတပ်ပြောလို့မရဘူး သာသာ။ အခြေအနေပေါ်မူတည်ပြီး ကြာရင်ကြာဦးမှာဟ။ ဟိုမှာ အဖေနဲ့အမေက ဘယ်လိုဆုံးဖြတ်ဦးမယ်ဆိုတာ သိသေးတာမဟုတ်ဘူး။ အဆင်မသင့်ရင် ငါပြန်လာဖြစ်ချင်မှ ပြန်လာမှာ"

"ဟယ် ... နင် အဲလိုလုပ်လို့မရဘူးလေ လမ်း။ ကျောင်းကပြီးခါနီးကျမှ အဲလိုမလုပ်ပါနဲ့။ မယုံရင်ကြည့် ငါသိနေတယ်။ နင်ခုလို ဆုံးဖြတ်တာကို နင့်မိဘတွေ လုံးဝလက်ခံမှာ မဟုတ်ဘူး"





လက်မခံဘူးဆိုတာကို သိပါတယ်လေ။ ဒါပေမဲ့ ဒီကလေးကိုလည်း ပစ်မှမပစ်ရက်တာ။ ဘယ်လိုလုပ်ရမလဲ။ ဒီတော့ လုပ်သလိုဖြစ်ရင် ဖြစ်သလိုပဲလုပ်ရတော့မှာပေါ့။

"မီးစင်ကြည့်ကရမှာပေါ့ဟာ။ ဖြစ်သမျှအကြောင်းအကောင်းပဲပေါ့"

"လမ်းရယ်"

ကိုယ် ဆက်ပြောမယ့်စကားကို သူလက်ခံမှာမဟုတ်ဘူးဆိုတာသိလို့ ဆက်မပြောတော့ပါဘူး။ ဒီလိုတွေဖြစ်လာတာ ဒင်းလေးကြောင့်လို့ ကလေးကိုကြည့်ပြီး မျက်စောင်းထိုးလိုက်ပေမယ့် ကလေးက ဘာမှမသိရှာပေ။ သူလည်း ဒီလို ဘယ်ဖြစ်ချင်ပါ့မလဲ။ ဒါကို သိသိနဲ့ သာသာကတော့ ကလေးကိုပဲ အမြင်မကြည်နိုင်။

သူမ လမ်းအပေါ်မှာ သံယောဇဉ်တွယ်နေမိတာ နယ်နယ်ရရမဟုတ်တော့တဲလေ။ ဒီတော့ ကိုယ်နဲ့ဝေးရာကို ဘယ်မှာပြန်လွှတ်ချင်ပါ့မလဲ။ ကိုယ်က မခံစားနိုင်လို့ ဖွင့်ပြောရင်လည်း မြင်းကမလှုပ် ဇက်ကလှုပ်ပဲ ဖြစ်ဦးမှာမဟုတ်လား။

ရင်ခွဲသာပြလို့ရရင် ငါ့ရင်ထဲမှာ ဘာတွေ ခံစားနေရလဲ နင့်ကို ရင်ခွဲပြချင်လိုက်တာ လမ်းရယ်။

"အခု နင် အဝေးပြေးကို ဘယ်လိုသွားမှာလဲ လမ်း"



www.burmeseclassic.com

www.burmeseclassic.com



"လိုင်းကားပဲ စီးသွားမှာပါ"

"လိုင်းကားစီးမသွားပါနဲ့ ငါ လိုက်ပို့မယ်"

"နေပါစေဟာ"

"လမ်း"

"ဟင်"

"ဘာလဲ . . . နင်က စေတနာကိုစော်ကားတာလား"

"မဟုတ်ပါဘူးဟာ၊ နင့်အတွက် ကရိကထများနေမှာစိုး

ငါကပြောတာပါ"

"အပိုတွေ မပြောနဲ့ ခဏစောင့်နေ"

ပြောပြီးတာနှင့် သာသာ 'လမ်း' ရှေ့ကနေ ပြေးထွက်သွာ

လေ၏။ ဒီအိမ်သားတွေ သူ့အပေါ် စေတနာထားတာကိုသိပါတ

လေ။ စေတနာပိုလွန်းလို့တောင် ခက်နေတာ။ ဒါပေမဲ့ ကိုယ်ကလည်

ကိုယ့်အကြောင်းနဲ့ကိုယ်။

လမ်းလည်း စာဒကမတက်ချင်တာနဲ့ ရပ်စောင့်နေလိုက်

ခဏပဲကြာလိုက်ပါတယ် သာသာ ပြန်ထွက်လာပြီး . . .

"လမ်း . . . ရော့"

"ဟင် . . . ဘာလဲ"

"ငါသုံးတဲ့အရင်ဟန်းဆက်ကလေးပါ။ နင် ဆင်းကဒ်





ဝယ်ထည့်ပြီး သုံးလေ။ ဟိုရောက်တော့ ဖုန်းဆက်လို့ရတာပေါ့"

"ငါ မယူပါရစေနဲ့"

"လမ်း"

"ငါ ကျေးဇူးတင်ပါတယ်"

"ဒီဟန်းဆက်က ငါ့အတွက် အသုံးမဝင်တော့လို့ ပေးတာ

လမ်းရဲ့။ နင် စေတနာကို မစော်ကားနဲ့နော်၊ ယူမှာလား၊ မယူဘူးလား

ဒါပဲပြော။ မယူရင် ငါ ဖောက်ခွဲပစ်လိုက်မှာ"

"ဟာ . . . သာသာ"

သာသာက ဖုန်းကို တကယ်ပေါက်ခွဲတော့မည့်လုပ်တော့

လမ်း ပျာပျာသလဲ အော်လိုက်မိသည်။ မသုံးတော့ဘူးဆိုပေမယ့်

ဒီဟန်းဆက်က အကောင်းကြီးပဲ ရှိသေးတာလေ။ သူ့ထက်ကောင်း

တာ လိုချင်လို့သာ ဒီဟန်းဆက်ကို ဒီအတိုင်းထားတာ။ လမ်းကို

အရင်ကတည်းက ပေးပေမယ့် လမ်းက မယူခဲ့တာလေ။

ပေးတိုင်းမယူ ကျွေးတိုင်းမစားတဲ့လမ်းက ခေါင်းချည်းပဲ

ခါပစ်ခဲ့တာ။ လင်းမြွေရတဲ့ ချူ တုတ်တန်းဝင်တာမျိုး ဖြစ်မှာစိုးလို့ပါ။

"ယူမှာလား"

လမ်းက သက်ပြင်းချလေလျှင် . . .

"ဘာ . . . သက်ပြင်းချတာလဲ၊ ယူမှာလားပြော"

www.burmeseclassic.com



"ကဲပါ . . . နှင့်စေတနာကို အသိအမှတ်ပြုသောအားဖြင့် ငါ ယူပါ့မယ် ကျေနပ်တော့"

"အဲဒီလိုလုပ်စမ်းပါ"

"လေးလေး"

"ဟင်"

"သားသားယူမယ်"

"အံမယ်"

သားသားလေးကပြောပြီး ဆတ်ခနဲလှမ်းယူလေတော့ သာသာ့ရင်ထဲမှာ ကျင်ခနဲဖြစ်သွားသည်။ ဘာလို့လဲဆို သူမက လမ်းကိုယ်တိုင် လမ်းလက်နဲ့ ထိယူတာကိုပဲ လိုချင်တာပါ။ ကလေးနဲ့ တူပြီး ရန်ဖြစ်ရင်လည်း ကိုယ့်ကို လမ်းက အထင်သေးသွားနိုင်တာမို့ . . .

"ကဲ . . . သွားမယ်"

"အင်း"

() () ()



## အခန်း (၂၄)

အဝေးပြေးကားပေါ်ရောက်တော့ ကားက ချက်ချင်းမထွက်သေးပေ။ ခရီးသည်တွေနေရာယူကြတုန်းမို့ လမ်းလည်း ကလေးတစ်ဖက်နှင့်ပဲ နေရာယူပြီးပြီဖြစ်ပေမယ့် လမ်းမှာ သားသားစားဖို့ရော ချာပြန်လက်ဆောင်ရော ကားပေါ်ကနေပဲ မှန်တွေဝယ်လိုက်သည်လေ။ အဓိကဦးထိပ်ထားတာက အဖေနဲ့အမေအတွက်ပေါ့။

သူ့ဘဝမှာ အရေးကြီးဆုံးကလည်း အဖေနဲ့အမေ။

လမ်းဆိုတဲ့လူငယ်တစ်ယောက် လောကကြီးထဲမှာ ရှင်သန်ရပ်တည်ခွင့်ရတာ အဖေနဲ့အမေ ပြုစုပျိုးထောင်ခဲ့လို့ပါ။ အခုသူလည်း သားသားဘဝကို ပြုစုပျိုးထောင်ရဦးမည်။



www.burmeseclassic.com

www.burmeseclassic.com



"အစ်မ ခုံနံပါတ်က ဘယ်လောက်လဲ"

"ဆယ့်နှစ်ပါ"

"ဆယ့်နှစ်ဆိုရင် ဟိုရှေ့မှာလေ"

"တူရိုးရေ၊ အဒေါ်ခုံနံပါတ်လည်းရှာပေးပါဦး"

"အဒေါ့်ခုံနံပါတ်က ဘယ်လောက်လဲ"

"နှစ်ဆယ့်လေးလေ"

"နှစ်ဆယ့်လေးက ဒီမှာ ဒီမှာ"

နားထဲမှာ အသံတွေစုံအောင်ကြားနေရပေမယ့် လမ်း လှ
မကြည့်ဖြစ်ပေ။ ကားပြတင်းကနေ အပြင်ဘက်ကိုသာ ငေးနေမိ
ဈေးသည်တွေက ခရီးသည်တွေကို လက်ဆွဲမတတ် အလကားလို
ပေးနေတဲ့အတိုင်းပါပဲ။ အချို့လူတွေဆို ဘယ်လိုလမ်းလျှောက်ရမှ
မသိအောင် ဈေးသည်တွေက နောက်မှ အတင်းလိုက်နေတာ

လမ်း။ ကိုယ့်ဘေးနားမှာ တစ်ဦးတစ်ယောက် ဝင်ထိုင်လို
တာကို မျက်လုံးထောင့်က မြင်လိုက်ပေမယ့် မိန်းကလေးအ
လှည့်မကြည့်ပါ။

"လေးလေး"

"ဟင်"

"လေးလေး"





"ဟင် . . . ဘာလဲသားသား"

"သားသား ရေသောက်ချင်တယ်"

"ဟုတ်လား . . . ဒါဆို ခဏနေဦးနော်။ လေးလေး ဝယ်
ိက်ဦးမယ်။ စောစောကတည်းက ဝယ်ရမှာ မေ့နေလို့ကွ"

ပြောပြီး လမ်း ကားပြတင်းကနေ ခေါင်းထုတ်ပြီး ရေသန့်
ပ်ဘူး ဝယ်လိုက်သည်။ ပြီး ရေသန့်ဘူးကို ဖောက်ပြီး ပိုက်ကလေး
ပ်ပေးလိုက်ကာ . . .

"ဖြည်းဖြည်းသောက် မှောက်ကျနေဦးမယ်"

"လေးလေး"

"ဘာလဲကွာ . . . မင်းကလဲ၊ ဘာပြောမလို့လဲ ပြော"

ကားက အကြာကြီးစီးရမှာလား"

"ဟုတ်တယ် အကြာကြီး။ မင်းညောင်းပြီး အိပ်ပျော်သွား
အောင်ကို စီးရမှာ"

ဒီအသံကို နေကြာ ရင်ရင်နှီးနှီး ကြားဖူးနေသည်။ လောက
အသံတူများ လူတူများပေမယ့် ဘယ်တုန်းအခါကမှ မမေ့နိုင်ခဲ့
သာ ကိုယ့်ချစ်သူအသံနှင့်မှ တူနေတော့ ဖျတ်ခနဲ လှည့်ကြည့်လိုက်
ပြီ . . .

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်မှာစိုးလို့ ကလေးကိုငုံ့ကြည့်နေတဲ့မျက်နှာကို သေသေချာချာ စိုက်ကြည့်နေတော့ လမ်းမှလမ်းအစစ်ပါပဲ။ အနှစ်နှစ်အလလ အဆက်အသွယ်ပြတ်နေခဲ့သောချစ်သူကို ပြန်တွေ့လိုက်ရတော့ နေကြာ့ရင်ထဲမှာ ဝမ်းသာလွန်း တလှိုက်လှိုက်နှင့်ပါ။ အူတွေအသည်းတွေပင် လိပ်တက်လာသလိုပါပဲ။

"လမ်း"

"........."

"လမ်း"

"ဟင်"

ကိုယ့်နာမည်ကို ခေါ်လိုက်တာမို့ လမ်း ငုံ့ထားတဲ့ခေါင်းကို မော့၍ကြည့်လိုက်စဉ် ...

"ဟင်"

"လမ်း"

"နေကြာ"

ဝေးနေရတာ ကြာပြီ၊ ပြန်တွေ့ကြတော့လည်း မထင်မှတ်ရွာနှင့်မို့ ရင်ထဲ ဝမ်းသာသွားတာ အတိုင်းမသိပါ။ ပထမတော့ ဘာကနေ ဘယ်လိုပြောရမှန်းမသိဘဲ တစ်ယောက်ကိုတစ်ယောက် ကြည့်နေရာမှ လမ်းကပဲ လက်ရှိအခြေအနေကို သတိရကာ ...





"နင် ... နင် ရှာပြန်မလို့လား နေကြာ"

"ဟုတ်တယ် နင်ရော"

"ဟုတ်တယ်၊ ငါလည်း ရှာပြန်မလို့ပဲ။ ခုလို နင်နဲ့မထင်မှတ်ပဲ ပြန်ဆုံရတာ ငါ ဝမ်းသာလိုက်တာ နေကြာရယ်"

"ငါလည်း နင့်လိုပဲပေါ့"

"ငါ ရွာကိုပြန်တိုင်းလေ နင်နေတဲ့အိမ်လိပ်စာကို စုံစမ်းပါတယ်။ ဒါပေမဲ့ စုံစမ်းလို့မရဘူးဟာ။ အဲဒါကြောင့် နင့်ကို မဆက်သွယ်တာပါ။ ငါ နင့်ကို ဘယ်လောက်လွမ်းနေရလဲသိလား။ နင့်ကိုငါ အမြဲတမ်း သတိရနေတာဟ"

"ငါလည်း နင့်လိုပဲပေါ့ လမ်းရယ်"

လမ်း နေကြာ့လက်ဖျားလေးကို ဆွဲယူပြီး အားမလို အားမရနှင့် ဖျစ်ညှစ်လိုက်မိ၏။ ဘယ်သူတွေ ဘယ်လောက်ပဲ ခွဲကြပါစေ ကံမကုန်တော့လည်း ပြန်ဆုံကြတာပဲ မဟုတ်လား။

"ငါ ဘယ်လိုမှ မျှော်လင့်မထားဘူး သိလား"

ပြောတဲ့အသံက တုန်တုန်ယင်ယင် ဖြစ်နေပြီး မျက်ရည်တွေလည်း ဝဲလို့ပါ။ ဝမ်းသာလို့ကျတဲ့မျက်ရည်တွေပါလေ။ အခုချိန်မှာ တစ်ဖက်က စိတ်ညစ်စရာတွေကို ခဏတော့ မေ့ထားလိုက်မိ၏။

"လေးလေး"

www.burmeseclassic.com



"ဟင်"

သားသားခေါ်မှ သတိရပြီး ငုံ့ကြည့်လိုက်တော့ သားသားက နေကြာ့မျက်နှာကို လက်ညှိုးထိုးပြီး . . .

"ငိုနေတယ်"

လမ်း ရယ်လိုက်မိပြီး . . .

"ဟုတ်သားပဲ နေကြာရာ။ ကလေးတောင်ပြောပြီ။ နင်က ဘာလို့ငိုရတာလဲ"

"အေးပါ . . . ငါ မငိုတော့ပါဘူး။ ဒါနဲ့ ဒီကလေးက ဘယ်က ကလေးလဲဟင်။ ချစ်စရာလေး"

ကလေးအကြောင်းကိုမေးပြီဆိုတော့ လမ်း သက်ပြင်းချလိုက်မိသည်။

ပြောရမှာ -ပြောချင်စိတ်မရှိလို့လေ။ မပြောလို့ကလည်း မဖြစ်လေတော့ . . .

"ပြောရရင် အရှည်ကြီးပဲဟ။ ရွာရောက်မှပဲ ငါပြောပြတော့မယ်ဟာ။ လောလောဆယ်တော့ ဒီကလေးက ငါ့ရဲ့မွေးစားသားလို့ပဲ မှတ်ထားလိုက်ပါ"

"မွေးစားသား . . . ဟုတ်လား"

"ဟုတ်တယ်"





"ဒါနဲ့ နင်ရော ရွာကိုအလည်ပြန်လာတာလား"

"ဆိုပါတော့ဟာ နင်ကရော"

နေကြာ ကိုယ့်ကိုမေးလာတော့ အဖြစ်တွေကို သတိရပြီး ျက်နှာညှိုးသွားလေ၏။

ဒါပေမဲ့ ခုလောလောဆယ် ကိုယ်ချစ်တဲ့လမ်းက ကိုယ်နဲ့ တွေ့ရှိနေပြီမို့ ရင်ထဲက ခံစားချက်တွေပေ့ါသွားအောင် ရင်ဖွင့်ချင် သည်။ ထို့ကြောင့် . . .

"လမ်း"

"ဟင်"

"ငါ ရွာကိုပြန်တာ နင့်လို ကောင်းသောပြန်ခြင်းမျိုးနဲ့ ရတာမဟုတ်ပါဘူး လမ်းရယ်။ အကြောင်းကိစ္စတစ်ခုကြောင့် ရတာပါ"

"ဟုတ်လား ပြောပါဦး"

"တို့အိမ် မီးလောင်သွားပြီတဲ့လမ်း"

"ဘာ"

ပြောရင်း နေကြာ မျက်ရည်တွေကျလာပြီး . . .

"ရွှေတိုငွေစလေးတွေကလွဲပြီး ဘာမှမရလိုက်ဘူးတဲ့"

"နေကြာရယ်"



www.burmeseclassic.com

www.burmeseclassic.com



လမ်း ဘယ်လိုဖြေသိမ့်ပေးရမှန်းပင် မသိတော့ပေ။ ကံကြမ္မာက အဲဒီလောက်တောင် ရက်စက်သတဲ့လား။ သစ်ငုပ်မြင့်တဲ့ မြက်မြေတဲ့ နိမ့်ရှည်တစ်ခါ သာချည်တစ်လှည့်ဆိုတဲ့စကားက တယ်မှန်ပါလားနော်။

() () ()



## အခန်း (၂၅)

ဦးတင့်နဲ့ဒေါ်ခင်စော လင်မယားနှစ်ယောက်စားနေတဲ့ ထမင်းဝိုင်းလေးက တိတ်ဆိတ်နေသည်။ မြလေးတို့အိမ် မီးလောင်သွားတော့ သူနိုင်တာတောင် ကိုယ်တွေရဲ့အိမ်လေး ပါသွားသေးသည်လေ။ ကိုယ်တွေအိမ်က တန်ဖိုးမရှိတဲ့ သေးသေးလေးမို့ ဘာအကြောင်းလဲလေ။ ဒါပေမဲ့ နှမြောတော့ နှမြောတာပေါ့။ ရင်ကျိုးလောက်အောင်တော့ မဖြစ်ဘူးလေ။

မြလေးတို့အိမ်က အကြီးကြီးပဲဥစ္စာ။ သစ်နုတွေနဲ့ ဆောက်ထားတာဆိုတော့ တန်ဖိုးက ကြီးတယ်လေ။ ဒါ့အပြင် သူတို့ခမျာ အိမ်မှာထားခဲ့လို့ မဖြစ်လို့ တောထဲကိုယူလာတဲ့ ရွှေထည်လေးတွေနဲ့



www.burmeseclassic.com

www.burmeseclassic.com



ပိုက်ဆံလေး နည်းနည်းပါးပါးပဲ ကျန်တော့တာလေ။ အိမ်မှာရှိသမျှ ပစ္စည်းတွေကတော့ အကုန်ပြောင်ပဲပေါ့။

"ကိုတင့်"

"ဟင်"

"မြလေးသနားပါတယ်နော်"

"အင်း သူများကိုသနားတာထက် ကိုယ့်ကိုယ်ကိုယ်သနားပြီး ထမင်းလည်း ကောင်းကောင်းစားဦး။ သူတို့အတွက်က ဆင်ကျုံ့လို့ ကျွဲအဖြစ်ကျန်ဦးမှာ။ တို့မှာသာ ကျွဲကျုံ့တော့ ကြွက်ဖြစ်တာလေ။ နင် ထမင်းစားတာ တို့ကဆိတ် တို့ကနန်းနဲ့ စားလို့မကောင်းဘူးလား"

ခင်ပွန်းသည်မေးတော့ ဒေါ်ခင်စော သက်ပြင်းချလိုက်မိ၏။ ကိုယ့်ကိုယ် စားကောင်းမှန်းမသိ မကောင်းမှန်းမသိနဲ့ စားတော့ စားနေတာပဲလေ။ ဒီနေ့တော့ ဝက်သားဝယ်ချက်တော့ တောဝက်သား ကြိုက်တဲ့သားကို သတိရသွားတာပါ။ အခုနေများ ဒီဟင်းပန်းကန်လေး ပို့လို့ရရင် အကောင်းသားပေါ့။

"ဟင်းတွေခပ်စားလေ။ ဘာလဲ ဟိုအရင်ညားခါစကလို မိ ခပ်ထည့်ပေးတာကို စားချင်လို့လား။ ဒါဆို ထည့်ပေးမှာပေါ့"

ပြောရင်း ဦးတင့်က ဇနီးပန်းကန်ထဲသို့ ဟင်းတွေခပ်ထည့် ပေးလေ၏။ စိတ်ညစ်နေတာကိုသိလို့ ရယ်စရာ စတာလေ။ ကိုယ့်အိမ်





လေး မီးလောင်သွားတယ်ဆိုတော့ အနည်းနဲ့အများတော့ စိတ်ညစ် နေရှာမှာပေါ့။

"စိတ်ညစ်မနေပါနဲ့ မိန်းမရယ်၊ ဒီအိမ်မီးလောင်တာ ဘာဖြစ် လဲ၊ အဲဒီ အိမ်ထက်ပြန်ကောင်းတာလေး ဆောက်နိုင်အောင် ကြိုးစား ပါ့မယ်ဟာ"

"ကျွန်မက အိမ်မီးလောင်လို့ စိတ်ညစ်တယ်လို့များ ပြောမိလို့ လား ကိုတင့်ရယ်"

"ဒါဆို ဘာလို့ငိုင်တိငိုင်တိုင် ဖြစ်နေရတာလဲဟာ"

"ကျွန်မတို့သားလေးက တောဝက်သားကြိုက်တယ်လေ ကိုတင့်ရဲ့။ အခု တောဝက်သားစားရတော့ သားလေးကို သတိရလို့ပါ"

"ဟင်း"

ဦးတင့် သက်ပြင်းချလိုက်မိ၏။ ကိုယ်လည်း သတိရတာပေါ့ လေ။ သတိမရ ရှိပ့ါမလား။

သားအကြောင်းပြောမိပြီး နှစ်ယောက်စလုံး အတွေးကိုယ်စီ နှင့် ငြိမ်သက်သွားကြစဉ် ...

"အဖေ အမေ"

"ဟင်"

"အဖေနဲ့အမေ သားပြန်လာပြီ"



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်စလုံး စားမယ့်ထမင်းလုတ်တွေ ပြန်ချ
ခါးလေးတွေဆန့်ကာ ပြူးင်တူလှည့်ကြည့်လိုက်ကြစဉ် . . .

"အဖေနဲ့အမေ"

"သား"

"အဖေနဲ့အမေ သားပြန်လာပြီဗျ"

"သား"

သားမျက်နှာကိုမြင်လိုက်တာနှင့် အတင်းလက်ဆေး
ကိုယ့်ပုဆိုးကိုယ်လက်သုပ်၊ ကိုယ့်ထဘီ ကိုယ်လက်သုပ်ကာ ဆင်းသွာ
ကြလေ၏။ သားဆီကို အတင်းသွားကြတာလေ။

"သား"

"သား အမေ့သားပြန်လာတယ်"

နှစ်ယောက်စလုံး သားကိုပွေ့တော့မတတ်၊ ချီတော့မတတ်
နှင့် လမ်းလက်ထဲက ကလေးကို သတိမထားမိကြပေ။

"သား ပြန်လာတာနဲ့ အတော်ပဲ။ မင်း အမေ မင်းကြိုက်
ဖတောဝက်သား ဝယ်ချက်ထားတယ်ကွ။ တစ်ခါတည်းသာ ဝင်စာ
သားရေ။ အခုလေးတင်ပဲ တောဝက်သားစားတော့ မင်းကိုသတိရ
အကြောင်း မင်းအမေကပြောနေတာကွ"

"ဟာ ဟုတ်လား။ တောဝက်သားနဲ့ဆို စားမှာပေါ့ အဖေ





တော့ အဖေအမေတို့နဲ့ သား ထမင်းအတူမစားရတာ ကြာပြီလေ"

"ဒါဆို လာကွာ"

တဲလေးပေါ်ကိုရောက်တော့ ထမင်းဝိုင်းမှာ ဝိုင်းထိုင်လိုက်ကြ
ပြီး ဒေါ်ခင်စောသားအတွက် ထမင်းခူးပေးလေစဉ် . . .

"အမေ"

"ဟေ"

"နောက်ထပ် တစ်ပန်းကန်၊ ဒီကလေးအတွက် ခူးပေးပါဦး
အမေရဲ့"

"ဟင်"

ဒီတော့မှ ဦးတင့်ရောဒေါ်ခင်စောပါ သားသားလေးကို
သတိထားမိသွားကာ ထမင်းလည်း ခူးပေးရင်း . . .

"ဒီကလေးက ဘယ်ကလဲဟင် သား"

"ပြောရရင်တော့ အရှည်ကြီးပါ အမေရယ်။ မိခင်က စွန့်
ပစ်ထားခဲ့လို့ ကုရာ,ကယ်ရာမဲ့နေတဲ့ကလေးပါ။ အဲဒါ သားမွေးစားဖို့
ခေါ်လာခဲ့တာ။ သား ဒီကိုပြန်လာတာလဲ ဒီကိစ္စ အဖေအမေတို့နဲ့
တိုင်ပင်ချင်လို့ပါ။ တကယ်လို့ အဖေနဲ့အမေက မမွေးနိုင်ဘူးဆိုရင်
သားပဲ ကျောင်းထွက်ပြီး"

"သား"



www.burmeseclassic.com

www.burmeseclassic.com



"သား အဖေနဲ့အမေကို ဒုက္ခမပေးချင်ပါဘူး"

"အဖေ သဘောပေါက်တယ်သား။ ဒါ အဖေတို့အ

ဒုက္ခမဟုတ်ပါဘူးကွ။ ကိုယ်နဲ့ထိုက်လို့ရတဲ့ ရတနာပါ"

သားတုန်းက ဒီထက်ဆိုးတဲ့ နိတာရဲလေးပါဆိုတဲ့စကာ

ဦးတင့်ရင်ထဲမှာသာ ပြောမိ၏။ မေတ္တာတရားခေါင်းပါးလိုက်တဲ့လူ

နော်။ ကိုယ့်သွေးသားအရင်းအချာကိုများ စွန့်ပစ်ရတယ်လို့။ မ

မေတ္တာကို မဟာပထဝီမြေထုနဲ့မကာ သမုဒ္ဒရာနဲ့လည်း မနှိုင်းအ

တောင် ဆိုထားတာ။

သူတို့ကျမှ ကျောက်ခဲတစ်လုံး နှမ်းတစ်စေ့နဲ့ပင် နှိုင်းရမ

လားနော်။

"အမေတို့ မွေးနိုင်ပါတယ် သားရယ်။ ကျောင်းထွက်ဖို့ တေ

တော့ မပြောပါနဲ့။ သား မျှော်လင့်ချက်ပန်းတိုင်ကိုရောက်ခ

ခလုတ်တိုက်မလဲမိပါစေနဲ့။ အမေတို့ မျှော်လင့်ချက်တွေကို

ရိုက်မချိုးပါနဲ့သားရယ်။ မျှော်လင့်တယ်ဆိုတာလည်း အမေတို့အတွ

မဟုတ်ပါဘူး။ သားဘဝ သားရှေ့ရေးအတွက်ပါကွယ်"

"သားသိပါတယ်။ အဖေနဲ့အမေတို့ရဲ့မေတ္တာကို သ

နားလည်ပါတယ် အမေရယ်"

"ဒါနဲ့ ကလေးနာမည်က ဘာတဲ့လဲကွ"

ရွှေပဒေသာစာပေ



"မသိဘူး အဖေ။ သားမေးတိုင်း သူက သားသားလို့ချည်းပဲ

ဆိုပြနေတာ"

"ဟော ... ဟုတ်လား။ ဒါဆို မင်းကောင်က အဆိုတော်ပေါ့

ကွ။ ဘာတဲ့ ... ကလေးတွေ ဆိုဆိုနေကြတာ သနပ်ခါးကို ဘယ်ညာ

သွေး ... ဆိုလား ဘာဆိုလား"

"ဟုတ်တယ် ... ဟုတ်တယ်၊ ဟို ... ဘာလဲ ... ဆံထုံး

ထုံးတာရော ပုံတော်ဖိနပ်စီးတာရောတောင် ပါသေးတယ်"

ပြောပြီး ရယ်လိုက်မိကြ၏။ လူကြီးတွေဆိုတော့ ကြားရတာ

နားရှုပ်နေပေမယ့် လှုယ်မဟုတ်တော့ ဆိုမပြတတ်ဘူးပေါ့လေ။

"ဟော့ကောင်ကြီး"

"..................."

"ထမင်းစားလို့ကောင်းရဲ့လားကွ"

"ဘဘက မေးနေတာ စားကောင်းတယ်လို့ ဖြေလိုက်ဦး

လေ သားရဲ့"

"ဟုတ် ... ချားကောင်းရယ်"

"မြေးလေးက ချစ်စရာလေး သားရယ်၊ ဒီလောက် ချစ်စရာ

ကောင်းတဲ့ ကလေးကိုများဟယ် ပစ်ရက်လိုက်တာ။ ဘယ်လို မိန်းမ

တွေလည်း မသိပါဘူး"

ရွှေပဒေသာစာပေ

www.burmeseclassic.com

''ဘဲကပ်လိုမိန်းမမျိုးတွေပေါ့ဟ''

''အဲဒီလို မိဘမျိုးတွေရှိနေသေးလို့လည်း မိဘမဲ့ဂေဟာ ဆိုတာတွေ ရှိလာတာပေါ့ အမေရယ်။ သူတို့လိုလူမျိုးတွေရှိနေလို့ မေတ္တာတရားကြီးမားတဲ့ အဖေနဲ့အမေလိုလူမျိုးတွေကို သား လေးစား ဂုဏ်ယူတာ။ အဖေနဲ့အမေက တုနှိုင်းမမီတဲ့ စေတနာမေတ္တာရှင်တွေ ပဲ''

''လေးလေး''

''ဟော''

''သား ဝပြီ''

''ဩော် . . . အေးအေး''

ကလေးက ဝပြီဆိုတာနှင့် လမ်း ကိုယ်စားနေတဲ့ ထမင်း ပန်းကန်ကိုထားခဲ့ပြီး သားသားကို လက်ဆေးပေးဖို့လုပ်လေလျှင် . .

''နေ နေ . . . သား။ သားစားပါ အမေဝပြီ၊ အမေပဲလုပ် ပေးလိုက်မယ်''

ပြောရင်း ဒေါ်ခင်စောက သားသားလေးကို ခေါ်ပြီး လက် ဆေးလက်သုပ်ပေးတာကိုမြင်လေလျှင် လမ်း ရင်ထဲမှာ ဝမ်းနည်းသလို လို ဝမ်းသာသလိုလို ဖြစ်ရ၏။ ကိုယ်တုန်းက ဒီထက် ကရိကထ များခဲ့မှာပေါ့လေ။ ငယ်ငယ်လေးကတည်းက နို့ဖျော်တိုက်၊ ချေးဂလု





သေးဂလုကစ လုပ်ပေးခဲ့ရမှာ။ ဒီလိုပဲ ထမင်းစားတတ်လာတဲ့အရွယ် ာလည်း ဟင်းလေးတွေ ဖွဲ့ခွဲ့ကျွေးရင်း ထမင်းဝိုင်းမှာ နှပ်ချေးတွေ ထွက်နေတော့လည်း မရွံမရှာ လုပ်ပေးခဲ့တာပဲလေ။ ဒီကြားထဲ ထမင်းစားရင်း အီးပါချင်တယ်ဆိုတော့လည်း လိုက်တည်ရ၏။

ဩော် . . . အမေရယ်။

''သား''

''ဗျာ . . . အဖေ''

''မင်း ဒီမှာ ဘယ်နှစ်ရက်နေဦးမှာလဲကွ''

''သားသားနဲ့ အဖေ,အမေတို့ အထာကျအောင်တော့ တစ်ပတ်လောက် နေရဦးမှာပေါ့ အဖေရယ်''

''ဩော် . . . အေး . . . ကောင်းပါတယ်ကွာ''

ဒေါ်ခင်စော ကလေးကို ထမင်းဝိုင်းမှာ ဝင်ရှုပ်မှာစိုးလို့ဆိုပြီး ကလေးကိုခေါ်ကာ တဲပေါ်မှ ဆင်းလာခဲ့၏။ ဩော် . . . ကိုယ်မွေးလို့ ရနိုင်ပေမယ့် ကိုယ်နဲ့ထိုက်လို့ နောက်တစ်ယောက် ရစေက်ဆုံပြန်ပြီ ပေါ့လေ။

www.burmeseclassic.com

## အခန်း (၂၆)

"ငိုမနေပါနဲ့တော့ သမီးရယ်၊ ကံစီမံရာပဲပေါ့။ အမေတို့
ဒီနေ့ဒီအချိန် ဒီလိုဖြစ်ရမယ်ဆိုတဲ့ကံ ပါလာတာပေါ့ကွယ်။ ဖြစ်
ပျက်ခြင်းရဲ့ သဘောတရားကို အမေတို့ လက်ခံရမှာပေါ့လေ ဟုတ်
လား"

"သမီးအတွက်က ပြဿနာမရှိပါဘူး အမေရယ်။ ဖြစ်လာ
ဘဝကို ရင်ဆိုင်ဖို့သတ္တိ ရှိပါတယ်"

"ဒါပဲပေါ့ သမီးရဲ့။ သမီးနာမည်ကိုက နေကြာပန်းပဲလေ"

"သမီးက အမေတို့ကို သနားတာပါ"

သမီးမျက်နှာလေးကိုကြည့်ပြီး ဒေါ်မြလေး မျက်ရည်





အောင် မနည်းထိန်းနေရ၏။ သမီးလေးမျက်နှာငယ်ရတော့မှာကို
းလို့လေ။ အခုပဲ ပတ်ဝန်းကျင်က ကိုယ်တွေကို သနားရမယ့်အ
ား ...

"ထောင်ထောင်,ထောင်ထောင်လုပ်ချင်တဲ့ကောင်တွေ
ကောင်းတယ်။ ဒီလိုဖြစ်တာ နည်းတောင် နည်းသေးတယ်၊ အကုန်ပါ
သွား အေးရော"

လို့တောင် ပြောတဲ့သူက များသည်လေ။ ပြောကြမှာပေါ့။
ကိုယ့်မှာ အဆင်ပြေနေတုန်းကတော့ ကိုယ့်လင်ရော ကိုယ့်သားရောက
လူကို လူလို့မထင် မော်ကြွား မောက်မာကြသူတွေ။ သူများကို မှိုချိုး
စ်ချိုး နှိမ်နှိမ်ချချပြောလား ပြောရဲ့။ အခုတော့ သူများတွေ ပြောစရာ
ဖြစ်ကုန်ပြီပေါ့လေ။

အခုရော မာန်တွေက ချမယ်ထင်သေးလို့လား။ ခြေနှစ်ဖက်
က်နှစ်ဖက်ရှိနေသရွေ့ သူတို့မဆင်းရဲဘူးလို့ ကြွေးကြော်နေတုန်းပဲ
လေ။

"ဆင်ကျုံပေမယ့် ကျွဲအဖြစ်တော့ ရှိနေပါသေးတယ် သမီး
ရယ်။ သမီး ဘာမှအားမငယ်ပါနဲ့နော်။ သမီးပညာရေးအတွက် သမီး
ဆက်ပြီး ကြိုးစားပါ"

"အမေ"



www.burmeseclassic.com

www.burmeseclassic.com



"သမီး"

"လမ်းလည်း ပြန်ရောက်နေတယ်။ သူနဲ့သမီး အတူတူပြ
လာခဲ့တာလေ"

"ဟင် . . . ဟုတ်လား"

"ဟုတ်"

ဪ . . . သူလည်း သူ့မိဘတွေရဲ့အိမ်လေး မီးလော
တယ်ကြားလို့ စိတ်မကောင်းဖြစ်ပြီး ပြန်လာတာ ဖြစ်မှာပေါ့။ ကိုယ့်အိ
ကနေ စလောင်ပြီး သူတို့အိမ်လေးကိုပါ ကူးစက်လောင်သွားတာလေ
ဒါကို သူတို့ကတောင် ပြန်ပြီး မြေလေးကို သနားလိုက်တာတဲ့။
စိတ်ထားဖြူစင်သူတို့ရဲ့ ကိုယ်ချင်းစာတရားပဲလေ။

ကိုယ့်အိမ်ကလူတွေမှာသာ သူများအပေါ် စိတ်ကောင်းမရှိ
အခု မီးလောင်တဲ့ကိစ္စကို သူများမုန်းလို့ လုပ်တာလို့ သမုတ်နေကြတာ
လေ။ ဟုတ်လည်း ဟုတ်တာပဲဥစ္စာ။ လူမရှိတဲ့အိမ်က ဘယ်လိုလုပ်ပြ
သူ့အလိုလို မီးလောင်နိုင်ပါ့မလဲ။ အခု ဒီကိစ္စနဲ့ပတ်သက်ပြီး ရဲစခန်
လည်း နေ့တိုင်း သွားရှင်းနေရသည်။ အိမ်မှာသာလူရှိနေရင် ထောင်က
ခံရမှာပေါ့။ အခု ထောင်မကျသည့်တိုင် ရှင်းတော့ ရှင်းနေရတာပဲလေ

"ဒါနဲ့ သမီး . . . မောင်သီဟရော ဘယ်သွားတာလဲ"

"ဘယ်သွားရမှာလဲ အမေရယ်။ အမေ့သားတွေလေ





ဆန်းရှည်သောက်ဆိုပြီး ကပ်ခေါ်သွားလို့ ပါသွားလေရဲ့"

"သမီးနဲ့လမ်း အတူပြန်လာကြတာ သူဘာပြောလဲ။ သမီး
တို့အကြောင်းကို သိရောသိရဲ့လား"

"ဘာပြောလို့ရမှာလဲ အမေရယ်။ ကားစီးကတည်းက ထိုင်ခုံ
က အတူတူမရဘူးလေ။ သမီးက ကံကောင်းချင်တော့ လမ်းနဲ့အတူ
ထု ဖြစ်သွားတာ။ ကားပေါ်ကဆင်းလို့ ဒီဘက်ပြန်လာတော့ မေးလို့
တစ်ခါတည်းကိုပြောလိုက်တာ။ သူ့အိမ်မှာကတည်းကဆို သမီးမှာ
လမ်း ဆိုတဲ့ချစ်သူတစ်ယောက်ရှိကြောင်း ပြောပြထားပြီးသားလေ"

"ဟုတ်လား"

"အဲဒါ ကောင်းပါတယ်"

ဖုံးကွယ်ထားတာကောင်းတဲ့အလုပ်မှ မဟုတ်ဘဲလေ။ အဲဒီ
လို ပြောပြထားတော့ အေးတာပေါ့။ မဟုတ်ရင် ကိုယ့်သမီးလေးက
ချစ်ချင်သူတွေ ဝိုင်းဝိုင်းလည်နေတာ သီဟရော စိတ်မဝင်စားဘူးလို့
ပြောလို့ရမလား။ စိတ်ဝင်စားလို့ လက်ထပ်ချင်ပါတယ်ဆိုရင် ကိုယ်က
ကလေးတွေ ချစ်ခြင်းကို မခွဲချင်။ သူ့အဖေက ငွေဂုဏ်ကြေးဂုဏ်
လောက်မောက်တာ၊ သီဟကို သဘောမကျဘဲနေမတဲ့လား။

ကိုကျော်သိန်းကတော့ သမီးကို သဘောကျနေတာပဲလေ။
ကလေးတွေ ဘာမှန်းမသိလို့ မပြောတာဘဲနေမှာ။



www.burmeseclassic.com

www.burmeseclassic.com



"အမေ"

"ဟင်"

"အခုချိန်မှာ အဖေ လမ်းနဲ့သမီးကို သဘောတူပါ့မလားဟင် အခြေအနေက ပြောင်းသွားပြီဆိုတော့လေ"

အေါ်မြလေး တွေခန့်ဖြစ်သွားပြီးမှ ခေါင်းခါလိုက်ကာ ...

"အမေတော့ မထင်ပါဘူး သမီးရယ်"

() () ()



## အခန်း (၂၇)

ချောင်းစပ်က ကျောက်တုံးပေါ်မှာ လမ်းနဲ့နေကြာပါ။ စေးကွာခဲ့ရတာ ကြာပြီဆိုတော့ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လို့မဝနိုင်။ အလွမ်းဆိုတာ စမ်းရေထဲ မျှောလို့ရတဲ့ ပန်းတွေမှ မဟုတ်ဘဲလေ။ ရင်ထဲမှာ နူးညံ့ညင်သာနေနိုင်ပါ့မလား။ လွမ်းခဲ့ရတဲ့ ရက်တွေကိုသာ လွန်းတင်ပြီး ကြိုးကျစ်ထားလို့ရမယ်ဆိုရင် ...

ထိုအလွမ်းကြိုးက ပေဘာဒီကမ္ဘာကြီးကို တစ်ပတ်ပတ်မိတယ်လို့တောင် ထင်ရ၏။ မတတ်သာလို့ ခပ်ခွာခွာနေရတဲ့ဘဝမှာ သစ္စာတွေ နှောင်တည်ကြလို့ ဘယ်သူ့ရင်ဘတ်ထဲမှာမှ အစားထိုးခြင်းဆိုတာ ရှိလာနိုင်မှာ မဟုတ်ပေ။



www.burmeseclassic.com

www.burmeseclassic.com



"ဘာလိုလို့နဲ့ တို့လည်း ကျောင်းပြီးတော့မယ်နော်"

"အင်း . . . ကျောင်းပြီးရင် နှင်နဲ့ငါ ယူကြတာပေါ့"

"ကြည့်စမ်း . . . မိဘကိုလုပ်ကျွေးမယ်တော့မပြောဘူး မိန်းမ ယူဖို့ပဲ ပြောနေတယ်။ တော်တော် မွေးရကျိုးနပ်တဲ့သားပဲ"

"ဩော် . . . နှင်ကလည်း မိန်းမအရင်ယူပြီး မိန်းမကိုရော မိဘကိုရော လုပ်ကျွေးမယ်လေဟာ။ မိန်းမက မြန်မြန်ယူထားမှ အဖတ်တင်ပြီး စိတ်ချရမှာဟ"

"အံမယ် . . . ပြောပုံက"

"ဘာဖြစ်လဲ"

"နှင့်ကို ဘယ်သူက ယူမယ်ပြောလို့လဲ"

"ဟင် . . . မယူဘူးလား"

"မယူဘူး"

"ဒါဆို မယူဘဲနဲ့ ဘာလို့ချစ်တာလဲ"

"ချစ်ချင်လို့ချစ်တာ"

"ကောင်မလေးတော့"

လမ်း မချင့်မရဲဖြစ်ကာ နေကြာပါးပြင်လေးကို မနာအောင် လိမ်ဆွဲလိုက်မိသည်။ အရင်က ငယ်သေးလို့ ကိုယ့်စိတ်ကိုယ်ထိန်းကာ ချစ်တယ်တောင် ရဲရဲမပြောခဲ့တာတွေက အခုတော့ အတိုးချပြီး





ချစ်လို့ရပြီလေ။ အရွယ်က မငယ်၊ ကျောင်းကလည်းပြီးကြတော့မည်။ ဒီအချိန်မှာမှ ကြည်နူးခွင့်မရရင် ဘယ်အချိန်သွားပြီး ကြည်နူးရမှာတဲ့လဲ။

သူတို့မှာ ဖာတ်လမ်းမစခင်ကတည်းက အခြေအနေအရ ခွဲခွာခဲ့ကြရတာလေ။ အခု ပြန်ဆုံကြမှတော့ သူစိမ်းဆန်နေရဦးမှာတဲ့လား။

"လမ်း"

"အင်း"

"ဟင် . . . ဘာမှ မပြောရသေးဘဲနဲ့ ဘာအင်းလဲ"

"ပြောလို့ပြောတာလေ။ ဘာပြောမှာလဲ ပြော"

မျက်စောင်းက ဝေ့ခနဲရောက်လာပြီး . . .

"နှင်နေတဲ့အိမ်မှာ အပျိုနှစ်ယောက်ရှိတယ်ဆို"

"ဟုတ်တယ် . . . ဦးလှဖံရဲ့ သမီးတွေလေ၊ ဘာဖြစ်လို့လဲ"

"သူတို့က ချောလား"

"သူ့ရွှေသမီးတွေပဲဗျာ မလှလည်း လှအောင်ပြင်နေကြတာ . . . လှတာပေါ့"

"ရုပ်ကိုက"

"ဘာဖြစ်နေလို့လဲ"

လမ်းက သူ့မျက်နှာသူ လက်နှင့်စမ်းကြည့်လေလျှင် . . .



www.burmeseclassic.com

www.burmeseclassic.com



"လှတယ်ဆိုလို့ ပြောတာလေ။ အဲဒီနှစ်ယောက်က နှင့်ကို စိတ်မဝင်စားကြဘူးလား။ နှစ်ယောက်စလုံးမဟုတ်ရင်တောင် တစ်ယောက်ကတော့ ဝင်စားမှာပါ။ ငါ ခန့်မှန်းလို့ရတယ်နော် မညာနဲ့"

"မညာပါဘူး နေကြာရယ်။ သူတို့ ငါ့ကိုစိတ်ဝင်စားတာ မဝင်စားတာတော့ ငါ့စိတ်မှမဟုတ်တာ ငါလည်း ဘယ်သိမှာလဲဟာ။ ငါကတော့ သူတို့အပေါ် ကိုယ့်အစ်မတွေလိုပဲ သဘောထားတာ။ နှင်ကလည်း ငါ့ကို ယုံစမ်းပါ။ ငါ့ရင်ထဲမှာရှိတာက ဟိုးငယ်ငယ်လေးကတည်းက ချစ်ခဲ့ရတဲ့ နေကြာပန်းလေးတစ်ပွင့်တည်းပါဟ"

'တကယ်နော်"

"အကယ်တစ်သန်း"

နေကြာ ချစ်ခင်တွယ်တာ အားကိုးချင်ခဲ့သောရင်ခွင်မှာ ခေါင်းလေးတိုးဝင်မိတော့၏။ ချစ်သူရယ်လို့ လက်ဖျားလေးကိုင်ခွင့်တောင်မရခဲ့တဲ့ ဟိုတုန်းကအချိန်တွေ ပြီးဆုံးသွားခဲ့ပါပြီ။ အခုအချိန်မှာတော့ ဒီလောက်ရင်းနှီးခွင့်ရှိပါတယ်လေ။

"လမ်း"

"ဟင်"

"နှင်သိလား လမ်း၊ လမသာပေမယ့် ညက ညပဲဖြစ်နေမှာပေမယ့် လရဲ့ဘဝမှာတော့ ညမရှိလို့ မဖြစ်ဘူးလေ။ အဲဒီလိုပဲ ငါက





လဖြစ်ပြီး နှင်က ညပါ လမ်းရယ်။ ငါ့ဘဝမှာ နှင်မရှိလို့ မဖြစ်ဘူး။ နှင်နဲ့ပတ်သက်လာရင် ဘယ်လိုဒုက္ခမျိုးတွေကိုပဲ ရင်ဆိုင်ရ,ရင်ဆိုင်ရ ငါ ရင်ဆိုင်ဖို့ အဆင်သင့်ပါ။ အဲဒီလောက်ထိ နှင့်ကိုငါ ချစ်ခဲ့တယ်ဆိုတာ ယုံပေးပါလမ်းရယ် . . . နော်"

"နေကြာရယ်"

ယုံလွန်းလို့ပဲ ပခုံးလေးကို ဖက်လိုက်မိပြီး ရင်ထဲမှာ တလှိုက်လှိုက်နှင့်ပါ။ ကိုယ်လည်း ထပ်တူထပ်မျှပဲလေ။ ကိုယ့်ရင်ထဲမှာ နေကြာကလွဲပြီး နောက်ထပ်ချစ်ဖို့ အချစ်မရှိတော့လေ။ တကယ်လို့များ ဖူးစာမပါလို့ ကြံဖန်ပြီးလွဲခဲ့ရင်တောင် နေကြာမဟုတ်တဲ့ အခြားမိန်းမတစ်ယောက်ကို ကိုယ့်ရင်ခွင်ထဲထည့်ပြီး ဘယ်တော့မှ မထွေးပိုက်ဟု ဆုံးဖြတ်ထားပြီးသားပါ။

ဒါ သစ္စာတရားပဲလေ။ ဤမှန်ကန်သောသစ္စာစကားကြောင့် သူတို့ချစ်သူနှစ်ဦး ဆုံစည်းခွင့်ကြုံပါရစေ။ ဖူးစာရေးတဲ့နတ်မင်းရယ်၊ ကျွန်တော်တို့နှစ်ယောက်ရဲ့ နှလုံးသားတွေကို သနားကြင်နာစွာဖြင့် ဖူးစာဖက်ခွင့် စာတန်းကြီး ထိုးပေးပါဗျာ။

"အဲဒီလိုဆို ငါလည်း ပြောလို့ရတယ် နေကြာရဲ့။ ညရဲ့ဘဝမှာလည်း လမရှိလို့ဖြစ်တော့ဖြစ်ပါတယ်။ ဒါပေမဲ့ . . . ညဆိုတာ သရောင်နဲ့စပ်မှ ပနံရပြီး အေးချမ်းသာယာမှု ရှိတာလေ။ တကယ်ဆို



www.burmeseclassic.com

www.burmeseclassic.com



များ လ,မသာလို့ ငါ့ဘဝ ညက မှောင်မိုက်နေခဲ့ရင် လမဟုတ်တဲ့ အခြားအလင်းရောင်တွေကို ငါ အစားထိုးပြီး မသာယာနိုင်ဘူး နေကြာ အဲဒါ . . . ငါ့ရဲ့သစ္စာတရားပဲ''

''တကယ်လား လမ်းရယ်''

''တကယ်ပေါ့ . . . မယုံဘူးလား''

''မယုံဘူးဆိုရင် . . . နင်က ဘယ်လိုသက်သေပြမှာလဲ ပြော ပါဦး''

''ကျောက်တုံးကို ခေါင်းနဲ့ပြေးဆောင့်ပြီး သေပြမယ်လေ''

အဲဒီလိုပြောရင် နေကြာ တစ်ခုခုပြောပြီး ရယ်လိမ့်မယ်လို့ လမ်း ထင်ထားပေမယ့် တကယ်တမ်းမှာ အဲဒီလိုမဟုတ်ပေ။ နေကြာ က သူ့မျက်နှာကို ခပ်ငေးငေးလေးမော့ကြည့်ပြီး . . .

''အဲဒီလိုလုပ်ရင် နင်က နင်တစ်ယောက်တည်း သေသွား လိမ့်မယ်လို့ ထင်နေလား လမ်း။ ငါက နှလုံးသားသေဆုံးသွားမယ် ဆိုတာကို နင် နားလည်ထားစမ်းပါဟာ''

''ဟင်''

''နင်သေပြဖို့လည်း မလိုပါဘူး။ နင့်ကိုငါ ယုံတယ် လမ်း အဲဒီလိုပဲ ငါ့ကိုလည်း နင်ယုံပါ''

''ယုံပါတယ် နေကြာရယ်''





ပြောပြီး လမ်း ငြိမ်သက်နေတဲ့ချောင်းကို ငေးကြည့်နေမိ၏။ ချောင်းက ရေသေဖြစ်ပြီး ကြည့်နေတော့ အောက်မှာရှိတဲ့ ကျောက်ခဲ လုံးလေးတွေကို မြင်နေရသည်။ ဒီအချိန်မှာ လေက တစ်ချက်တိုးဝှေ့လာ တော့ သစ်ရွက်တွေက ကြွေပြန့်လေလျှင် သူ သူငယ်ချင်းစပ်ထားတဲ့ ကဗျာလေးကိုကြိုက်လို့ အလွတ်ကျက်ထားတာကို သတိရသွားလေ ၏။ ကဗျာရဲ့ခေါင်းစဉ်လေးက . . .

ချစ်သူဖန်ဆင်းတဲ့ကမ္ဘာတဲ့။ ဒီကဗျာလေးကို သူ အခုထိ အလွတ်ရနေဆဲပါ။

''နေကြာ''

''ဟင်''

''နင့်ကို ငါ ကဗျာတစ်ပုဒ် ရွတ်ပြမယ် သိလား''

''ကဗျာ''

''ဟုတ်တယ်၊ အဲဒီကဗျာလေးကို ငါကြိုက်လို့ အလွတ်ကျက် ထားခဲ့တာ။ နားထောင်မယ် မဟုတ်လား''

''အင်း . . . ရွတ်ပြ''

''ဒါဆို . . . သေသေချာချာ နားထောင်နော်''

နေကြာက ပြုံးပြီး ခေါင်းလေးမော့ကာ နားထောင်နေလေ ၏။ တကယ်တော့ နေကြာက ကဗျာတွေဘာတွေ ကူးတာဖတ်တာ



www.burmeseclassic.com

www.burmeseclassic.com



ဝါသနာ မပါပေ။ ဒါပေမဲ့ . . . အချစ်နဲ့ပတ်သက်လာတော့ ကိုယ့်ရင်မှာတောင် ကဗျာတွေနဲ့ပဲလေ။

**"ချစ်သူဖန်ဆင်းတဲ့ကမ္ဘာ"**

ချစ်သူဖန်ဆင်းတဲ့ကမ္ဘာ

မြေမလိုဘူး

ငါ့ရင်ခွင်မှာ နှင် နေထိုင်ခွင့်ရစေမယ်။

ရေမလိုဘူး

ငါ့မေတ္တာတွေနဲ့ အေးချမ်းစေရမယ်။

လေမလိုဘူး

ငါ့ကြင်နာခြင်းတွေနဲ့ နှင် အသက်ရှင်စေရမယ်

အန္တရာယ်တွေ မရှိစေရဘူး။

ငါ့သစ္စာတွေနဲ့ လုံခြုံစေရမယ်။

ကဲ . . . ချစ်သူ

လှမ်းသာလာခဲ့ပါ။

ဒီမှာ မင်းအတွက်

ငါ ဖန်ဆင်းထားတဲ့ကမ္ဘာ။

ခေါင်းလေးမော့ပြီး ရွှတ်ပြနေတဲ့လမ်း။ ကဗျာပြီးဆုံးသွားတော့ နေကြာကို ငုံ့ကြည့်ကာ . . .





"ဘယ်လိုလဲ ကဗျာလေးကို ကြိုက်ရဲ့လား"

"အင်း . . . အရမ်းကောင်းတဲ့ကဗျာလေးပဲနော်။ ဘာလဲ . . . နင်က အဲဒီလို ဖန်ဆင်းပေးမှာလား"

"ဖန်ဆင်းပေးမှာပေါ့ . . . ဒီမှာလေ"

ပြောပြီး လမ်းက နေကြာကိုယ်လေးကို ထွေးပွေ့ထားလေတော့ နေကြာကလည်း ငြိမ်သက်နေလေသည်။ 'ချစ်သူ့ရင်ခွင်သည် ချစ်သူဖန်ဆင်းထားတဲ့ ကမ္ဘာလေးပဲပေါ့။ ဒီကမ္ဘာလေးထဲမှာ နေကြာ ထာဝရ ခိုလှုံခွင့်ရပါရစေ လမ်းရယ်။

"နေမယ် မဟုတ်လား"

"အင်း . . . နေမှာပေါ့၊ နိုင်တယ်ဆိုရင်လေ"

"နိုင်ပါ့ဗျာ . . . နိုင်ပါ့။ ဆွဲလှုပ်လို့လည်း မပြုတ်၊ ဖြိုချလို့လည်း မရ၊ ဖျက်ဆီးလို့လည်း မပျက်စီးတဲ့ နေကြာ့အတွက် ထာဝရကမ္ဘာ"

"လမ်းရယ်"

နှုတ်ဖျားက ချစ်တယ်လို့ တဖွဖွမပြောပါပဲ နှလုံးသားခြင်းနားလည်နေကြသည့်အချစ်က ချစ်တယ်ဆိုတဲ့ စကားထက် ပိုပြီးလေးနက်ပါသည်လေ။

() () ()



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၈)

"ကျွန်တော့်သားက ခင်ဗျားသမီးကိုမှ မရရင် သေတော့မလို ဖြစ်နေတယ် ကိုမောင်ကိုရေ။ အဲဒါကြောင့် ခင်ဗျားနဲ့ကျွန်တော် သားရေးသမီးရေးကိစ္စ ဆွေးနွေးကြရအောင်ဗျာ။ ခင်ဗျားဘက်ကသာ လက်ခံရင် ဘာမှလိုလေသေးမရှိအောင် ကျွန်တော် ဆောင်ရွက်ပေးပါ့မယ်ဗျာ . . . နော်။ အဲဒီအတွက် စိတ်ချပါ"

"ဟာ . . . ဒီလူ၊ ဒီလူတွေက ပြောနေရမယ့်လူတွေမှ မဟုတ်တာ ကိုကျော်သိန်းရာ။ ကျွန်တော့်သမီးက ခင်ဗျားအိမ်မှာပဲနေတာလေ။ ဒီလောက် သူ့အကြောင်း ကိုယ့်အကြောင်း သိနေကြတာပဲဥစ္စာ။ ပြောနေစရာ လူတွေလားဗျာ"





ပြောတဲ့သူနဲ့ ဖြေတဲ့သူ စွန်းကွန်းကျွန်းလွန်းတွေညီလို့ တော်ဆော်ကို ငြင်းရှာတာပါပဲနော်။ သီဟကတော့ မျက်နှာကြီးပြုံးလို့ပါပဲ။ ကျော်ကျော်လည်းပဲ ထို့အတူပါ။ ဖော်ဖော်ကတော့ မျက်နှာသိပ်ကောင်းပေ။ တစ်မိသားစုထဲမှာပေမယ့် လူတစ်ယောက်ခံယူချက်တစ်မျိုးစီနဲ့ စိတ်ကူးချင်းက တူမှမတူပဲလေ။

ဖော်ဖော်ကတော့ ဒီကိစ္စကို သဘောမတူချင်။ ညီမလေးက လမ်းနဲ့ကြိုက်နေသည်လို့ သူသိထားသည်လေ။ ဘာပဲဖြစ်ဖြစ် ကိုယ်တွေကမှ အသောက်အစားရှိသေး။ လမ်းက ရိုးသားသည်။ ပြီးတော့ အိမ်ထောင်ရေးဆိုတာ နှစ်ဦးနှစ်ဖက်ချစ်ကြမှ အပေးအယူမျှမှာလေ။ တစ်ဖက်တည်းက ချစ်ရုံနဲ့ အိမ်ထောင်ရေးက သာယာပါ့မလား။

မချမ်းသာတာတစ်ခုကလွဲရင် လမ်းက သီဟထက် အစစအရာရာပိုသာသည်ဟု ဖော်ဖော်ထင်သည်။

"ဒါဆို . . . ကိုမောင်ကိုက သဘောတူတယ်ပေါ့နော်"

"တူတာပေါ့ ကိုကျော်သိန်းရာ။ မောင်သီဟက ဘာမှအပြစ်ပြောစရာမှ မရှိတာ။ ဥစ္စာပေါ ရုပ်ချော ပညာတတ်ပဲ။ ကျွန်တော့်သမီးနဲ့ဆို နေနဲ့လ ရွှေနဲ့မြပဲပေါ့"

"ဒါဆို မင်္ဂလာရက် ဘယ်တော့သတ်မှတ်ချင်လဲ ကိုမောင်ကိုပြောလေ"



www.burmeseclassic.com

''သမီးက ကျောင်းပြီးတော့မှာဆိုတော့ ကျောင်းပြီးမှ စီစဉ်ကြတာပေါ့ဗျာ''

''ဟာ ... ကျောင်းပြီးအောင်တော့ မလုပ်ပါနဲ့ဦးရာ ကျွန်တော် အဲလောက်အထိ မစောင့်နိုင်ဘူးဗျ။ ပြီးတော့ နေကြာ့မှာ ရည်းစားရှိတယ်တဲ့။ မတော်လို့ ခိုးရာလိုက်ပြေးရင် ဘယ်လိုလုပ်မလဲ မြန်လေ ကောင်းလေပဲ။ မြန်မြန်သာစီစဉ်ပေးပါဗျာနော်။ ကျွန်တော် နေကြာ့ကို စိတ်မချလို့ပါ''

''တွေ့လား ကိုမောင်ကိုး ကျွန်တော့်သားက အဲသည်းအသ ဖြစ်နေတာဗျ''

''ဟုတ်ပါပြီဗျာ ... ဟုတ်ပါပြီ''

သူတို့တွေ ပြောဆိုရယ်မောနေချိန် ဇော်ဇော့်ရင်ထဲမှာတော့ ကလိကလိဖြစ်နေတာပါပဲ။ ရုပ်ကိုက ကြည့်ပါလား။ တဗျာမျက် မှုဒိမ်းသောက်ခွက်နဲ့။ အခုချိန်ထိ ကိုယ့်ညီမလေး ဘာမှမဖြစ်တဲ့အတွ တော့ ထိုင်ကန်တော့ချင်ပါသေးရဲ့။ ဒါလည်း ညီမလေးက နေတ ထိုင်တတ် ရှောင်တိမ်းတတ်လို့ပဲ ဖြစ်မှာပါ။

စကားပုံတောင် ရှိသေး။ လူနီဖြူစပ် မပေါင်းအပ် အသားက ဖြူတာမှာ ထန်းရည်မူးရင် နီစပ်စပ်နဲ့လေ။

''ဟုတ်သားပဲ အဖေရာ။ သမီးတစ်ကောင် နွားတစ်ထော



တဲ့။ အဖေ့သမီးအကြောင်း အဖေလည်း သိသားပဲ။ တော်ကြာ ဟိုကောင့်နောက်ပါနေမယ်။ ကိုသီဟနဲ့သာ မြန်မြန်ပေးစားလိုက်''

''ဟာ ဟော့ကောင် ... မင်း ဘယ်လိုဖြစ်နေတာလဲ။ ကိုယ်က မိန်းကလေးရှင်ဆိုတာကို သတိရဦးလေကွာ''

''အဖေကလည်းဗျာ ... မိန်းကလေးရှင်ရော ဘာဖြစ်လဲ။ ကျွန်တော်က မှန်တာတွေပြောတာပဲ ဥစ္စာ''

''တယ် ... ဒီကောင်''

ဟင်းမရ ဟဲမရနှင့် အဖေ့မျက်နှာက ပုပ်ထဲမှာချိတ်ထားတဲ့ နွားခေါင်းကြီးနဲ့တူတယ်ဆိုတာမျိုးတော့ ဖြစ်နေပါပြီ။ အဲဒီစကား ဖြစ်တည်လာခြင်းက ဒီလိုပါတဲ့လေ။ ဟိုတုန်းကပေါ့၊ ဖခင်ဖြစ်သူက သားသမီးတွေငတ်မှာစိုးတော့ သူများနွားကို ခိုးသတ်ပြီးရောင်းတာ ရောင်း စားတာစားပေါ့လေ။

ဒါကို သိတဲ့သူတွေကသိတော့ ရဲကိုတိုင်လို့ ရဲတွေကလာရှာ သတဲ့။ ဖအေလုပ်သူက နွားခေါင်းကိုပုပ်ထဲထည့်ပြီး ပုပ်နုတ်ခံမ်းမှာ ချိတ်ထားတာ နွားခေါင်းက မျက်လုံးအပြူးသားနဲ့ပေါ့။ ဒါကို ရဲတွေက လာရှာတော့ မျက်လုံးပြူးနေတဲ့ ဖအေကို ပုပ်ထဲကနွားခေါင်းနဲ့နှိုင်း ယှိုက်တော့ ချက်ချင်းရှာတွေ့ပြီး ခိုးတာပေါ်သွားတော့တာလေ။

အခုလည်း အဲဒီလိုဖြစ်နေပါပြီ။ သီဟတို့သားအဖရှေ့မှာ



www.burmeseclassic.com

www.burmeseclassic.com



ဟိုကောင့်နောက်ပါမယ် ဒီကောင့်နောက်ပါမယ်နဲ့ ပြောစရာလား။

"ကျွန်တော်သိပါတယ် ဦးရယ်။ နေကြာက လမ်းဆိုတဲ့ ကောင်လေးနဲ့ ငယ်ရည်းစားတွေတဲ့လေ"

"ဟေ ... မင်းကို ဘယ်သူပြောလဲကွ"

"နေကြာကိုယ်တိုင် ပြောတာပါ။ ဒီကိုပြန်လာထုန်းကလည်း အတူတူပဲ ပြန်လာကြတာလေ။ အဲဒါကြောင့် ကျွန်တော် နေကြာ့ကို စိတ်မချဘူး။ အမြန်ဆုံးစီစဉ်ပေးပါဦးရယ် ... နော်"

သီဟ နားမှုနားဆာလုပ်လေတော့ ဦးမောင်ကို သက်ပြင်းချကာ ...

"အေးပါကွာ ... ဦး မင်းအဖေနဲ့ တိုင်ပင်ပြီး စီစဉ်ပေးပါ့မယ်၊ ဟုတ်ပြီလား"

"ဟုတ်ကဲ့ ... ကျေးဇူးကြီးလှပါပေ့ ဦးရယ်"

ဇော်ဇော် နှုတ်ခမ်းကို မဲ့ပစ်လိုက်မိ၏။ သူ့မျက်နှာ ရည်းစားရှိမှန်းသိသိနဲ့ ဖြတ်ခုတ်ဖို့ ကြိုးစားတာ ယောကျာ်းကောင်းတဲ့လား။ ဇော်ဇော်ကတော့ ဒီလူကို အထင်လည်းမကြီး လေးလည်း မလေးစားပေ။

"အဖေ့"

"ဟော"





"ကြည့်လည်း လုပ်ဦးနော်"

"ဘာကွ"

ဦးမောင်ကို မျက်မှောင်ကြီးကြုတ်သွားပြီး ...

"ငါက ဘာကိုကြည့်လုပ်ရမှာလဲကွ"

"ညီမလေးရဲ့အိမ်ထောင်ရေးကိစ္စကို ပြောတာပါ။ အိမ်ထောင်ရေးဆိုတာ အဖေ တစ်ခါတလေ နွားချင်း လဲသလို ရှုံးတယ်ဆိုပြီး အလိုက်ပေးပြန်လဲယူလို့ မရဘူးနော် အဖေ"

"ဟာ ... ဒီကောင် ဘာတွေပြောနေတာလဲ။ မင်းကွာ"

"ဇော်ဇော်"

"ဗျာ"

ကျော်ကျော်ခေါ်လိုက်မိတော့ ဇော်ဇော် မျက်လုံးထောင့်ကပ်ကြည့်ပြီး ထူးလေသည်။

"မင်း ထန်းရည်မသောက်ဘူးလား"

"သောက်ချင်စိတ်ကို မရှိတော့တာ"

"မသောက်ချင်ရင် သွားတော့"

"သွားမယ်"

ကြားရတာတွေက နားမချမ်းသာစရာမို့ ကြားလည်းမကြားချင်တော့ပေ။ ညီမလေးအစား ရင်လေးလိုက်တာ။ ပစ္စည်းဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



လူနဲ့ကံပေါ်မှာမူတည်ပြီး ဖြစ်လာတာလေ။ ရိုးသားခြင်းဆိုတာက ကိုယ်တိုင်ကျင့်ကြံအားထုတ်မှရတာမို့ ဟင်း ပြောကိုမပြောချင်တော့ပါဘူး။ ကိုယ်ပြောလည်း ကိုယ့်စကားက အရာထင်မှာ မဟုတ်လေတော့။

"အဖေ"

"ဟာ ... ဒီကောင် မင်း မသွားသေးဘူးလား"

"ပြောစရာ ကျန်သေးလို့"

"ဘာလဲပြော"

"ပစ္စည်းဆိုတာ သခါရတဲ့။ လူတစ်ယောက်ရဲ့ ရိုးသားမှုက ဘာနဲ့မှ လဲလို့မရဘူးနော်"

"ဟာ ... ဒီကောင် ငါပစ်ထည့်လိုက်ရ"

ဦးမောင်ကို ထန်းရည်ပုလင်းနဲ့ ကောက်ပစ်မယ်လုပ်တော့ ဇော်ဇော် ကောက်ကောက်ပါအောင် ထွက်သွားလေတော့သည်။ ကိုယ့်စကားက သဲထဲရေသွန်မို့ ပြောတော့ပါဘူး။

() () ()



## အခန်း (၂၉)

ဇော်ဇော် ကြားရပြီဆိုတော့ မနေနိုင်။ ညီမလေးကို ရှာနေမိသည်လေ။ မီးဆိုတာ မလောင်ခင်တားမှဆိုတဲ့အတိုင်း ထိုလူနဲ့ကိစ္စ ကိုယ်က မဖြစ်စေချင်တာမို့ ညီမလေးကို ပြောပြထားမှပါ။ ဒါမှ လမ်းနဲ့တိုင်ပင်ပြီး ရှေ့ဆက် ဘာလုပ်သင့်တယ်ဆိုတာကို စဉ်းစားလို့ ရမှာလေ။ ဒီကိစ္စတွေနဲ့ပတ်သက်ပြီး ဇော်ဇော် ဖြူသည် မည်းသည် ဘယ်တုန်းကမှ ဝင်မပြောခဲ့ပေ။

အခု ပြောမှဖြစ်တော့မှာမို့ ပြောရတော့မယ်လေ။ ကိုယ့်အိမ် မီးလောင်သွားတော့ သခါရသဘောတရားကို ပိုပြီးတော့တောင် တရား ကျမိုကောင်းသေးတာ။ ခုတော့ ဒီလိုမဟုတ်ပါဘဲ သူများချမ်းသာတာ



www.burmeseclassic.com

www.burmeseclassic.com



များ ကိုယ့်သမီးကို ပေးလိုက်ရုံနဲ့ ကိုယ်ပါ ချမ်းသာမယ်လို့များ ထင်နေသလား မသိပေ။

"အမေ"

"........."

"အမေ"

"ဟေ"

ဒေါ်မြလေးက ဆတ်သားခြောက်ဖုတ်နေရင်းက လှည့်ကြည့်ပြီး ထူးလေသည်။

"ဘာလဲ ဇော်ဇော်"

"ညီမလေးရော အမေ"

"ချောင်းထဲကို အဝတ်လျှော်သွားတယ်လေ။ ဘာဖြစ်လို့လဲ"

"ကျွန်တော် ညီမလေးကို ပြောစရာရှိလို့ အမေရဲ့။ ညီမလေးကို မတွေ့ခင် အမေ့ကို အရင်ပြောရဦးမယ်"

"ဟဲ့ ... ဘာများလဲ ပြောပါဦး"

အောက်မှာ ဒူးကျဘောင်းဘီနဲ့မို့ စလွယ်သိုင်းထားတဲ့ပုဆိုးကို ဇော်ဇော်ချွတ်ပြီး တဲပေါ်သို့ ပစ်တင်ကာ လူလည်း တက်လိုက်လေတော့ ဒေါ်မြလေးက ဖုတ်ထားတဲ့ဆတ်သားခြောက်ကို မီးဖိုထဲကနေ ဆယ်ထားခဲ့ပြီး ဇော်ဇော်အနားသို့ လာထိုင်လေလျှင် ...





"အဖေနဲ့ကိုကြီးကို ကျွန်တော်တော့ ပြောကိုမပြောချင်တော့ဘူး"

"ဟင် ... သူတို့ ဘာဖြစ်ကြလို့လဲ၊ ငါ ရင်တွေတုန်လိုက်တာ ဇော်ဇော်ရယ်၊ ပြောစရာရှိရင် မြန်မြန်ပြောစမ်းပါဟဲ့"

"ဘာဖြစ်ရမှာလဲ အမေရဲ့၊ ညီမလေးနဲ့ကိုသီဟကို ပေးစားဖို့ကိစ္စ ထန်းရည်ဆိုင်မှာ ပြောနေကြတာလေ။ တကယ်တမ်း လူကြီးသူကောင်းပီသရင် သားရေးသမီးရေးကိစ္စ ထန်းရည်ဆိုင်မှာ ပြောစရာလား။ ကျွန်တော်ကတော့ ညီမလေးကို စိတ်ချမ်းသာစေချင်တယ် အမေ။ အခု ကျွန်တော်က ဘာမှ ဝင်ပြောခွင့်ရှိတာ မဟုတ်လို့ အမေ့ကို ပြောပြတာ"

"ဟင်း"

ဒေါ်မြလေး သက်ပြင်းသာ ချလိုက်မိတော့၏။ တကယ်တော့ သူမ ကြိုသိထားခဲ့ပါသည်လေ။ တစ်နေ့ ဒီလိုဖြစ်လာမယ်ဆိုတာကို လေ။ ကိုယ်တွေ သူတို့အိမ်မှာ သမီးကိုထားခဲ့တာ နေစရာ နေရာလေး တစ်ခု ရရုံအတွက်နဲ့ ကျန်တာအတွက် ငွေအလုံအလောက် ပို့ပေးနေတာပဲလေ။ ပြောရရင်တော့ စရိတ်သက်သာသည်ပေါ့။ အဲဒီကျေးဇူးတွေအတွက် ကိုယ့်ဘက်ကလည်း တင်လိုက်ရတဲ့ လက်ဆောင်တွေ။

ကျေးဇူးမတင်လို့ပြောတာမဟုတ်ပါဘူး။ ကျေးဇူးတင်ပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



ကျေးဇူးတရားနဲ့ သမီးရဲ့စိတ်ချမ်းသာမှုကို မလဲနိုင်တာလေ။ သမီးလေး စိတ်ဆင်းရဲမှာကို သူမ အကြောက်ဆုံးပါပဲ။

"အမေ"

"ဟင်"

"အဲဒီကိစ္စ အမေ့ကို ပြောလာရင် အမေ ဘယ်လိုလုပ်မှာလဲ ကျွန်တော်ကတော့ ကိုသီဟနဲ့ ညီမလေးကို မဖြစ်စေချင်ဘူး အမေ"

"အမေလည်း သားလိုပါပဲ သားရယ်။ ဒီလိုဖြစ်လာကြ ဆိုတော့ အမေတို့ ဘာလုပ်ကြမလဲဟင် သား"

"ဘာလုပ်ရမှာလဲ။ မီးစင်ပဲ ကြည့်ကကြပေါ့ အမေ။ ညီမ လေးကို ဒီကိစ္စ ကြိုပြောထားရမယ်။ ဒါမှ သူလည်း လမ်းနဲ့တိုင်ပင်လို့ ရမှာပေါ့"

"အေး အေး . . . ဒါဆိုလည်း သားညီမဆီ လိုက်သွားလိုက် ဦး"

"ဟုတ်ကဲ့"

ပြောပြီး ဇော်ဇော်ထလာခဲ့တော့၏။ ဒီအချိန်မှာ မောင်နှမ မပြောချင်လို့ မရတော့ဘူးလေ။ ရှေ့မျက်နှာနောက်ထားပြီး ပြောရတော့ မှာပဲပေါ့။ အရေးကြီးတဲ့အချိန်မှာမှ မတိုင်ပင်ကြရင် အိမ်ထောင်ရေး ဆိုတာ ငြမ်းလို ဆောက်ပြီးပြန်ဖျက်လို့မှ မရဘဲလေ။





ဇော်ဇော် ချောင်းထဲကို ဆင်းလာခဲ့တော့ အဝတ်လျှော်တာ မှာ အာရုံရောက်နေတဲ့ နေကြာ၊ အစ်ကိုဖြစ်တဲ့သူ ဆင်းလာတာကို သတိမထားမိပေ။ ဇော်ဇော်ကလည်း အနားကိုရောက်မှ . . .

"ညီမလေး"

"အမေ့"

"နင်ကလည်း ငါ့မျာ လန့်ရတယ်လို့"

"လန့်မှာပေါ့ . . . ကိုလေးက အသံမပေးဘဲ လာတာကိုး။ ဘာလဲ . . . ကိုလေး ရေချိုးမလို့လား"

"ဘယ်ကလာ ရေချိုးရမှာလဲ။ နင့်ကို ပြောစရာရှိလို့ လိုက် လာတာ"

"ဟုတ်လား"

ဟုတ်လားဆိုပြီး နေကြာက အဝတ်လျှော်ခြင်းအလုပ်ကို ခဏရပ်၍ လက်ဆေးလိုက်၏။ ဇော်ဇော်ကလည်း ကျောက်တုံးပေါ်က နေ ရေထဲသို့ ခြေတွဲလောင်းချထိုင်လိုက်ပြီး . . .

"ညီမလေး"

"ရှင်"

"အင်း . . . ခါပြီး ဘယ်ကနေ စပြောရမှန်းတောင် မသိဘူး။ ငါ တိုတိုပဲပြောတော့မယ်ဟာ"



www.burmeseclassic.com

www.burmeseclassic.com



"အင်း . . . ဘာပြောမှာလဲ ပြောလေ"

ပြောဆိုတော့ ဖော်ဖော် ခေါင်းကုတ်မိသည်။ ပြောရမှာ မျက်နှာပူပေမယ့် မပြောမဖြစ်ဆိုတော့ . . .

"အခု အဖေက ကိုသီဟနဲ့နင့်ကို ပေးစားဖို့ပြောနေတယ် ညီမလေး။ အဲဒါ နင်က လမ်းနဲ့ကြိုက်နေတာဆိုတော့ နင်သိအောင် ငါပြောပြတာ"

"ဟင်"

နေကြာ ကိုလေးကို မျက်လုံးဝိုင်းလေးနဲ့ကြည့်လိုက်မိ၏။ ကိုလေးပြောနေသ်က ကိုကြီးလို ဒေါသမပါ လေသံအေးနဲ့ဖြစ်ပြီး လမ်းအကြောင်းပါ ပါလာတော့ ဘယ်လိုနားလည်လိုက်ရမှန်း မသိပေ။ ဒါ သိအောင်အသိပေးရုံ သက်သက်ပဲလား။

"ညီမလေး"

"ရှင်"

"နင် သိလား . . . ကိုလေးကတော့ ညီမလေးစိတ်ချမ်းသာတာကိုပဲ မြင်ချင်တယ်။ အဲဒါကြောင့် ညီမလေးကို ကြိုတင်ပြင်ဆင်လို့ရအောင် လာပြောပြတာပါ။ လမ်းက ဆင်းရဲတာကလွဲပြီး ရိုးသားတယ်လေ။ အဲဒါကြောင့် ညီမလေး စောစောသိထားတော့ လမ်းနဲ့ တိုင်ပင်လို့ရတာပေ့ါ"





"ဒါဆို ကိုလေးက ညီမလေးကို လမ်းနဲ့"

"သဘောတူပါတယ် ညီမလေးရယ်"

"ဟာ . . . ကိုလေး၊ ကိုလေးက တကယ်ပြောတာနော်"

"အင်း"

"ဝမ်းသာလိုက်တာ ကိုလေးရယ်"

နေကြာ တကယ့်ကို ဘယ်လိုဝမ်းသာသွားမှန်းမသိပေ။ ကိုလေးက သူမဘက်တော်သားမို့လေ။ ဝမ်းနည်းခြင်းက တစ်ဖက် သလို တစ်ဖက်မှာလည်း စိတ်တော့ ကသိကအောက်ဖြစ်သွားရ၏။ ဖေက နေကြာကို ကိုသီဟနဲ့ပေးစားချင်တယ်တဲ့လား။ လုံးဝပဲ ိုသီဟကို နေကြာ မယူနိုင်တာ အတိအကျပါပဲ။ ဒီရင်ထဲက လုံးသားက လမ်းမှာ အခြားတစ်ပါးသူကိုမှ လက်မခံနိုင်ပဲလေ။

"ကိုသီဟက နင့်ကို စိတ်မချလို့ဆိုပြီး နားပူနားဆာလုပ်နေ တာ ညီမလေးရေ၊ အဖေကလည်း သဘောတူနေတာကို ဟိုဘက်က ဖြစ်ချင်တာ အကုန်ပြောဖြစ်ရစေမယ်ဆိုတော့ ပိုဆိုးတာပေ့ါ။ အဲဒါ ကြောင့် သူတို့ ဒီကိစ္စကို အမြန်ဆုံးစီစဉ်ကြလိမ့်မယ်"

နေကြာ ငိုင်တွေသွားလေ၏။ ငါ ဘယ်လိုလုပ်ရမလဲ လမ်း ယ်။

"ကိုလေး"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"ညီမလေး ဘာလုပ်ရမလဲဟင်"

"ဟ . . . ဒီအချိန်မှာ ကိုလေးကို မေးနေစရာလိုသေးလား ညီမလေးရဲ့။ နင် လမ်းနဲ့တွေ့ပြီး တိုင်ပင်ရမယ်လေ။ သူ့ဘက်က အဆင်ပြေတယ်ဆိုရင် နိုးပြေးကြပေါ့ဟ"

သဘောကောင်းလိုက်တဲ့ အစ်ကို။ ကိုကြီးနဲ့များ ကွာပါ့ ကိုကြီးကတော့ လမ်းဆိုရင် အကောင်းမပြော၊ လမ်းနဲ့ပတ်သက်လာ ရင် တုတ်ဆွဲ ဓားဆွဲပဲလေ။ ကိုလေးကိုကြည့်ပြီး နေကြာ ရယ်ချင် စိတ်ပေါက်သွားကာ . . .

"အဟိ"

"ဟင်"

ဖော်ဖော် ညီမဖြစ်သူကို လှည့်ကြည့်ပြီး . . .

"ဘာဟိလဲ . . . ရယ်တာလား"

"အင်း . . . ကိုလေးသဘောကောင်းလွန်းတာကို သဘော လို့ပါ။ အဟွန်း . . . နှမပေးရမယ့်သူကလေ"

"အံမယ် . . . ငါက သနားလို့သဘောကောင်းပေးတာ လျှောင်နေသေးတယ်၊ ငါ ထုထည့်လိုက်ရ"

"ဆယ်ခါထုလည်း ခံမယ်။ အခုလို သဘောကောင်းပေး





အတွက် ကျေးဇူးတင်တယ်နော်"

နေကြာ ဖက်ကလေးပုပြီးပြောလေတော့ ဖော်ဖော်က ခပ် တည်တည်။ သနားတာက သနားတာပဲ သူ့နဲ့ရောပြီး တစ်ဟဲဟဲလုပ်လို့ မဖြစ်ဘူးလေ။ ကိုယ်က အစ်ကိုပဲဥစ္စာ။ နှမလင်နေ မောင်ဖင်ကျိုး ဆိုတဲ့အတိုင်း ကျိုးနေတော့ ကျိုးနေရတာပါပဲ။ ဘယ်နေရာ ကျိုးမှန်း မသိတာ ဖြစ်နေတာလေ။

အင်း . . . ညီမလေးကိုပြောတော့ပြောပြီးပြီ ရှေ့ဆက် ဘာတွေဖြစ်ဦးမလဲတော့ မပြောတတ်ပါဘူး။ ဖြစ်သမျှအကြောင်း အကောင်းချည်းပဲပေါ့လေ။

"ကဲ . . . ညီမလေး"

"ဟင်"

"ကိုလေး သွားလိုက်ဦးမယ်"

"နေပါဦး ကိုလေးရဲ့"

"ဘာပြောဦးမလို့လဲ"

ဘာပြောဦးမလဲဆိုတော့ နေကြာ ကိုလေးကိုစချင်သွားတာ နှင့် . . .

"လမ်းနဲ့တိုင်ပင်ပြီး လိုက်ရမယ်ဆိုရင် ကိုလေးလိုက်ပို့ပေး ရမှာနော်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ"

"ဟီး ဟီး"

"ဘာ ... ဟီးဟီးလဲ။ နှင်နေ့ ကြပ်ကြပ်သတိထား"

ဖော်ဖော်မျက်စောင်းကြီးထိုးပြီး ထွက်လာခဲ့တော့၏။ တကယ့်တကယ်ဆို စကားအဖြစ်သာ သတိထားပြောလိုက်တာ။ အရေးကြီးလို့လိုအပ်လာရင် ကိုယ်ကူညီသင့် ကူညီရမှာပဲပေါ့။

○ ○ ○



## အခန်း (၃၀)

နေကြာ တစ်ညလုံး အိပ်လို့မပျော်ပေ။ ကိုလေးရှေ့မှာတုန်း အသာ ကိုလေး ငါ့ဘက်မှာရှိနေတာပဲဆိုပြီး ပျော်သလိုလိုနဲ့ စခဲ့နောက်ခဲ့မိတာလေ။ တကယ်တမ်းကျတော့ အဖေကာ မိဘမို့ ကိုကြီးနဲ့ပေါင်းပြီး နေကြာ့ကို 'အကျုပ်ကိုင်ရင် ဒုက္ခလို့ ဟိုတွေး ဒီတွေးနှင့်အိပ်လို့မပျော်ပေ။ မိုးလင်းပိုင်းမှ အိပ်ပျော်သွားတော့ မနက်အိပ်ရာထနောက်ကျလေပြီပေါ့။ မျက်နှာသစ်၊ သနပ်ခါးလိမ်းပြီး ထမင်းကြမ်းစားနေလေလျှင် ...

"သမီး နေကြာ"

"ရှင်"



www.burmeseclassic.com

www.burmeseclassic.com



''ဒီခဏလာဦး''

''ထမင်းစားနေတယ် အဖေ''

''ထမင်းပန်းကန် ယူလာခဲ့၊ ဒီမှာလာစား''

အကြောင်းထပ်ပြစရာလည်းမရှိ၊ ငြင်းလည်းမငြင်းရဲတာ ကြောင့် နေကြာ ထမင်းပန်းကန်လေးယူလာကာ အဖေ့ရှေ့မှာ ထိုင်စား လေတော့ ...

''သမီး''

''ရှင် အဖေ''

''သမီးကို အဖေ ပြောစရာရှိတယ်''

အငင်း စလာပြီဆိုတဲ့အတွေးနှင့် မျှိုချလိုက်တဲ့ထမင်းလုတ်က ချက်ချင်းမကျဘဲ လည်ချောင်းထဲမှာ နင်နေလို့ ရင်ဘတ်ထုချလိုက် ရတဲ့ အဖြစ်ပါ။

''အဖေပြောတာ ကြားလား''

''ဟုတ် ... ကြားပါတယ် အဖေ၊ ပြောပါ''

''အေး ... ပြောစရာရှိရင် အဖေက မဟုတ်တွင်းဘွင်း ဟုတ် ဘွင်းဘွင်းပဲ။ အဲဒီတော့ သွယ်ဝိုက်လည်း မနေချင်ဘူး''

စကားအစချီပုံကြားရတာနှင့် ဘာပြောတော့မယ်ဆိုတာကို နေကြာသိပါသည်။ ကိုလေးကပြောထားပြီးသားပဲလေ။ ဒါကြောင့် စားနေတဲ့ထမင်းတောင် ဆက်စားချင်စိတ် မရှိတော့ပါဘူး။ ဒါပေမဲ့ ဆာသွားရင်လည်း တစ်မျိုးထင်မှာစိုးလို့ ဆက်စားနေရသည့်တိုင် ခံတွင်း ကတော့ မတွေ့တော့ပေ။





''အဖေ သမီးကို မောင်သီဟနဲ့ လက်ထပ်ပေးတော့မယ်။ ယောက်ျားလေးရှင်က ဘာမှ လိုလေသေးမရှိ လုပ်ပေးမယ်ဆိုတော့ ဘာလိုသေးလို့လဲ သမီးရယ်။ ကိုကျော်သိန်း ကမ်းလှမ်းတာကို အဖေ သက်ခံပြီးပြီ''

''အဖေ''

''ဟင်''

''သမီးက သက်ရှိလူသားနော် အဖေ''

''အေးလေ ... အဲဒါဘာဖြစ်လဲ''

''အဖေ သမီးသဘောထားကို အရင်မေးသင့်တာပေ့ါ''

''ဘာ''

ဦးမောင်ကို မျက်နှာတင်းခနဲဖြစ်သွားလေ၏။ ဘာကိစ္စ သူ့ သဘောကို မေးရမှာလဲ။ သူက ကိုယ်မွေးလို့ လူဖြစ်လာတာပဲလေ။ ကိုယ်က ဒါဆိုဒါပဲပေါ့။ ဒီအထိ ပညာတွေသင်ပေးပြီး ကျွေးမွေး သုတ်သင်လာတာ မိဘကို ကန်နကောစလုပ်ဖို့ မဟုတ်ဘဲလေ။ သားသမီးက မိဘကိုဆန့်ကျင်ချင်လို့ရမတဲ့လား။



www.burmeseclassic.com

www.burmeseclassic.com



"ငါက နင့်သဘောကို မေးရမယ်၊ ဟုတ်လား နေကြာ"

"ဟုတ်တယ်လေ၊ သမီးက အရုပ်ကလေးမှ မဟုတ်တာ အဖေရဲ့"

"တော်စမ်း နေကြာ၊ နင် ငါ့ကို ဘာမှစောဒကမတက်နဲ့ နင့်သဘောကိုမေးနေရင် လက်မခံဘူးလို့ပဲ နင် ငြင်းနေမှာလေ၊ နင်က လမ်းဆိုတဲ့ကောင်ကို ထန်းလက်ရုပ် နတ်ရုပ်ထင်နေတာကိုး"

"အဖေ"

"နင်"

ဦးမောင်ကို သမီးမျက်နှာကို လက်ညှိုးထိုးပြီး ...

"နင် သီဟကိုပဲ ယူရမယ်၊ အဲဒီကိစ္စ ငါ အမြန်ဆုံးဖြစ်အောင် စီစဉ်မှာ၊ ဒါကို လက်မခံနိုင်ပါဘူးဆိုပြီး လမ်းဆိုတဲ့ကောင် နောက်ကို လိုက်သွားလို့ကတော့ ရှင်ခွဲ မခွဲဘူး၊ သေခွဲ ခွဲပစ်မယ် နားလည်လား"

မျက်ရည်က ထမင်းပန်းကန်ထဲကို ပေါက်ခနဲ ကျသွားလေ၏။ လမ်းရယ် ငါ့အဖြစ်က ထမင်းကိုတောင် မျက်ရည်နဲ့လူးစားနေရပြီဟာ။ တကယ်ပဲ လမ်းနဲ့လိုက်သွားရင် အဖေက လမ်းကို တစ်ခုခု လုပ်မှာလား။ လမ်းကိုတော့ သူမ ဘာမှအဖြစ်မခံနိုင်ပေ။ သတ်ချင် သတ် နေကြာ့ကိုပဲ သတ်ကြပါ။





"သန်ဘက်ခါ နင် ရန်ကုန်ကို ပြန်ရမယ် နေကြာ"

"ပြန်တာတော့ ပြန်ရမှာပါပဲ"

"ဒီတစ်ခါ ပြန်တာချင်းမတူဘူး နေကြာ၊ ဒီတစ်ခါပြန်ရင် တို့ပါလိုက်မှာ၊ ဟိုရောက်မှပဲ မင်္ဂလာကိစ္စ စီစဉ်ကြတာပေါ့၊ ဒါပဲနော် ... ငါပြောတာကိုမှ လက်မခံရင် နင့်အကောင် လွယ်မယ်မထင်နဲ့"

ပြောပြီး ထသွားတဲ့ အဖေ့ကျောပြင်ကိုကြည့်ပြီး မျက်ရည်က ပေါက်ခနဲ ထပ်ကျပြန်၏။ နေကြာ့မှာ ထွက်ပေါက်မရှိတော့ဘူးလား။ လမ်းနဲ့ ဘယ်လိုဆက်သွယ်ရပါ့မလဲ၊ လမ်းက ကလေးကိစ္စနဲ့ဆိုတော့ အရင်လို လာချင်တိုင်း လာ၊ သွားချင်တိုင်းသွားလို့ မရဘူးလေ။ သူလည်း ရန်ကုန်ကို ပြန်တော့မှာတဲ့။

ရန်ကုန်ရောက်မှ ဆက်သွယ်မယ်ဆိုတော့လည်း မဖြစ်ပါဘူး။ အဖေတို့လိုက်မှာတဲ့။ ဟိုရောက်လို့ရှိရင် ကိုသီဟနဲ့ကိစ္စ တန်းပြီး စီစဉ်ကြတော့မှာလေ။ မဖြစ်သေးပါဘူး၊ ဒီကိစ္စကို ဒီမှာကတည်းက ပြီးပြတ်အောင် ရှင်းမှဖြစ်မှာပါ။

လမ်း ... ငါပဲ နင့်ဆီကို လာခဲ့ပါ့မယ် လမ်းရယ်။ နင် အကောင်းဆုံး ဆုံးဖြတ်နိုင်ပါစေလို့ ငါဆုတောင်းနေပါတယ်။

"သမီး"

"........."



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ . . . သမီးနေကြာ"

"ရှင် အမေ"

ချောင်းထဲမှ ရေခပ်ပြီးပြန်တက်လာတဲ့ ဒေါ်မြလေး ခင်ပွန်းသည်ထွက်သွားတာကိုမြင်လိုက်ပြီး သမီးမှာလည်း မျက်ရည်စက်လက်နှင့် ဆိုတော့ အခြေအနေကို အကဲခတ်မိလိုက်သည်။ ဒါကြောင့်. . .

"ညည်းအဖေ ဟိုကိစ္စ ပြောသွားတာလား"

နေကြာ ခေါင်းပဲညိတ်ပြလိုက်မိ၏။ ရင်ထဲမှာက အောင့်သက်သက်နှင့်ပါ။ လွမ်းရတာလည်း နီးလည်းလွမ်း၊ ဝေးလည်းလွမ်းပါလားနော်။ အခက်အခဲတွေကရှိလာပြီပဲလေ။

"အခု သမီး ဘယ်လိုဆုံးဖြတ်ထားလဲ"

"သမီး ဘာလုပ်ရမှန်းကို မသိတော့ပါဘူး အမေရယ်"

"ညည်းနေရုံနဲ့ မပြီးသေးဘူး သမီး။ သမီး လမ်းကို တကယ်ချစ်တယ်ဆိုရင် လမ်းနဲ့တွေ့ပြီး တိုင်ပင်ကြပေါ့ကွယ်။ အမေက တော့ သမီးစိတ်ချမ်းသာတာကိုပဲ မြင်ချင်တယ်"

"ဟုတ်ကဲ့ပါ အမေ၊ သမီး လမ်းနဲ့တွေ့ဖို့ ကြိုးစားကြည့်ပါဦးမယ်"

"သမီးကိုလေးကရော ဘာပြောလဲ"

"အမေ့လိုပဲပေါ့၊ သမီးစိတ်ချမ်းသာတာကိုပဲ မြင်ချင်တယ်တဲ့"





"အင်း . . . သူက နားလည်ပေးလို့ တော်သေးတာပေါ့။ မဟုတ်ရင် အမေ့သမီး ထွက်ပေါက်မရှိ ဖြစ်နေမှာ။ အမေတစ်ယောက်တည်း ကာကွယ်ပေးရုံနဲ့တော့ လုံခြုံချင်မှ လုံခြုံမှာပေါ့။ သားငယ်ပါ ကာကွယ်ပေးမယ်ဆိုရင် တော်သေးတာပေါ့ကွယ်"

"အမေ"

"ဟင်"

"ဒါဆို ညနေကျ သမီး လမ်းဆီသွားလိုက်မယ်နော်"

"အေး . . . အေး . . . တကယ်ချစ်ကြတယ်ဆိုရင် သူလာမှ ကိုယ်သွားမှတွေ တွက်ကပ်မနေနဲ့ပေါ့ကွယ်"

ဒါပေါ့လေ . . . တကယ်ချစ်မိကြပြီဆိုမှတော့ စွန့်စားရတော့မှာပဲပေါ့။

() () ()



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၁)

"ဟာ ... နင် ဘာလို့ လိုက်လာရတာလဲ သာသာရယ်။ ငါ ပြန်လာမှာပေါ့။ ဒီမှာ ရောက်တုန်းရောက်ခိုက် အဖေနဲ့အမေက နေပါဦးဆိုလို့သာ ငါ မပြန်ဖြစ်သေးတာ။ ပြန်လာမှာပဲဥစ္စာကို"

"အံမယ် ... နင်က ငါ့ကိုအပြစ်တင်တာပေါ့လေ ဟုတ်လား။ နင် အိမ်မှာမရှိတော့ ငါ ဘယ်လောက်လွမ်းနေရလဲ နင်သိလား။ အဲဒါကြောင့် လိုက်လာရတာပေါ့"

"ကျွတ်"

ကျွတ်ဆိုပြီး လမ်း ခေါင်းကုတ်လေတော့ သာသာရင်ထဲမှာ မခံချိမခံသာပါ။ ကိုယ်က အဝေးကြီးကနေ လိုက်လာရတာကို သူက





မကျေနပ်သည့်ပုံစံမျိုးနှင့် စိတ်ပျက်ဟန် ဖြစ်နေတော့ ဝမ်းနည်းတာပေါ့လေ။ တကယ်ဆို ခုလို သူမလိုက်လာတဲ့အတွက် ဝမ်းသာရမှာ မဟုတ်လား။ သာသာ သိပါတယ်လေ။

အစကတည်းက ကိုယ်ကသာ လမ်းအပေါ် အရာရာဦးစားပေးခြင်းနဲ့ တိတ်တဆိတ် ချစ်နေရတာ။ လမ်းကတော့ ရှောင်ဖယ်ဖယ်နှင့်ပါ။

"ဘာလဲ ... နင်က ငါလိုက်လာလို့ စိတ်ညစ်သွားတာလား လမ်း။ နေပူထဲကလာတဲ့လူကို ရင်ဝ စုန်ကန်လွှတ်တာမျိုးတော့ မလုပ်ပါနဲ့ လမ်းရယ်"

"မဟုတ်ဘူး ... ငါပြောတာက"

"တော်တော့ လမ်း နင်မကြည်ဖြူဘူးဆိုရင် ငါ အခုချက်ချင်း ပြန်ရမလား ပြော"

"ဟာ ... နင် အဲလို ကတ်ဖဲ့မလုပ်နဲ့လေဟာ"

"ဒါဆို ... ငါက ဘာလုပ်ရမှာလဲ"

"ဘာမှမလုပ်နဲ့ ထိုင်နေ"

"အဲဒါတော့ နင်ပြောမှလားဟဲ့"

"သား"

"ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



သားဖြစ်သူနဲ့ သာသာ စကားပြောနေကြတာကို ထမင်းချက် ရင်း ငြိမ်နားထောင်နေတဲ့ ဒေါ်ခင်စော ငြိမ်မနေနိုင်တော့ပေ။ ကလေး မလေးက အဝေးကြီးကနေ လာခဲ့ရတာလေ။ ဒါကြောင့် ညှော်သည် လာတာနှင့် သူမ ထမင်းထပ်ချက်နေတာပါ။ သူတက်ကလိုက်လာပြီး ဆိုမှတော့ ပြန်လွှတ်လို့ ရမတဲ့လား။

ပြီးတော့ ကလေးမလေးက ကိုယ်တွေရဲ့ကျေးဇူးရှင်ပဲလေ သားကို အဆင်ပြေပြေနှင့်ပဲ ဆက်ဆံပေးစေချင်သည်။ ကိုယ်မချ နိုင်ရင်နေ ဥပေက္ခာတွေ အရိပ်အယောင်ပြတာတော့ ဘယ်ကောင်း မလဲ။ ဒါက စာနာစိတ်ကလေးနှင့် စဉ်းစားကြည့်ပေးတာပါ။

"သူ့ခမျာ ခရီးပန်းလာတာကိုသားရယ်၊ ပြေပြေလည်လည် ပြောမှပေါ့။ ဩော် . . . ဟဲ့ သားသား အဝတ်တွေကိုမမွှေရဘူးလေ သားလေးရဲ့ မလုပ်နဲ့ မလုပ်နဲ့"

ဒေါ်မြလေး ဒီဘက်ကိုပြောနေရင်း ဟိုဘက်ကို ရောက်သွား ကာ ဆက်ပြောမိလေ၏။ သားသားလေးက သံသေတ္တာကိုဖွင့်ပြီး ခေါက်ထားတဲ့ အဝတ်တွေကို ဆွဲမွှနေလို့လေ။

"သားသား မလုပ်ရဘူးလို့ အမေပြောနေတယ်နော်"

"ဟော့ကောင် သားသား"

"လုပ်ပါဦး သားရယ်၊ သွားခေါ်ထားပါဦး။ တော်ကြာ အဲ





အထဲမှာထားတဲ့ အိမ်ထောင်စုစာရင်းတွေတွေ့လို့ ဆွဲဖြဲနေပါ့မယ်"

"ဟုတ် အမေ၊ သားသား . . . ဟော့ကောင်"

လမ်း တဲအတွင်းထဲသို့ဝင်ပြီး သားသားကို ပွေ့ချီခေါ်ထုတ် လာတော့ . . .

"တော်တော်လွန်တဲ့ကောင်ပဲ၊ မျောက်မျှား ဝင်စားသလား မသိဘူး တကယ်ပဲ"

ဒေါ်ခင်စော ထမင်းအိုးမွှေရင်း ပြုံးစစနှင့် လမ်းကိုလှည့်ကြည့် ကာ . . .

"အံမယ် . . . ကလေးကို မပြောပါနဲ့နော်။ သားငယ်ငယ်က အဲဒါထက်တောင် ပိုဆိုးသေးတယ်။ ထမင်းစားပြီဆို လက်ဆေးရေ တွေ ခပ်ပြီး ထမင်းပန်းကန်တွေထဲ လိုက်ထည့်လို့ ယက်ဆေးခွက်ကို အနားမထားရဲဘူး။ အဲဒါကို မာန်လိုက်ပြီဆိုရင် အော်ငိုတော့တာပဲ"

"ဟုတ်လား"

"ဟုတ်ပ"

အမေပြောတော့ လမ်း ရယ်လိုက်မိ၏။ ကလေးဘဝဆိုတာ ကိုလည်း မှတ်မိတာလေးတွေတော့ ပြန်သတိရမိသည်။ ကျောင်းတက် တဲ့အရွယ်က သူများတွေ ဗိုင်းစတာခံခဲ့ရတာတွေ။

"လေးလေး"



www.burmeseclassic.com

www.burmeseclassic.com



“ဟေကွာ”

“သားသား ဗိုက်ချာတယ်”

“ဗိုက်ဆာတယ် . . . ဟုတ်လား”

“ဟုတ်”

“အမေ မုန့်ရှိသေးလား”

“ရှိသေးတယ် သား။ ငါးမုန့်လေ အဲဒီမှာချိတ်ထားတယ်”

လမ်း ချက်ချင်းပဲ ထသွားယူပြီး ငါးမုန့်ထုပ်ကိုပေးလိုက်လေလျှင် သားသားက မုန့်ထုပ်ကိုဖောက်ပြီးစားကာ လမ်းပါးစပ်ထဲကိုလည်း ခွံ့ကျွေးလေတော့ . . .

“စား စား . . . မင်းပဲစားပါ”

ကလေးကိုကြည့်ပြီး သာသာ မျက်စောင်းထိုးပစ်လိုက်သည့်ဒင်းလေးကြောင့် လမ်း တောကိုပြန်လာတာပေါ့။

“လမ်း”

“ဟင်”

“နင် အခု ဘယ်လိုလုပ်မှာလဲ”

“ဘာကိုလဲ”

“ဒီကလေးကိုစွလေ”

“အမေနဲ့အမေက မွေးမယ်တဲ့။ အဲဒါကြောင့် ငါပြန်လာမယ်





ပြောတာပေါ့”

“နင်ပဲဟယ် . . . ဘယ်ကမှန်းမသိ ဘယ်မျိုးရိုးဇာတိက ဆင်းသက်လာမှန်းမသိတဲ့ ကလေးကိုများ”

“သာသာ”

“အမယ့်”

လမ်း အော်လိုက်တော့ သာသာ ကိုယ်လေးဆတ်ခနဲပင် ...နှံသွားလေ၏။ ဒါ လမ်းအတွက် အနာပေါ်တုတ်ကျသွားခြင်းပါပဲလား။

“နင် ကလေးကို အဲလိုမပြောနဲ့။ ဒီကလေးဟာ ဘာမှ ...သိတာမဟုတ်ဘူး။ အေး . . . ဒီကလေး ဘယ်မျိုးရိုးဇာတိကပဲလာလာ ... ဂရုမစိုက်ဘူး။ အိုးတစ်လုံးတည်ဆောက်မှုပုံစံ ကွာဟခြင်းက ...လုပ်သူအပေါ်မှာပဲ မူတည်တယ်။ သူ့ရဲ့မျိုးရိုးဗီဇနဲ့ ဘာမှမဆိုင်ဘူး။ ...ကလေးရဲ့ဘဝကို အကောင်းဆုံးဖြစ်လာအောင် ငါပြုစုပျိုးထောင်ပြ...ယ်။ စောင့်ကြည့်”

“ငါက နင့်အတွက် စေတနာနဲ့ပြောနေတာ လမ်းရဲ့။ ဒီ...လေးက နင့်အတွက် ခလုတ်ကန်သင်းတစ်နေ့နေ့မှာ ဖြစ်မလာဘူး...ပြောနိုင်မလား”

“ဘာမှဖြစ်စရာမရှိပါဘူး။ ပန်းကိုပျိုးပြီဆိုရင် အဲဒီ ပန်းပျိုး



www.burmeseclassic.com

www.burmeseclassic.com



လက်က ဆူးစူးခံချင်လည်း ခံရမယ်။ ဒါပေမဲ့ အဲဒီပန်းပွင့်လာ
အချိန်ရောက်ရင်တော့ အနည်းဆုံး ပီတီတော့ စားရမှာပဲ။ ဒါ
နှင်က မျှော်လင့်ချက်နဲ့ ပျိုးတာလားလို့တော့ မမေးနဲ့။ ဘာမျှော်လ
ချက်မှ မထားဘူး။ ငါ ဒီကလေးကိုမွေးဖို့ ဆုံးဖြတ်တာ ဒီကလေ
ဘဝက ငါ့ဘဝဖြစ်နေလို့ပဲ''

''သား''

သားစကားကြောင့် ဒေါ်ခင်စောရင်ထဲမှာ ဆို့နင့်ကြေကွဲသွ
ရလေ၏။ ပတ်ဝန်းကျင်ပြောတဲ့စကားတွေကို သား မယုံဘူး
ထင်ခဲ့တာ။ ယုံခဲ့လို့ အခု ဒီစကားထွက်လာတာပေါ့။ ယုံခဲ့တယ်ဆို
သားရင်ထဲမှာ မိဘကို အရင်းအဖျားတွေများ ခွဲခြားနေခဲ့သလာ
ရင်ထဲမှာ ပူလောင်စွာ။ သားရင်ထဲမှာ တစ်ခုမကအရာတွေ ရှိနေ
မှာပေါ့။ နာကြည်းတာတွေ၊ ဝမ်းနည်းတာတွေ မာနတွေ။ အမှန်တ
ဆိုတာ ဖုံးကွယ်ထားလို့ မရဘူးဆိုပေမယ့် . . .

''ဘယ်လိုပြောလိုက်တာလဲ သားရယ်။ သားရင်ထဲ
ဘာတွေရှိနေခဲ့တာလဲ။ အမေတို့ မွေးစားမိဘတွေလို့ တရား
သတ်မှတ်လိုက်တာလား သားရယ်''

''မဟုတ်ဘူးအမေ မဟုတ်ဘူး''

အမေ တစ်မျိုးထင်သွားပြီဟု လမ်း ငြင်းလိုက်ရတာ မျှ





သလဲပါ။ တကယ်ပြောချင်တာက သာသာ့ကို ရှင်းပြလိုတာပေမယ့်
စကားက ဒီအတိုင်း အမေ့ရင်ကိုထိသွားပြီဆိုလျှင် . . .

''သားပြောတာက''

''ဘယ်သဘောပဲဆောင်ဆောင် အမေတို့ကို မိဘအရင်းလို့
ငါ့သားသတ်မှတ်မထားခဲ့ဘူးမို့လား။ နားလည်စမ်းပါ သားရယ်။ မင်း
မိဘအရင်းတွေရှိရင်တောင် အမေတို့လောက် သားအပေါ်မှာ ချစ်နိုင်မှာ
မဟုတ်ဘူးလို့ အမေအသက်နဲ့ အာမခံရဲပါတယ်ကွယ်''

သားအတွက်နဲ့ ပတ်သက်လာပြီဆိုတာနှင့် အမေဒိုတာ
မြင်ရတော့ သာသာ့အပေါ်ပဲ စိတ်က မျက်သွားမိသည်။

''အမေရယ် . . . အဖေနဲ့အမေ့မေတ္တာကို သားယုံပါတယ်
ဗျာ။ အခုက သားသားနဲ့ပတ်သက်ပြီး သာသာနားမလည်လို့ ရှင်းပြ
နေရတာပါ''

''. . . . . . . . .''

''အမေ''

ပြန်မထူးတော့ဘူးဆိုကတည်းက အမေ တော်တော်ခံစား
သွားရပြီဆိုတာကိုသိသည်။

သာသာ့အပေါ် မကျေနပ်ဖြစ်သွားပေမယ့် သူကလည်း
ကျေးဇူးရှင်စာရင်းဝင်မို့ . . .



www.burmeseclassic.com

www.burmeseclassic.com



"နင့်ကို ရှင်းပြရတာနဲ့ အမေ စိတ်ထိခိုက်စရာတွေ ဖြစ်ကု
ပြီ"

"အံမယ် . . . ငါနဲ့ ဘာဆိုင်လို့လဲ"

သာသာကို ပြန်မပြောတော့ပဲ လမ်း အမေ့ဆီသို့သာ ဧ
သွားလိုက်တော့သည်။ သားသားကလည်းပါတာမို့ အမေ့ကိုကြည့်
သူပါ ငိုမဲ့မဲ့ပါ။

"အမေ"

". . . . . . . . . ."

"သား တောင်းပန်ပါတယ် အမေရယ်။ အမေ မငိုပါနဲ့နော်
သားရင်ထဲမှာလေ အဖေနဲ့အမေကသာ အနန္တဂိုဏ်းဝင် ကျေးဇူးရှင်
မိဘအရင်းတွေပါ။ အခုပြောတာကလေ ဒီကသားသားလေးရဲ့ မိဘ
တွေနဲ့ သားကိုပစ်ထားခဲ့တဲ့သူတွေ။ သူတို့မှာ မိဘဆိုတဲ့စိတ်မရှိဘဲ
ရက်စက်တတ်တာကို ပြောပြချင်တာပါ"

ဒေါ်ခင်စော မျက်ရည်တွေကို သုတ်ပစ်လိုက်၏။ ဟုတ်ပ
တယ်လေ။ ကိုယ်ကိုက သားနဲ့ပတ်သက်လာရင် အသေးအမွှားကိစ္စက
စ မခံစားနိုင်တာပါ။

"အမေ့"

"အမေ နားလည်ပါပြီ သားရယ်၊ သားစိတ်ထဲမှာ ဘာမှ





မထားနဲ့တော့နော်။ ညီ့သည်နဲ့ စကားပြောလိုက်ပါဦး"

ဒေါ်ခင်စောက အဲဒီလိုပါ။ သူမ မခံစားနိုင်တာကို အသာ
ထားလို့ သားစိတ်မကောင်းဖြစ်သွားမှာကို အရမ်းစိုးရိမ်သူမို့ ကိုယ့်စိတ်
ကိုယ်ထိန်း၊ ကိုယ့်မျက်ရည်ကိုသာ အနိုင်ဆုံးမရတော့သည်လေ။

() () ()



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄၂)

နေကြာ မျက်နှာမကောင်းတာကိုကြည့်ပြီး လမ်း ဘယ်ကစပြီး ဘယ်လိုစကားတွေ ပြောရမှန်းမသိပေ။ မျက်နှာကို အရိပ်လိုထိုင်ကြည့်နေရုံနဲ့လည်း မပြီးလေတော့ . . .

"နေကြာ"

".........."

"နေကြာ"

"ဟင်"

"မျက်နှာမကောင်း ဘာမကောင်းနဲ့ နင် ဘာဖြစ်နေတာလဲ"

"ဘာဖြစ်နေတယ်လို့ နင်ထင်လဲ"





"မသိဘူးလေဟာ . . . နင်ပြောပြမှ သိမှာပေါ့"

နေကြာက မပြောဘဲ သစ်ရွက်တွေ တဖျပ်ဖျပ်ကြွေကျနေတာကိုပဲ လိုက်ငေးနေမိ၏။ မိန်းကလေးကစပြောရမှာဆိုတော့ မပြောသင့်မှန်းတော့ သိပါတယ်လေ။ ဒါပေမဲ့ . . .

"ငါ့ကို အဖေက မြို့က ကိုသီဟနဲ့ ပေးစားတော့မယ် လမ်း"

"ဘာ"

"အဲဒါကြောင့် ငါ စိတ်ညစ်နေတာဟ။ တို့ ဘယ်လိုလုပ်ကြမလဲဟင်"

လမ်း တွေခနဲဖြစ်သွားလေ၏။ သူ နေကြာ့ကို အဆုံးရှုံးမခံနိုင်ဘူးလေ။ ဒီတော့ ဘာလုပ်ရမလဲဆိုတာ။

"ဘာလုပ်ရမလဲ . . . တို့ စွန့်စားရတော့မှာပေါ့"

"ဟင်"

"နေကြာ"

"ဟင်"

"ဟာ . . . နင်ကလည်း . . . ဟင် ချည်းပဲ"

"ငါက ဘာပြောရမှန်းမှမသိတာ လမ်းရဲ့"

"ဒါဆို ငါမေးမယ်"

"အင်း . . . မေးလေ"



www.burmeseclassic.com

www.burmeseclassic.com



နေကြာက သူ့မျက်နှာလေးကို မော့ကြည့်ဖြေလေတော့ လမ်း မျက်ဝန်းလဲ့လဲ့လေးကို စိုက်ကြည့်ရင်း သေချာနေတာသည် သူ နေကြာ့ကို သူများရင်ခွင်ထဲ ထည့်မပေးနိုင်ခြင်းပါ။ ရည်ရွယ်ချက်တွေ မျှော်လင့်ချက်တွေ ထားခဲ့ပြီး ခုမှ ဘာလို့ နောက်ဆုတ်ရမှာလဲ။ နောက်မှပဲ ကြုံလာသမျှကို နှစ်ယောက်လက်တွဲပြီး အတူတူ ဖြေရှင်းကြမည်လေ။

"နှင် ငါ့နောက်ကိုလိုက်ရဲတဲ့သတ္တိရှိလား နေကြာ။ ငါကတော့ နှင့်ကို သူများရင်ခွင်ထဲ ထည့်မပေးနိုင်ဘူး"

"နှင် ဘယ်လိုပြောလိုက်တာလဲ လမ်းရယ်။ နှင်နဲ့ငါက ချစ်သူတွေလေ။ ဘယ်သူမဆို ကိုယ့်ချစ်သူနဲ့ပဲ လက်တွဲချင်တာပေါ့"

"ဒါဆို"

"ငါ နှင့်နောက်ကို လိုက်ရဲပါတယ်"

လမ်း ဝမ်းသာအားရနှင့် နေကြာ လက်ကလေးကိုဆုပ်ကိုင်လိုက်ပြီး . . .

"နေကြာ . . . နှင် တကယ်ပြောတာနော်"

"အင်း . . . တကယ်ပေါ့"

"နေကြာရယ်"

ကိုယ့်အတွက်ဆို ဘာမဆို အမြဲတမ်းအဆင်သင့်အနေဖြင့်





ငြိမ်နေတတ်တဲ့ ခေါင်းက ဆံနွယ်စလေးတွေကို လမ်း ငုံနမ်းလိုက်မိသည်။ ကိုယ့်လို အရာရာ ချို့တဲ့တဲ့ကောင်အပေါ် သစ္စာကြီးစွာနှင့် ချစ်တဲ့ချစ်သူကို လေးစားမြတ်နိုးစွာ။ တကယ်ဆို သူလည်း ကိုယ့်ဆက်သာတဲ့ ကောင်တွေနဲ့ မဆုံဖူးခဲ့ပဲ ရှိပ့ါမလား။

ကိုယ်လည်း ဒီလိုပဲလေ။ ကိုယ့်အပေါ် ဘယ်မိန်းကလေးတွေ ဘယ်လိုပဲ အသားပေးပေး ကိုယ့်နှလုံးသားရဲ့ အနက်ရှိုင်းဆုံးတစ်နေရာက တောင်းဆိုနေတာသည် နေကြာမှနေကြာပါပဲလေ။

"ဒါဆို . . . အခု သွားကြမလားနေကြာ"

"အဲလိုတော့ မဖြစ်သေးဘူးလေ လမ်းရဲ့"

"ဟင် . . . ဘာဖြစ်လို့လဲ"

"ဂါ့မှာ ဘာအဝတ်အစားမှ မပါတာကို၊ ပြီးတော့ အမေ့ကို ပြောခဲ့ဦးမှပေါ့"

"အဟွန်း"

လမ်းက ရယ်လေလျှင် . . .

"နှင်က ဘာရယ်တာလဲ"

"အမေ့ကိုပြောခဲ့ပြီးမှ ယောကျ်ားနောက်လိုက်မယ့်သူကို ခုမှ ငြားရှားပါးပါး တွေ့ဖူးလို့ပါ"

"ရှူင်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

လမ်း နေကြာ့လက်ကလေးကို ဆွဲယူလိုက်စဉ် နေကြာ့လက် မှာ ဝတ်ထားတဲ့ လက်ကောက်ချင်း ထိခတ်သံကြောင့် မျက်နှံလေ နှစ်ဖက်ကို စုကျုံ့မိလိုက်၏။ ဒါ နေကြာ့ကို သူမိဘတွေဆင်ထားတ ရွှေထည်ပစ္စည်းတွေလေ။ ဒီပစ္စည်းတွေကြောင့် ကိုယ့်ရဲ့ ဖြူစင်သန့်ရှ တဲ့ ချစ်ခြင်းမေတ္တာကို အစွန်းအထင်းမခံနိုင်။

ဒါကြောင့် ကိုယ်နဲ့မဆိုင် ခွင့်မပိုင် ဆွဲကိုင်ကြည့်မှု သတိပြ ဆိုတာမျိုး။ ဒါတွေက ကိုယ်နဲ့မဆိုင်တာတွေမို့ နေကြာ့ကို ထားခဲ့နိုင ရမည်။

"နေကြာ"

"ဟင် . . . ဘာလဲလမ်း"

"နင် အိမ်ပြန်ရင် လက်ဝတ်လက်စားတွေ အကုန်ချွတ်ထား ခဲ့နော်။ အဝတ်အစားကလွဲရင် ကျန်တာ ဘာမှမယူခဲ့နဲ့သိလား အဲဒါတွေ ပါနေရင် ငါ့ကို ဟိုထင် ဒီထင် ထင်နေကြဦးမှာ။ ငါ အဲလို အထင်မခံနိုင်ဘူး"

"အေးပါ . . . မာနမင်းသားရယ်။ နင့်သဘောအတိုင်းပါပဲ"

"အင်း . . . လိမ္မာတယ်"

"ဘယ်တုန်းက မိုက်လို့လဲ"





"မိုက်ရင် အရိုက်ခံရမှာပေါ့"

"ဘာ"

"ဘာဖြစ်တာလဲ"

"ရိုက်ရဲ ရိုက်ကြည့်ပါလား။ ငါ့မှာလည်း ခြေနဲ့လက်နဲ့ပဲ ဥစ္စာ"

"ပြန်ရိုက်မယ်ပေါ့"

"ဒါပေါ့"

"ဒါဆို အစမ်းရိုက်ကြည့်စမ်း"

ပြောပြီး လမ်းက သူ့ပါးပြင်ကို လှောက်ညွှန်းထိုးပြီး နေကြာ့ မျက်နှာရှေ့သို့ တိုးကပ်လာလေတော့ နေကြာ ရှက်ဝဲဝဲလေးဖြစ်သွားပြီး ရယ်လေသည်။ ဪ အချစ်ဆိုတဲ့အရသာက အသုပ်တစ်ပွဲလိုပါပဲ လား။ အချိုအစပ် အပူအငန် ဒါတွေပေါင်းမှ အသုပ်တစ်ပွဲ ဖြစ်လာ တာလေ။ ခုလည်း သူတို့မှာ စိတ်ညစ်လိုက် ပျော်လိုက်၊ ဝမ်းသာ လိုက် ဝမ်းနည်းလိုက်ရယ်နှင့်ပါ။

"နေကြာပန်း"

"ဟင်"

"နွေးမ . . . လာခဲ့စမ်း"

ဒေါသတွေ မောဟတွေ ဖုံးလွှမ်းနေတဲ့ အော်ခေါ်သံကြောင့်



www.burmeseclassic.com

www.burmeseclassic.com



နေကြာနဲ့ လမ်း ဖျတ်ခနဲ ပြိုင်တူကြည့်လိုက်ကြတော့ ...

"အဖေနဲ့ကိုကြီးပါလား"

"နေကြာ"

"လမ်း"

တစ်ယောက်လက်ကိုတစ်ယောက် တင်းကျပ်စွာ ဆုပ်ကိုင်ထားလိုက်မိကြ၏။ ထွက်ပြေးရမလား ဆက်ရပ်ပြီး သူတို့ပြုသမျှ နေရတော့မလား တွေးနေမိကြစဉ်မှာပဲ ...

"နင်က ဒီကောင့်ကိုမှ ယောက်ျားလို့ထင်နေသလား နေကြာပန်း ဟင်။ ရုပ်ကလေး ဖန်းပြုပြီး ငါ့သမီးကို ချူစားချင်တဲ့ကောင်။ တူနှစ်ကိုယ် တဲအိုပျက်မှာ ထမင်းရည်ပဲ အတူသောက်ရ သောက်ရဆိုပြီး နင် မိုက်လုံးကြီးလို့ကတော့ နင်တို့နှစ်ယောက် သချိုင်းရောက်မှပဲ အရိုးစုတွေ ကောက်စားကြ။ ဘယ့်နှယ်ကွာ။ မိဘက စွန့်ပစ်ထားလို့ ဘယ်မျိုးရိုးဗီဇက ဆင်းသက်လာမှန်း မသိတဲ့ကောင်။ ဒါကို နင်က ထန်းလျက်ခဲပြခေါ်တိုင်း လိုက်ဖို့ကြိုးစားနေသလား ခွေးမရဲ့"

"အဖေ"

"ဟေ့ကောင် ကျော်ကျော်"

"ဗျာ ... အဖေ"

"သွား နေကြာပန်းကို ဆွဲခေါ်လာခဲ့"





"ဟုတ်"

"မလာနဲ့ မလိုက်ဘူး"

"ဦး လူတစ်ဖက်သားကို အဲလိုမပြောပါနဲ့ဗျ"

"ဘာကွ"

လမ်းက ပဏ္ဍိတ်မချမ်းသာပေမယ့် မာနတော့ ချမ်းသာသည့်ကောင်လေ။ ကိုယ့်ကို ရစရာမရှိအောင် ပြောတော့ ခံနိုင်ပါ့မလား။ နေကြာကလည်း အစ်ကိုဖြစ်သူ လာခေါ်မှာစိုးတာနှင့် လမ်းနောက်ကျောမှာကပ်နေလျက်ပါ။ ဒီတစ်ခါ ခေါ်လို့ပြန်ပါသွားရင် ဝေးကြရဖို့ပဲများသည်လေ။

"ပြောတော့ ဘာဖြစ်လဲကွာ။ မင်းက အဆင့်အတန်းမရှိတဲ့ကောင်။ ငါ့သမီးနဲ့တူသလား တန်သလားကွ။ မနက်စာရှိလို့ ညစာရှိ မအေက ပုဆိုးစုတ်ခေါင်းပေါ်တင်ပြီး လည်ရှာနေရတာကိုမှ အားမနာ။ မင်းကတော့ မင်းသားတစ်ပါးလိုနဲ့ မင်းက ဆန်မရှိ သောက်စားကြီးဆိုတဲ့ကောင်။ ဟွန်း ငါ့သမီးကလည်း ဖယောင်းကို ဆက်ဝါးထဲထည့်လုံးထားတာများ ပုလဲလုံးအထင်နဲ့ လည်ပင်းဆွဲချင်နေတာ။ မရဘူးကွ မရဘူး"

"နေကြာပန်း ... လာစမ်း"

"မလိုက်ဘူး ... လမ်း"



www.burmeseclassic.com

www.burmeseclassic.com



"နေကြာ"

ဒီတစ်ခါ ပြန်ပါသွားရင် ဝေးကြမှာပဲဆိုတဲ့အသိက နေကြာ့လက်ကို မလွှတ်တမ်း ဆုပ်ကိုင်မိလျက်သား ဖြစ်နေသည်။ ဒီလက်တွေလွှတ်သွားရင်လို့ တွေးရင်း ခြေလှမ်းတွေက တဖြည်းဖြည်း နောက်ဆုတ်သွားကြလေ၏။ ပါးစပ်ကလည်း . . .

"ဟုတ်တယ်၊ ကျွန်တော့်မှာ ပစ္စည်းမချမ်းသာတာတော့ မှန်ပါတယ်။ ဒါပေမဲ့ နေကြာ့ကိုချစ်တဲ့အချစ်နဲ့ စာရင်တွက်ရင်တော့ ချမ်းသာပါတယ်ဦး။ လူတစ်ယောက်ကို အပေါ်ယံအလွှာပဲ ကြည့်ပြီး မဆုံးဖြတ်ပါနဲ့ဗျာ။ လူတစ်ယောက်ရဲ့အရည်အချင်းကို ဖရဲသီးလို ဖွန်းဖင်နဲ့ ထိုးဖောက်ပြီး စမ်းပြလို့ ရတာမှမဟုတ်တာ"

"ဟော့ကောင် . . . မင်း အပိုတွေမပြောနဲ့။ ကျော်ကျော့် မင်းညီမကို ရအောင်ခေါ်ခဲ့"

"နေကြာ လာစမ်း"

"မလိုက်ဘူး"

"ဟော့လူ . . . ခင်ဗျား"

နေကြာ့ကို လမ်းက ဆွဲထားသလို ကျော်ကျော်ကလည်း အမိအရ ဆွဲလေသည်။ နေကြာကလည်း ကျော်ကျော်ဘက်ကလက်ကိုပဲ ရုန်းနေသဖြင့် လွတ်ထွက်သွားလေလျှင် . . .





"တောက် . . . ကဲကွာ"

"ခွပ်"

ကျော်ကျော်က လမ်းကိုပဲ လက်သီးနှင့်ထိုးလေတော့ . . .

"ကိုကြီး"

"ခွပ်"

"မလုပ်နဲ့ . . . လမ်းကို မလုပ်ပါနဲ့"

"ဖယ်စမ်း"

ချစ်သူကို ကိုကြီးက တစ်ချက်ထိုးလိုက်တိုင်း နေကြာ့ရင်မှာ တစ်ခါနာကျင်ရသည်။ ဒါကြောင့် ကျော်ကျော့်ကို နေကြာ ဝင်ဆွဲသေတော့ ကျော်ကျော် ညီမဖြစ်သူ၏လက်တွေကို ဖယ်ချပစ်သည် လေ။

"မလုပ်ပါနဲ့ ကိုကြီးရယ်၊ နေကြာ တောင်းပန်ပါတယ်။ လမ်းကို မလုပ်ပါနဲ့"

"တောက်"

"နေကြာ"

လမ်း ကျော်ကျော့်ကို ဘာမှပြန်ပြီးမခုခံတာသည် ချစ်ရသူ နေကြာ့မျက်နှာကြောင့်ပါ။ မဟုတ်ရင် သူ့မှာလည်း ခြေနဲ့လက်နဲ့ပဲ သေး။ သူ နှစ်ချက်ထိုးရင် အနည်းဆုံး ကိုယ်က တစ်ချက်တော့

www.burmeseclassic.com



မိအောင်ပြန်ထိုးလို့ရတာပေါ့။ ဒါပေမဲ့ မျှောက်သားစားရင် မျော
မျက်နှာအရင်ကြည့်ပါဆိုသလိုမျိုး နေကြာ့ကို စိတ်ထိခိုက်စရာ
မပေးချင်လို့ပါ။

ကိုယ့်လက်ထဲကနေ နေကြာ့လက်ကလေး လွတ်ထွက်သွ
ပြီဆိုတာနဲ့ လမသာတဲ့ညလို မျှော်လင့်ချက်တွေ မှောင်မိုက်သွားသ
ပါ။ နေကြာ ပြောခဲ့ဖူးတယ်လေ။ သူမကာလ လမ်းကညတဲ့။ ည
ရင်ခွင်ထဲမှာ သာခွင့်ကြုံပါရဦးမလား လမင်းလေးရယ်။

"လမ်း"

"နေကြာ"

"လာစမ်း"

နေကြာ့ကို သူ့အဖေနှင့်သူ့အစ်ကိုက အတင်းဆွဲခေါ်လေ
ပြီး ...

"ခွေးမသား လိုက်လာရဲလိုက်လာကြည့်။ မင်းအသေပဲ
မှတ်ထား"

"ဟင့်အင်း ... မလိုက်ဘူး လမ်းရေ"

"နေကြာ"

"နေကြာ ... နင် ဘယ်လိုဖြစ်နေတာလဲ။ ငါလုပ်လိုက်
သေတော့မယ်"





"သတ် သတ် ... ကိုကြီး နေကြာ့ကို အသေသတ်လိုက်"

"တောက် ... ကွာ"

လက်ရွယ်ပြီးမှ ရိုက်တော့ မရိုက်ပေ။ ဒါပေမဲ့ နေကြာ
ရင်ထဲမှာတော့ နာကျင်နေရပြီလမ်းရယ်။

နင်နဲ့ငါ တကယ်ဝေးကြရတော့မှာလား။ အဲဒီလိုဖြစ်ခဲ့ရင်
ငါ့ကို နားလည်ပေးပါတော့ လမ်းရယ်။

() () ()



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၃)

"ငိုမနေပါနဲ့တော့ သမီးရယ်၊ အမေ့သမီးလေး ငိုရလွန်း
မျက်လုံးတွေလည်း မို့အစ်နေပါပြီ။ အမေတို့အတွက် ထွက်ပေါ
တစ်ခုတော့ ရှိဦးမှာပါကွယ်"

"အမေ"

"သမီး"

"သမီးလေ ကိုသီဟာကို မဖြစ်မနေယူရမယ်ဆိုရင် ကို
ကိုယ်ကိုယ် သတ်သေမိလိမ့်မယ် သိလား"

"အို . . . မကြံကောင်းမစည်ရာသမီးရယ်။ သမီး အဲဒီ
လုပ်စရာမလိုပါဘူးကွယ်။ သမီးဘက်မှာ အမေနဲ့သမီးကို





ရှိတယ်လေကွယ်။ သမီး အဲဒီလောက် အားမလျှော့စမ်းပါနဲ့"

ဒေါ်မြလေး ပြောလည်းပြော သမီးကိုလည်း ဖက်၍ငိုလေ
တော့၏။ တစ်မိသားစုတည်းပေမယ့် စိတ်ချင်းကတူမှ မတူကြဘဲလေ။
ကိုယ်တွေကတော့ သမီးလေးစိတ်ချမ်းသာတာကိုပဲ မြင်ချင်သည်လေ။
ဒါကြောင့် . . .

"သမီး"

"ရှင်"

"သွား . . . သမီးအဝတ်တွေ သွားထည့်"

"ရှင်"

"ရှင်မနေနဲ့ . . . အချိန်မရဘူး . . . သွား မြန်မြန်လုပ်"

"ဟုတ် . . . ဟုတ်ကဲ့ အမေ"

အမေနဲ့ကိုကြီးက ကိုသီဟာတို့သားအဖနှင့်အတူ အပြင်ပြန်
ထွက်သွားသည်လေ။ အချိန်က ဒီနေ့တစ်နေ့ပဲရတော့မှာ။ မနက်ဖြန်
ဆို ရန်ကုန်ကိုပြန်ရတော့မှာလေ။ ကံကြမ္မာရယ် သိပ်ချစ်ကြတဲ့
ချစ်သူနှစ်ဦးကို ဆုံစည်းခွင့်ပေးပါ။

"အမေ"

"ဟေ"

အခုမှ သူ့ခိုးချောင်း ချောင်းပြီး ဟိုကြည့် ဒီကြည့်နှင့်



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာသူက ဖော်ဖော်ပါ။ သူ သတင်းကြားခဲ့ပြီးပြီလေ။ လမ်း ကိုကြီးက ထိုးလွှတ်လိုက်လို့တဲ့။ လမ်းမိဘတွေ ဒေါသဖြစ်နေလေ ဖြစ်လည်းဖြစ်စရာပါ။ သူတို့က သူတို့သားကို နှီးပြားနဲ့တောင်ရွယ် ကြတာမှ မဟုတ်တာ။

အခု ကိစ္စက ပေါ့သေးသေးဖြစ်နိုင်ပါ့မလား။ အမေနဲ့ကိုကြ က လမ်းနဲ့ညီမလေးကို အရွဲ့ကြတာလေ။ သူ ညီမလေးကို သန သည်။ ဒါကြောင့် ကူညီဖို့ ပြန်လာခဲ့တာပါ။

"အမေ ... ညီမလေးရော"

"အဝတ်တွေ ထည့်နေတယ်"

"ရန်ကုန်ပြန်ဖို့လား"

"မဟုတ်ဘူး သားရဲ့ အမေတို့ပဲ ကူညီမှရတော့မှာ သားရယ်"

"ဟုတ်တယ် အမေ၊ သားလည်း အဲဒါကြောင့်ပဲ ပြန်လာ တာ။ ညီမလေးနဲ့ လမ်းကိစ္စ ကျွန်တော့်ကြားဝင်မှ ဖြစ်တော့မယ်"

"ဟုတ်တယ် သား။ သား ညီမလေးကို ကူညီလိုက်ပါ သား ရယ်"

"စိတ်ချအမေ ... ကျွန်တော် လမ်းကို ပြောခဲ့ပြီးပါပြီ"

"ဟင် ... ဘာလဲ"





"သူ့ကို စက်လှေဆိပ်ကစောင့်နေ၊ ငါ ညီမလေးကို ခေါ်လာ ခဲ့မယ်။ မင်းတို့ ထွက်ပြေးကြတော့လို့"

"အေး"

အေးဆိုပြီး ဘာဆက်ပြောရမှန်းမသိအောင်ပင် ဒေါ်မြလေး မင်းသာသွားရလေသည်။ သူမက မိန်းမသားဆိုတော့ ဘာလုပ်ပေးရ မှန်းမသိဖြစ်နေတာလေ။ အခု သားငယ်က ကူညီမယ်ဆိုတော့ အဆင် ပြေတာပေါ့။

"သမီးရေ"

"ရှင် အမေ"

"ခဏလာဦး"

"ဟုတ် ... အမေ"

နေကြာ အဝတ်ထည့်တာကိုထားခဲ့ပြီး အပြင်သို့ပြန်ထွက် လာသည်။ ကိုလေးကိုမြင်တော့ ...

"ညီမလေး ... နင့်ကို ကိုလေး စက်လှေဆိပ်အထိ လိုက်ပို့ မယ်။ လမ်းကိုလည်း စောင့်နိုင်းထားတယ်။ အဲဒါ လမ်းမှာလိုက်တာ ပါပြောမလို့"

"လမ်းက ဘာမှာလိုက်လဲ ကိုလေး"

"နင့်ကို နင်ဝတ်ထားတဲ့လက်ဝတ်လက်စားတွေ အကုန်



www.burmeseclassic.com

www.burmeseclassic.com



ချုတ်ထားခဲ့၊ ဘာမှယူမလာခဲ့ပါနဲ့တဲ့''

''အို . . . မဟုတ်တာသားရယ်''

''ဟုတ်တယ် အမေ။ လမ်းက သမီးကိုလည်း မှာထား တယ်၊ အဲဒါကြောင့်''

စကားစကိုဖြတ်ပြီး နေကြာ လက်ကောက်တွေနှင့် ဆွဲကြိုး လက်စွပ်၊ နားကပ်အားလုံးကို ချုတ်လိုက်တော့ ဖော်ဖော်က ကူချုတ် ပေးလေသည်။ လမ်းရဲ့မာနကို သူ သဘောကျသည်လေ။ ဘာလို့ထဲ ဆို အဲဒီပစ္စည်းတွေကြောင့် သူ့ကို တစ်မျိုးအထင်မခံနိုင်ဘူးတဲ့ ကျွန်တော် ယောက်ျားပါ။ နေကြာမျက်နှာမငယ်စေရဘူးဆိုတဲ့စကား ကို ပြောတာ ယောက်ျားပီသခြင်းပဲပေါ့။

ရွှေထည်ပစ္စည်းတွေချုတ်ပြီးနောက် နေကြာ အမေ့လက်ထဲ သို့ ထည့်ပေးလိုက်လေသည်။ ချစ်လို့တည်ဆောက်ကြတဲ့ နှစ်ယောက် တစ်ဘဝမှာ အချစ်ကလွဲပြီး ဘာမှမလိုအပ်တော့ပါဘူး။ နောက်မှ နှစ်ယောက်အတူ လက်တွဲပြီး ဖြစ်လာသမျှအတူရင်ဆိုင်ဖြေရှင်းကြ မည်။

''ကဲ . . . ညီမလေး''

''ဟင်''

''နင် အဝတ်တွေ ထည့်လို့ပြီးပြီလား''





''မပြီးသေးဘူး ကိုလေး၊ ပြီးတော့မှာပါ''

''အေး . . . သွားထည့်၊ မြန်မြန်လုပ်''

''ဟုတ်''

နေကြာ အဝင်္ကတွေကိုအမြန်ထည့်ရလေတော့၏။ ခေါက် ထားတာတွေ ကျိုးလို့ကကျိုး၊ ကြေလို့ကကြေပဲပေါ့။ ပြီး အထုပ် ကလေးဆွဲကာ ပြန်ထွက်လာပြီး အမေ့ရှေ့မှာ ဒူးထောက်ထိုင်လိုက် ကာ . . .

''အမေ''

''သမီး''

''အမေ့ကို သမီးကန်တော့ခဲ့ပါတယ်နော်''

''အေးထဲဟာ''

နေကြာ အမေ့ကို ဦးချတော့ ဖော်ဖော်က စိတ်မရှည်သလို ခေါင်းကုတ်လေသည်။ ဒေါ်မြလေးကတော့ မျက်ရည်တစမ်းစမ်းနှင့် သာ . . .

''သာဓု သာဓု သာဓုပါကွယ်၊ ၊ အမေ့သမီးလေး သွားလေ ရာ လာလေရာမှာ ခလုတ်မထိ ဆူးမငြိဘဲ လိုရာခရီးကို ချောချော မောမော ရောက်ပါစေကွယ်''

''ပေးတဲ့ဆုနဲ့ပြည့်ပါစေ အမေ''



www.burmeseclassic.com

www.burmeseclassic.com



"ကဲ . . . သမီးသွားတော့ . . . သွားတော့"

"ဟုတ်"

ဟုတ်ဆိုပြီး လက်က အဝတ်အိတ်ကိုဆွဲပြီးမှ အမေ့မျက်နှာကို နောက်ဆံတင်းစွာ ကြည့်လိုက်မိသည်။ နေကြာ ခုလိုလုပ်သွားတဲ့အတွက် အဖေက အမေ့ကိုများ အပြစ်တင်ပြီး ဘာလုပ်မလဲလို့လေ။ နေကြာကလည်း အဖေ့စကားကိုမှ နားမထောင်နိုင်ပဲလေ။

"ညီမလေး သွားမယ်လေဟာ။ တော်ကြာ အဖေနဲ့ကိုကြီး ပြန်လာလို့ ဟုတ်ပေ့ဖြစ်နေဦးမယ်"

"ဟုတ်တယ်သမီး . . . သွားတော့ သွားတော့"

"ဒါဆို သမီး သွားမယ်နော် အမေ"

"အေး . . . အေး"

နေကြာ လက်ကလေးပြ နှုတ်ဆက်မိတော့ အမေကလည်း လက်ပြ၍ နှုတ်ဆက်လေသည်။ ထာဝရခွဲခွာခြင်းမဟုတ်ပေမယ့် ရင်ထဲမှာ တစ်မျိုးကြီးပါပဲ။ ရန်ကုန်သွားနေတုန်းကလည်း ခွဲရတာပေမယ့် အခုလို ရင်ထဲမှာ အရမ်း နှင့်နှင့်သီးသီးကြီးမဟုတ်ပေ။

ဒါ . . . ဘာဝေဒနာတဲ့လဲ။

() () ()





BURMESE CLASSIC

## အခန်း (၃၄)

လမ်း ကိုဖော်ဖော် နေကြာ့ကိုခေါ်လာမယ့်လမ်းကိုသာ မျှော်ကြည့်နေမိသည်။ အဆင်မပြေပုံမလားလို့လေ။ ထိုးတာကြိတ်တာခံရတဲ့ ဒဏ်ရာတွေက နာနေပေမယ့် မညည်းနိုင်။ နေကြာနဲ့ အဝေးမခံနိုင်တော့ မဟာစွန့်စားခန်းကြီး ထုတ်ရဦးမှာလေ။

သူများတွေလို မရနိုင်တာကိုမှ ပိုလိုချင်မိတာ မဟုတ်ပါဘူး။ ရတဲ့အချစ်ကိုပဲ အဆုံးရှုံးမခံနိုင်တာလေ။

"လမ်း"

"ဗျာ"

"မင်း ရွာပြန်မလို့လားကွ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ဦးသန့်"

"ဪ . . . အေး အေး"

လမ်းမှာ တွေ့သမျှလူတွေက နှုတ်ဆက်ကြတော့လည်း လမ်း အဆင်ပြေအောင် ပြုံးဖြေရင်း လည်တဆန့်ဆန့်ပါ။ လာမှ လာ မလားလို့လေ။

"ဟော"

ကိုဇော်ဇော်နှင့် နေကြာလာတာကိုမြင်မှပဲ လမ်း သက်ပြင်း ချနိုင်ပြီး . . .

"နေကြာ"

"လမ်း"

"လမ်းမနေနဲ့ ဒီအထုပ်ယူ မြန်မြန်သွားကြ။ ရိုးတဲ့မှ နှမ လင်နေ မောင်ဖင်ကိုနှုန်းရုံတင်မကဘူး။ ဒီမှာ ခေါင်းပါကိုနှုန်းနေရတာကူ သိလား"

"အဲဒီအတွက် ကျေးဇူးတင်ပါတယ် ကိုဇော်ဇော်ရာ။ ဒါဆို ကျွန်တော်တို့သွားမယ်နော်"

"အေး . . . အေး"

"ကိုလေး"

"ဟေ"





"ညီမလေး သွားမယ်နော်"

"အေးပါ . . . အစစအရာရာ ဂရုစိုက်သွားကြကြားလား"

"ဟုတ်ကဲ့ပါ"

"ကဲ . . . သွားကြ သွားကြ"

လမ်း ကိုဇော်ဇော်လက်ထဲမှ အဝတ်အိတ်ကိုဆွဲယူပြီး နေကြာ့ လက်ကိုလည်း ဆွဲခေါ်လာခဲ့တော့သည်။ နေကြာက အစ်ကိုဖြစ်သူကို လှည့်ကြည့် လှည့်ကြည့်နှင့်ပဲ ပါလာခဲ့တော့၏။ သူတို့စက်လှေစီးသွား ရမှာဆိုတော့ မြန်မြန်သွားရသည်သာ။

နေကြာ့အဖေ လိုက်လာသည်ရှိသော် နောက်စက်လှေ တစ်စီးနဲ့ အမီမလိုက်နိုင်အောင် သွားမှဖြစ်မှာမို့ စက်လှေဆိပ်ကို ရောက်တော့ . . .

"လာ နေကြာ မြန်မြန်တက်"

"အေးပါ"

သူတို့တက်ပြီး သိပ်မကြာလိုက်ပါဘူး။ စက်လှေကထွက် လေလျှင် . . .

"ဟော့ကောင်တွေ . . . ဟာ ဟေ့ စက်လှေမထွက်နဲ့ဦး"

"စက်လှေ နေဦး။ မထွက်နဲ့"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



ကမ်းပေါ်ကနေ တကြော်ကြော် အော်နေတာသည် ဦးမောင်ကို၊ ကျော်ကျော်နှင့် သိဟပါ။ သူတို့အော်နေပေမယ့် စက်လှေက ထွက်သွားပြီလေ။ ဒါကြောင့် အခြားစက်လှေတစ်စီးပေါ်သို့ ပြေးတက်ပြီး ...

"ဟော့ကောင် ဇော်ဦး ... မင်း စက်လှေကို တို့အပြတ်ငှားတယ်ကွာ။ မင်းတောင်းသလောက်ပေးမယ် တို့ကိုလိုက်ပို့"

"ဟာ ... ကျွန်တော့်စက်လှေ ဒီနေ့မထွက်ဘူးဗျ"

"ဘာလို့မထွက်ရမှာလဲ။ ဟော့ကောင် ... လိုက်ပို့မလား မပို့ဘူးလား ဒါပဲပြော"

"အာ ... ခင်ဗျားတို့ အဲလိုမလုပ်နဲ့လေဗျာ"

ဇော်ဦး လမ်းနဲ့နေကြာ ရှေ့စက်လှေမှာပါသွားပြီး ဦးမောင်ကိုတို့သားအဖတွေ ကမူးရှူးထိုး လိုက်လာပုံကိုတောက်ပြီး ဘာဆိုတာကို ရိပ်မိလိုက်ပြီလေ။ ဒါကြောင့် စက်လှေမထွက်ဘူးလို့ ညာလိုက်တာကိုပဲ ကျော်ကျော်က ထိုးမယ် ကြိတ်မယ်လုပ်ကာ ...

"ဟော့ကောင် ... မနာချင်ရင် လိုက်ပို့နော်"

"ခင်ဗျားနော်"

"သားကြီး သူလိုက်မပို့ရင် မင်းဘာသာမင်းသွား။ ပြီးမှ အဲဒီကောင်ကို ရေထဲကန်ချလိုက်"





"အဲလိုမလုပ်နဲ့လေဗျာ။ ပို့မယ် ... ပို့မယ်"

"မြန်မြန်လုပ်"

အများနဲ့တစ်ယောက်မို့ ဇော်ဦး မတတ်သာစွာ လိုက်ပို့ရတော့သည်လေ။ ဒီလူတွေ ဒီလောက်သွေးဆူနေတာ ပြောသလိုတကယ်မလုပ်ဘူးလို့ ပြောလို့ရမလား။

ဒါကြောင့် လမ်းနဲ့နေကြာ့ကို သနားပေမယ့် လိုက်ပို့ရတော့သည်သာ။ ကိုယ့်အသားမှ အနာမခံနိုင်ပဲလေ။

"လမ်း ... အဖေတို့ လိုက်လာကြပြီ"

"ဟုတ်တယ်၊ ဟိုဘက်ကမ်းရောက်ရင်လည်း မိမှာပဲ။ မိလို့ကတော့ တို့ကို မရရအောင် ခွဲကြမှာ"

"လမ်း"

"နေကြာ"

တစ်ယောက်လက်ကို တစ်ယောက်တင်းတင်းဆုပ်ထားမိကြ၏။ ဖြစ်လာသမျှ ခုမှတော့ ရင်ဆိုင်ရမှာပဲလေ။ အသက်ရှင်လျက်နဲ့တော့ အဝေးမခံနိုင်ပါဘူး။ အတူတူပဲ အသေခံလိုက်မည်ဆိုတဲ့ စိတ်က နှစ်ဦးစလုံးရင်ထဲမှာ ခိုင်မြဲစွာ။

"နင့်ကိုငါ မခွဲနိုင်ဘူး လမ်း"

"ငါလည်း နင့်လိုပဲပေါ့ နေကြာရယ်။ ကိုယ့်ချစ်သူနဲ့ ခွဲရင်



www.burmeseclassic.com

www.burmeseclassic.com



တဲ့သူ ရှိပါ့မလားဟာ"

"ဒါဆို ... တို့ ဘယ်လိုလုပ်ကြမလဲဟင်"

လမ်း ရှေပြင်ကျယ်ကြီးကိုငေးကြည့်ပြီး ရင်ထဲမှာ ဆို့နင့်နင့်ကြီးပါ။ တကယ်ဝေးကြမယ်ဆိုရင် လူမသေသည့်တိုင် နှလုံးသားကတော့ သေဆုံးသွားမှာပါ။ ဒီတော့ ဘာထူးမှာလဲလေ။ ချစ်သူနဲ့ဝေးတဲ့ဘဝမှာ သူ ဆက်ပြီး အသက်မရှင်ချင်တော့ပါဘူး။

"ငါကတော့ ဆုံးဖြတ်လိုက်ပြီ နေကြာ"

"ဘာလဲဟင်"

တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်မိကြတာ ဘယ်သူကမှ အကြည့်မလွှဲပေ။ ပြီးမှ လမ်းက လေးနက်သောလေသံနှင့် ...

"နင်နဲ့ဝေးရမယ့်အတူ ငါ ငါ့ဘဝကို ဒီဆည်ကြီးမှာပဲ စတေးလိုက်တော့မယ်"

"လမ်းရယ်"

နေကြာ မျက်ရည်တွေဖြိုက်ခနဲ ကျလာလေတော့၏။ ကိုယ့်စိတ်ကလည်း ဒီအတိုင်းပဲလေ။ လမ်းနဲ့ဝေးရမယ့်အစား လမ်းနဲ့အတူတူ သေသွားတာပဲ ကောင်းပါတယ်။ လမရှိရင် ညရဲ့ဘဝက မတင့်တယ်သလို လရဲ့ဘဝမှာ ညမရှိလို့မှ မဖြစ်ပဲလေ။

"ငါလည်း နင်နဲ့အတူတူပဲပေါ့ လမ်းရယ်။ အသက်ရှင်လျက်





နဲ့တော့ ငါ နင်နဲ့အဝေးမခံနိုင်ဘူး"

ဆုပ်ကိုင်ထားတဲ့ လက်တွေက ပို၍ တင်းကျပ်သွားပြီး စက်လှေကလည်း ဆည်ကြီး၏ရေလယ်ကိုရောက်လာခဲ့ပြီ ...

"ဒါဆို တို့သွားရအောင်"

"အင်း"

နှစ်ယောက်အတူ ထရပ်လိုက်စဉ်မှာပဲ ...

♫ ငှက်မောင်နှံ တောင်ပံချင်းယှက် xxx မိုး xxx ထက်သို့ပျံ တောင်သမန်အင်းရဲ့ တင့်တဲ့ဟန် xxx တစ်ရံရှေးအခါက အဖြစ်ဆိုး xxx တောင်သမန်နယ်စားလေး မောင်ဖေငယ်လို အချစ်မျိုး xxx မြတ်နိုးယုယ ချစ်သူအလှ ဒိုင်းဆင်ခင်ရယ် xxx ငယ်ပေါင်းတွေမို့ နှမလိုတစ်မျိုး ချစ်သူလိုတစ်သွယ် ရင်ဝယ်မျှသိပ် ချစ်စိတ်တွေလည်း ဖွင့်မပြောရက်ခဲ့တယ် ♫

"ဟင်"

စက်လှေပေါ်မှာပါလာတဲ့ လူတွေထဲကမှ တစ်ယောက်က ဖုန်းထဲမှာရှိတဲ့ သီချင်းကို ဖွင့်လိုက်တာ တိုက်တိုက်ဆိုင်ဆိုင်။ ဒီသီချင်း ဒီဆည်ကြီးနဲ့ သူတို့နှစ်ယောက်ရဲ့ ရေစက်က အခုထိ မကုန်နိုင်သေးအောင် တိုက်တိုက်ဆိုင်ဆိုင်ပါလားနော်။ လမ်းနဲ့နေကြာကလည်း ငယ်ပေါင်းတွေမို့ နှမလိုတစ်မျိုး ချစ်သူလိုတစ်သွယ် ချစ်ခဲ့ရတာပဲလေ။



www.burmeseclassic.com

www.burmeseclassic.com



"နေကြာ"

"ဟင်"

"ငါလေ နင့်ကို မောင်ဖေယ်လိုပဲ ၂၀၂၈ မေတ္တာ
ချစ်ခဲ့တာပါဟာ။ နောက်ဘဝဆိုတာရှိဦးမယ်ဆိုရင် နင့်ကို ဆက်ချ
နေချင်ပါသေးတယ်"

"ငါလည်း နင်နဲ့ထပ်တူထပ်မျှပါ လမ်းရယ်"

"အင်း . . . နင့်ကိုငါ အရမ်းချစ်တယ်"

"ငါလည်း နင့်ကိုချစ်တယ် လမ်း"

"ဒါဆို တို့သွားကြရအောင်နော်"

"အင်း"

နှစ်ယောက်သား စက်လှေဦးဆီသို့ လျှောက်ခဲ့ကြစဉ် သော
မှာ ကြောက်ဖို့ထိတ်ဖို့ ရင်ထဲမှာ ကိုယ်စီလှိုက်ခနဲ ဖြစ်သွားလေ
သူတို့နှစ်ယောက်၏ ချစ်ခြင်းမေတ္တာနှင့် သစ္စာတရားကို ဒီနန်ကသု
ဆည်ကြီးကို သက်သေတည်ပြီး အားလုံးသိကြပါစေ။

"ဟာ . . . ဟိုနှစ်ယောက် အဲဒါ ဘာလုပ်မလို့လဲ၊ ပြုတ်ကျ
တော့မှာပဲ။ နောက်ဆုတ်လေ"

တားတဲ့သူတွေက နောက်ဆုတ်ဖို့တားပေမယ့် သူတို့ခြေလှမ်း
တွေက ရှေ့သို့သာ။ လက်ချင်းဆိုင်ခိုင်ဆုပ်လို့ အားလုံးကိုနှုတ်ဆက်





ခဲ့ပါသည်လေ။ ပြီး . . . မျက်လုံးကိုယ်စီ မှိတ်လိုက်ကြပြီး . . .

"ဟေ့ . . . နောက်ဆုတ်ဆိုတာ မကြားဘူးလား။ သေတော့
မှာပဲကွာ"

"နေကြာ"

"လမ်း"

သူတို့ကိုသိတဲ့သူအချို့က ရင်တုန်ပန်းတုန်နှင့် ဆွဲဖို့ထလာခဲ့
ကြပေမယ့် လမ်းနဲ့နေကြာ တစ်ယောက်ခါးကိုတစ်ယောက် ကျစ်နေ
အောင် ဖက်လိုက်ကြပြီး . . .

"ဝုန်း"

"ဟာ"

"ဟယ် . . . လုပ်ကြပါဦး ခုန်ချသွားပြီ"

"ဟာ . . . ဒုက္ခပါပဲ . . . လုပ်ကြပါဦးဟ"

စက်လှေပေါ်ကလူတွေအားလုံး အော်သံဟစ်သံတွေနှင့်
ဆူညံသွားလေတော့သည်။ ရေလယ်မှာဆိုတော့ ဘယ်သူမှလည်း
ဆင်းမကယ်ရဲကြပေ။ ဒါကြောင့် ဝေဖန်သံအမျိုးမျိုးတို့နှင့် ဝိုင်းကြည့်
နေကြရင်းပဲ သူတို့နှစ်ယောက် ခုန်ချသွားတဲ့နေရာမှာ ရေပြင်က
ငြိမ်သက်သွားလေတော့သည်။ ဒီရေပြင် ငြိမ်သက်သွားသလို သူတို့
နှစ်ယောက်ရဲ့ ဘဝနှင့်အချစ်ခရီးလမ်းကလည်း ပြီးဆုံးသွားခဲ့ပါလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



"ကျွတ်"

"ဟင်း"

"မိုက်လုံးကြီးလိုက်ကြတာကွာ"

"သနားစရာပါဟယ်၊ ဟိုမှာလေ နေကြာ့အဖေနဲ့ အစ်ကို စက်လှေနဲ့သွားပြီ။ ဟိုဘက်ကမ်းက စောင့်နေမှာပေါ့။ ဒါကို သိလို့ သူတို့ ခုန်ချသွားကြတာပါ။ တော်တော် ချစ်ကြတာပဲနော်။ သနား လိုက်တာ"

ထိုဝေဖန်သံတွေကို လမ်းနဲ့နေကြာကတော့ မကြားနိုင်တော့ ပါပြီ၊ တကယ်ချစ်လာပြီဆိုတော့ တကယ်စွန့်စားရဲကြတာ အချစ်ရဲ့ စွမ်းအားလား။ ဒီချောင်းကြီးက အခုတော့လည်း ချစ်သူနှစ်ယောက် ဖန်ဆင်းသည့်ကမ္ဘာအဖြစ်နဲ့ . . .

လူတွေနှုတ်ဖျားမှာ သူတို့နှစ်ဦးရဲ့ အချစ်ဇာတ်လမ်းလေးက ပါးစပ်ရာဇဝင်လေးအဖြစ် ထင်ကျန်ရစ်တော့မှာပါလေ။

ဪ . . . ဒါအချစ်တဲ့လားနော်။

တကယ်ချစ်တတ်သူတွေကြားမှာ အတားအဆီး အနှောင့် အယှက်တွေရှိလာပြီဆိုရင် ဒီလိုတွေဖြစ်သွားတတ်ကြတယ်ဆိုတာ။

**ဆန္ဒနဲ့ဘဝ တစ်ထပ်တည်းကျနိုင်ကြပါစေ**

**အလင်းသစ်**



၂၀၁၅
ဇူလိုင်တွင် ဖတ်နိုင်ပါပြီ

မမသဒ္ဒါမောင်
အိပ်မက်တွေ ပြန်မက်ခွင့်ပေးလှည့်ပါ

ကြယ်စင်မှူးဝေ
ပန်းကလေး၏ ကောင်းကင်

မိုးစက်ပွင့်
အာယာတကြီး

အလင်းသစ်
လမ်း

ခေတ်ပါဖြူ
စိုလ်မ

လှိုင်းကြာဖြူ (လားရှိုး)
ညှို့မှိန်သောသစ္စာကြောင့်

BURMESE CLASSIC
www.burmeseclassic.com